# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ်(၀၉၅)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် (ဒုတိယနေ့) စည်ကားသိုက်မြိုက်စွာကျင်းပ၊ တရားနာပရိသတ် နှစ်သိန်းခန့် နာယူကြည်ညို




**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်(ဒုတိယနေ့) အခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ယနေ့ည ၇ နာရီခွဲက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံမှ တရားနာပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ က "ရင်ထဲမှ အမုန်းတရားဖယ်ရှားခြင်း" အမည်ရှိ တရားတော်အား ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## အပူပိုင်းမုန်တိုင်း ပါဘက် ဟိုချီမင်းမြို့၏ တောင်-အရှေ့တောင်ဘက် ပင်လယ်ပြင်ကို ဗဟိုပြုနေ




**နေပြည်တော် ဇန်နဝါရီ ၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ထူးခြားသည့်အခြေအနေမှာ ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း ပါဘက်သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ တောင်-အရှေ့တောင်ဘက် ၂၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်ဘက်သို့ ဖြည်းညင်းစွာ

*စာမျက်နှာ ၄ ကော်လံ ၄* ✻

## အပူပိုင်းမုန်တိုင်း ပါဘက် ဖြတ်သန်းမည့်ရက်ပိုင်းအတွင်း ကော့သောင်းခရိုင်ရှိ ပင်လယ်ကျွန်းအပန်းဖြေခရီးစဉ်များ ရပ်နား

**ကော့သောင်း ဇန်နဝါရီ ၂**

တောင်တရုတ်ပင်လယ်၊ ဗီယက်နမ်ကမ်းလွန်ပင်လယ်ပြင်၌ ဖြစ်ပေါ်လျက်ရှိသော အပူပိုင်းမုန်တိုင်း ပါဘက် သည် အနောက်၊ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျား ကာ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့် မြိတ်မြို့များအနီးမှ ဖြတ်ကျော်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာမိုးလေဝသတင်းထုတ်ပြန်ချက်များအရ ကော့သောင်းခရိုင်အတွင်း ပင်လယ်ကျွန်းများသို့ အပန်းဖြေခရီးထွက်ခွာမည့် ခရီးစဉ်များ ဇန်နဝါရီ ၃ ရက်မှ စတင်ရပ်နားထားကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါမုန်တိုင်းသည် တောင်တရုတ်ပင်လယ်၊ ဗီယက်နမ်ကမ်းလွန်ပင်လယ်ပြင်၌ ဖြစ်ပေါ်လျက်ရှိပြီး အနောက်၊ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိကြောင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားစဉ် မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့် မြိတ်မြို့များအနီးမှ ဖြတ်ကျော်ကာ ကပ္ပလီပင်လယ်အတွင်းသို့ ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ကိုကိုးကျွန်းအနီးမှ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်း၌

*စာမျက်နှာ ၄ ကော်လံ ၁* ❖




မြန်မာ့အလင်း

# ပြည်သူလူထု၏ အင်အားဖြင့်သာလျှင်

ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီ ခိုင်မာရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေး၊ ပြည်သူ့စီးပွားရေးနှင့် လူမှုအဆင့်အတန်း မြင့်မားရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စသည့် အခြေခံရည်မှန်းချက်များကို ဦးတည်ကာ ကြိုးစားတည်ဆောက်နေရပါသည်။

မြန်မာနိုင်ငံမှာ ပြည်သူ့ဘဏ္ဍာအလွဲသုံးမှုများ၊ အလွဲစီမံခန့်ခွဲမှုများ၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီးတို့၏ အဂတိလိုက်စားမှုများ၊ ဗျူရိုကရေစီယန္တရားအဆင့်ဆင့်ရှိ ခြစားမှုများ၊ နိုင်ငံရေးပြဿနာကို စေ့စပ်ဆွေးနွေးနည်းထက် ဖိနှိပ်ရေးနည်းဖြင့်သာ ဖြေရှင်းရန် အလေးပေးမှုများ စသည့် စနစ်ဆိုးများကြားတွင် နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ရသည့် အားလျော်စွာ ယနေ့ကာလကဲ့သို့သော ပြည်သူလူထု ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်စစ်စစ်အများစုဖြင့် မဏ္ဍိုင်ကြီးများကို ကိုင်တွယ်ဆုံးဖြတ်ခွင့်ရနေဆဲအချိန်ထိ အကျပ်အတည်းများထဲက လွတ်လွတ်ကျွတ်ကျွတ် ရုန်းမထွက်နိုင်သေးသည်ကို သတိပြုမိပါသည်။

အုပ်ချုပ်ရေးယန္တရားထဲက ခေါက်ရိုးကျိုးနေသည့် လုပ်ထုံးလုပ်နည်းများ၊ အရိုးစွဲလာခဲ့သော အယူအဆနှင့် အလေ့အထများကို ပြောင်းလဲနိုင်ရေး၊ ယိမ်းယိုင်နေသော တရားစီရင်ရေးကို တည့်မတ်နိုင်ရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး ချိုးဖောက်မှုများကို ပိုမိုကာကွယ်နိုင်ရေး၊ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုများကို တားဆီးနိုင်ရေး၊ မူးယစ်ဆေးဝါးပြဿနာနှင့် အဂတိလိုက်စားမှုများကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်ရေး အစရှိသည့် လုပ်ငန်းစဉ်များကလည်း အလွန်ပင်များပြားလှစွာရှိနေပါသည်။

နှစ်ပေါင်းများစွာ ယိုယွင်းလာခဲ့သော အဘက်ဘက်က နိမ့်ကျလာခဲ့သည့် အခြေအနေမှ တဖြည်းဖြည်းချင်း ရုန်းတက်ရန်ကြိုးပမ်းနေသော ပြည်သူ့ကိုယ်စားလှယ်များကို လူထုကလည်း အားပေးထောက်ခံနေဆဲဖြစ်ပါသည်။

ယခုလို မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယနှင့် နီးကပ်လာသည့်အချိန်တွင် လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး၏ အလယ်ပစ္စယံညီလာခံမိန့်ခွန်း တစ်စွန်းတစ်စကို သတိတရ ဖော်ပြချင်ပါသည်။

၁၉၄၆ ဇန်နဝါရီ ၁၇ နေ့တွင် စတင်ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးတွင် ဇန်နဝါရီ ၂၀ ရက်နေ့၌ ဖဆပလဥက္ကဋ္ဌ ဦးအောင်ဆန်းက- "... ကျွန်ုပ်ကို ဤကဲ့သို့ ယုံကြည်အားထားမှုကြောင့် ကျွန်ုပ် ကျေးဇူးတင်ပါ၏။ သို့သော်လည်း မကွယ်မထောင် ဖြောင့်မတ်စွာ ပြောရမည်ဆိုလျှင် ကျွန်ုပ်ရှေ့ဆောင်ပြုမှုကြောင့် မြန်မြန်ထက်ထက် လွတ်လပ်ရေးပန်းတိုင်ဘက်သို့ နီးကပ်လိမ့်မည်ဟူ၍ ကတိပေးခြင်းကို မပြုလိုပေ။ အဘယ်ကြောင့်ဆိုသော် တစ်ဦးတစ်ယောက်သည် မည်မျှလောက် စွမ်းပကားရှိစေကာမူ လူထု၏ အားပေးရိုင်းပင်းမှုမရှိဘဲလျက် ရာဇဝင်တွင်လောက်သော လုပ်ငန်းမျိုးကို ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်ပေ၏။ .... သတ္တိဗျတ္တိရှိသူများကိုသာ အားမကိုးမူ၍ လူတိုင်းလူတိုင်းပင် မိမိတို့ကိုယ်တိုင် သတ္တိဗျတ္တိရှိသော သူရဲကောင်းများဖြစ်အောင် စွန့်စားရပေလိမ့်မည်။ သို့မှသာလျှင် ကျွန်ုပ်တို့အားလုံး လွတ်လပ်ရေးအစစ်ကို ခံစားခွင့်ရကြပေလိမ့်မည်" ဟူ၏။

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း၏ မိန့်ခွန်းကား အလွန်ပင်ထိရောက်လှသော အမျိုးသားရေးလမ်းညွှန်ချက်ဟု ဆိုချင်ပါသည်။

ဝန်ခံကြစတမ်းဆိုလျှင် ယနေ့အချိန်အထိ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုအားလုံးသည် လွတ်လပ်ရေးအစစ်ကို ခံစားခွင့် မရကြသေးချေ။ ပြည်သူတို့မျှော်လင့်နေကြသော တိုးတက်ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မျိုးဆက်သစ်လူငယ်များ အပါအဝင် အမျိုးသားခေါင်းဆောင်ကြီး ရည်ညွှန်းသည့် သတ္တိဗျတ္တိရှိသော ပြည်သူလူထု၏ အင်အား၊ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်တို့ဖြင့်သာ အာဏာရှင်စနစ် လုံးဝကွယ်ပျောက်သော ငြိမ်းချမ်းခိုင်မာသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံဟူသော ပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

# တိုက်တွန်းနှိုးဆော်ချက်

မြန်မာနိုင်ငံသမိုင်းကြောင်း၏ နေ့ထူးနေ့မြတ်ဖြစ်သော (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်လေ့ရှိပါသည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အချုပ်အခြာအာဏာပိုင်စိုးမှုဖြစ်သော မြန်မာ့လွတ်လပ်ရေးကို နယ်ချဲ့တို့လက်မှ ပြန်လည်ရယူနိုင်ခဲ့သည့် မမေ့အပ်သော နေ့တစ်နေ့လည်းဖြစ်ပါသည်။ မိမိတို့တိုင်းရင်းသားလူမျိုးအားလုံး၏ အသက်သွေး၊ ချွေးဖြင့် ရင်းနှီးပေးဆပ်ရယူခဲ့ရသော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုသောအားဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မိမိတို့၏ ရုံး၊ ကျောင်း၊ ဌာနဆိုင်ရာအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ၊ ပုဂ္ဂလိကပိုင်နေအိမ်များ၌ မြန်မာနိုင်ငံတော်အလံအား လွှင့်ထူသွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## သတိပေးနှိုးဆော်ချက်

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## လွတ်လပ်ရေးနေ့ည ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်များ ရန်ကုန်မြို့တော်ခန်းမရှေ့၌ တင်ဆက်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်ကို အဆိုပါရက်ညပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အနုပညာရှင်များ၏ အပျိုတော်၊ ကိုကြီးကျော်(သဘင်)၊ မြင်းခင်းတော်(သဘင်)၊ မြန်မာ့ကြွေးကြော်သံ(ဂီတ)၊ ပြည်တော်ဝင်(ဂီတ)၊ နှစ်ပါးသွား(သဘင်)၊ ခေတ်(၅)ခေတ် ယိမ်းအက(သဘင်)၊ ဗိုလ်ရှုသဘင်(ဂီတ)၊ ဂီတဗိမာန်(ဂီတ)၊ ပန်းရည်ဘဏ်တိုက်(သဘင်)၊ ထာဝရမြန်မာ၊ သံစုံတီးဝိုင်းနှင့် အဆိုအက(ဂီတ+သဘင်)၊ အငြိမ့်ခန်းတို့အပြင် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် ခင်ညွှန့်ရီ၊ မောင်သိန်းဝင်း၊ တက္ကသိုလ်လဲ့လဲ့၊ ဟေမာနေဝင်းနှင့် ဖိုးသောကြာတို့ကလည်း ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာ ဘဝသစ်စာကြည့်တိုက်တွင် လွတ်လပ်ရေးနေ့အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ငဖဲ ဇန်နဝါရီ ၂**

မင်းဘူးခရိုင် ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာ ဘဝသစ်စာကြည့်တိုက်တွင် ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် ည ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသိန်းက ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် ဘဝသစ်စာကြည့်တိုက် နာယကဆရာတော် ဦးအစ္ဆရိယက စာကြည့်တိုက်၏ သမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားကာ ကျောင်းသားကျောင်းသူ ကလေးငယ်များက ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ အလွတ်တန်းအဆင့် အဆင့်(၃)ဆင့်ခွဲ၍ ၁၅ ဦးက ပြိုင်ပွဲဝင်ခဲ့ကြကာ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ပြီး နှစ်သိမ့်ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသည် စာကြည့်တိုက်ရှိ သုတ၊ ရသစာအုပ်များမှ မိမိငှားရမ်းဖတ်ရှုပြီးသည့် စာအုပ်အကြောင်းအရာ အနှစ်ချုပ်ကို ပြန်လည်ရှင်းလင်းပြောပြသည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြစ်သားမြို့တွင် ကလေးပြပွဲ ပြိုင်ပွဲကျင်းပ

**မြစ်သား ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကလေးပြပွဲ၊ ပြိုင်ပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် မွေးစမှ ၆ လ၊ ၆ လမှ ၁၂ လ၊ ၁၂ လမှ ၁၈ လနှင့် အမြွှာဆုများအပြင် လွတ်လပ်ရေးမောင်မယ်ဆုများကို ချီးမြှင့်ခဲ့ပြီး ကလေး၏ ကိုယ်အလေးချိန်၊ အရပ်၊ ဆေးစစ်ဆေးချက်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကာကွယ်ဆေးထိုးမှုနှင့် ကိုယ်အလေးချိန် ကတ်ပြားထားရှိမှုများအပေါ် မိခင်ကလေးကျန်းမာရေးဌာနမှ ဒေါက်တာနေခြည်သိန်းဝင်း ဦးဆောင်သည့် ကျန်းမာရေးအဖွဲ့က အမှတ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ကလေးပြပွဲ၊ ပြိုင်ပွဲသို့ မြို့ပေါ်နှင့် ကျေးရွာများမှ ကလေးငယ်များ လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့နှင့် နာဂနှစ်သစ်ကူးပွဲတော်ကိုဂုဏ်ပြု၍ စာရာမေတိတောင်ထိပ်သို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂**

ပညာရေးဝန်ကြီးဌာန အောက်မြန်မာနိုင်ငံ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းနာယက၊ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံ ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဆရာဦးမျိုးသန့် (မြန်မာစာအဖွဲ့) ဦးဆောင်၍ အဖွဲ့ဝင် ၂၅ ဦး ပါဝင်သော ဆောင်းရာသီ တောင်တက်အဖွဲ့သည် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင်ကျရောက်မည့် နာဂအမျိုးသားနှစ်သစ်ကူးပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် လေရှီးမြို့နယ် အိန္ဒိယ-မြန်မာနယ်နိမိတ်မျဉ်းပေါ်ရှိ စာရာမေတိ (နွယ်မောက်)တောင်ထိပ် ၁၂၅၃၃ ပေသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ဒီဇင်ဘာ ၁၄ ရက်က စတင်ထွက်ခွာခဲ့ကြသည်။



အဆိုပါအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် တောင်ထိပ်သို့ အောင်မြင်စွာရောက်ရှိပြီး နယ်နိမိတ်မှတ်တိုင် (၁၃၈) ၌ နိုင်ငံတော်အလံနှင့် တောင်တက်အဖွဲ့အလံတို့ကို လွှင့်ထူ၍ နိုင်ငံတော်သီချင်းကို ဂုဏ်ယူစွာသီဆို ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**



ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ

***ရှေ့ဖုံးမှ**

ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တရားနာပရိသတ် နှစ်သိန်းခန့်က ရိုသေစွာနာယူ ကြည်ညိုကြသည်။

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် အခမ်းအနား ဥက္ကဋ္ဌ ဦးတင်ထွဋ် က "ဒီနေ့မှာတော့ ပရိသတ် ပိုများလာတယ်။ တစ်ကွင်းလုံး အပြည့်အနေအထားပါပဲ။ ကျွန်တော်တို့ အနေနဲ့လည်း တရားနာပရိသတ်တွေ အဆင်ပြေချောမွေ့စွာ၊ သက်သောင့်သက်သာ တရားနာနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ ရွှေတိဂုံစေတီတော်ကြီးရဲ့အရိပ်အာဝါသအောက်မှာ တရားနာခွင့်ရတာဟာ အလွန်ပီတိဖြစ်စရာကောင်းပါတယ်။ ဒီတရားပွဲကြီးဟာ မြန်မာနိုင်ငံရဲ့ပုံရိပ်တစ်ခုလို့မြင်ပါတယ်"ဟု ပြောသည်။

**ဆပ်ကော်မတီ ၁၁ ခု ဖွဲ့စည်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နှစ်သစ်ကူး အလှူတော် ဓမ္မသဘင်အခမ်းအနားကို ၂၀၁၆ ခုနှစ်မှ စတင် ကျင်းပခဲ့ရာ ယခုသည် တတိယအကြိမ်မြောက် ကျင်းပခြင်း ဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် တရားနာပရိသတ်များ အဆင်ပြေစေရန်အတွက် ဖိတ်ကြားရေး၊ ကြိုတင်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး အစရှိသည့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းဆောင်ရွက်ထားကြောင်း သိရသည်။

ဒဂုံအရှေ့ပိုင်းမြို့နယ် (၁၂၀)ရပ်ကွက်မှ ဦးလှတင် က "စေတနာရှင်တွေရဲ့ယာဉ်ကူညီမှုနဲ့ ဓမ္မမိတ်ဆွေတွေ စုပေါင်းပြီး လာခဲ့တာပါ။ အကြို၊ အပို့ယာဉ်တွေလည်း စီစဉ်ပေးထားတယ်လို့ သိရတယ်။ ဆေးဝါးစောင့်ရှောက်မှုတွေလည်းရှိတော့ အေးအေးဆေးဆေး တရားနာလို့ရတာပေါ့။ တရားနာပရိသတ်တွေအနေနဲ့ ဒီတရားပွဲကြီးကနေ လိမ္မာယဉ်ကျေးမှုတွေ ပိုရလာမယ်။ ဒေါသ၊ မောဟတွေ လျော့နည်းသွားမယ်။ ဓမ္မအသိတွေလည်းပွင့်သွားမယ်။ တိုင်းပြည်အတွက် အများကြီး အကျိုးရှိတဲ့ ပွဲပါ"ဟု ပြောသည်။

ကြည့်မြင်တိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးလှမြင့် က မိမိတို့အနေဖြင့် ကျန်းမာရေးကူညီစောင့်ရှောက်မှုများအပြင် ပရိသတ်များ အဆင်ပြေချောမွေ့မှုနှင့် စည်းကမ်းတကျရှိစေရန် ကူညီဆောင်ရွက်ပေးနေကြောင်း၊ ပရိသတ်များပြားမှုကြောင့် တိုးဝှေ့သွားရသဖြင့် အသက်အရွယ်ကြီးရင့်သည့် တရားနာပရိသတ်များအနေဖြင့် မူးဝေမှုများသာရှိကြောင်း ပြောသည်။

ပန်းဘဲတန်းမြို့နယ်မှ ဒေါ်နီနီစိန် က "အရင်နှစ်တွေတုန်းကလည်း သုံးရက်လုံး လာရောက်တရားနာခဲ့တယ်။ ဒီနေရာမှာ အခုလို တရားနာခွင့်ရတာဟာ ကုသိုလ်လည်းရတယ်။ စိတ်ကြည်နူးမှုလည်း ခံစားရပါတယ်။ ဆရာတော်တွေရဲ့မေတ္တာတရားတွေကြောင့် မြန်မာနိုင်ငံကြီး အေးချမ်းသွားလိမ့်မယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

တရားနာပရိသတ်များ သွားလာမှု အဆင်ပြေလွယ်ကူစေရန်အတွက် ခရိုင်လေးခုရှိ မြို့နယ်များအလိုက် အခမဲ့ အကြို၊ အပို့ယာဉ်များကို စီစဉ်ပေးထားကြောင်း၊ စေတနာရှင်များကလည်း အခမဲ့အငှားယာဉ်များနှင့်အတူ မီနီဘတ်စ်များဖြင့်လည်း ကူညီဆောင်ရွက်ပေးနေကြောင်း သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ကြွယ်က ဆိုသည်။

ထိုသို့ဆောင်ရွက်ပေးမှုအနေဖြင့် အနောက်ပိုင်းခရိုင်တွင် ပါဝင်သည့် မြို့နယ်များအတွက် တရားဓမ္မသဘင် ကျင်းပရာ အနီးရှိ အလုံလမ်းပေါ်ရှိ စုရပ်တွင် လည်းကောင်း၊ အရှေ့ပိုင်းခရိုင်တွင် ပါဝင်သော မြို့နယ်များအတွက် ရှင်စောပုလမ်း မီးပွိုင့်အနီးရှိ စုရပ်တွင် လည်းကောင်း၊ တောင်ပိုင်းခရိုင်တွင် ပါဝင်သော မြို့နယ်များအတွက် Summit Parkview Hotel အနီးရှိ စုရပ်တွင် လည်းကောင်း၊ မြောက်ပိုင်းခရိုင်တွင် ပါဝင်သည့် မြို့နယ်များအတွက် ပြည်လမ်း မိန်းဝင်ပေါက် စုရပ်တွင် လည်းကောင်း စီစဉ်ပေးထားကြောင်း သိရသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြ**

DSH သင်္ဘောကုမ္ပဏီမှ ကိုသူရဇော်က "သူငယ်ချင်းတွေနဲ့အတူ စေတနာ့ဝန်ထမ်းအနေနဲ့ ဒီတရားပွဲကြီးမှာ ကူညီဆောင်ရွက်ပေးတာပါ။ အလှူရှင်တွေ လှူဒါန်းထားတဲ့ စတုဒိသာတွေကို တရားနာပရိသတ်တွေကို ပြန်လည်ဝေမျှပေးတာပါ။ အားလုံး စနစ်တကျနဲ့ အဆင်ပြေချောမွေ့သွားအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါတယ်။ ဒီတရားပွဲကြီးကနေ ပြည်သူတွေအားလုံး တရားအသိတွေသိမြင်ပြီး ကုသိုလ်ထူးတွေ ရလိမ့်မယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

**စတုဒိသာများဖြင့် ညှော့ခံ**

ယနေ့ နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူများနှင့် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများလည်း လာရောက်တရားနာယူကြပြီး တရားနာပရိသတ်များအား အလှူရှင်များအနေဖြင့် စတုဒိသာအလှူများဖြင့် ကျွေးမွေးညှော့ခံလျက်ရှိသည်။

တရားလာရောက်နာယူသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့နယ်အလိုက် လာရောက်တရားနာယူကြသူများနှင့်အတူ အကြို၊ အပို့ ယာဉ်များပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့် အပြင် တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့်လည်း ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် တရားနာယူနိုင်ရန်အတွက် လုံခြုံရေးစီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

**ဟောကြားချီးမြှင့်သွားမည်**

နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်အထိ ည ၇ နာရီခွဲမှစ၍ သုံးရက် တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ က "ဘာကိုပေးလှူရမလဲ" အမည်ရှိ တရားတော်အား ဟောကြားခဲ့ပြီး တတိယနေ့ (ဇန်နဝါရီ ၃ ရက်) တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဒေါက်တာဘဒ္ဒန္တဉာဏိဿရက တရားတော်များကို ဟောကြားချီးမြှင့်သွားမည် ဖြစ်သည်။

**ရဲခေါင်၊ ဇော်ကြီး၊ ခတ်ပုံ-ရဲထွဋ်**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အဖွဲ့ ထိုင်းနိုင်ငံမှရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကျင်းပခဲ့သည့် နှစ်သစ်ကူး အကြိုည တရားဒေသနာတော်များ ရွတ်ဖတ်ဆုတောင်းပွဲနှင့် ဝိပဿနာရှုမှတ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

**လာရောက်ကြိုဆို**

အဆိုပါအဖွဲ့အား သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ကြိုဆိုကြသည်။ (ဝဲပုံ)

**သတင်းစဉ်**

# လက်ကောင်းအထက(ခွဲ) အဆင့်တိုးမြှင့်၊ ကျောင်းဆောင်သစ်များ ပညာရေးဌာနသို့ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ လက်ကောင်းအခြေခံပညာအလယ်တန်းကျောင်းကို အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်များ ပညာရေးဌာနသို့ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အခြေခံပညာကျောင်းများသည် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာများကို သင်ပေးရာ နေရာဖြစ်သည့်အတွက် တိုင်းပြည်အတွက် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုချစ်စိတ်၊ တိုင်းရင်းသားလူမျိုးများကို ချစ်ခင်တတ်သောစိတ်ဓာတ်များအပြင် ဒီမိုကရေစီစိတ်ဓာတ်များ ရှင်သန်အောင် မွေးမြူပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရွှေမြိုင်ကျောင်းဆောင်၊ ပညာသိင်္ဂီ၊ ကျောင်းဆောင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးပညာရေး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းဆောင်များနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခြင်း၊ ကျောင်းအဆင့်တိုးအထိမ်းအမှတ်အလံများ ပေးအပ်ခြင်း၊ အလှူရှင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပီတိစကားပြောကြားခြင်း၊ ကျောင်းသားကျောင်းသူများက ပညာရေးသီချင်းဖြင့် ဖျော်ဖြေခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်ကြသည်။

လက်ကောင်းအထက(ခွဲ)သည် (၂၀၁၈-၂၀၁၉)ပညာသင်နှစ်အတွင်း ပုသိမ်ကြီးမြို့နယ်၌ ငါးကျောင်းမြောက် အဆင့်တိုးမြှင့်ပေးသည့် ကျောင်းဖြစ်သည်။

"ကျောင်းအဆင့်တိုးမြှင့်ပေးတဲ့အတွက် ကျွန်တော်တို့သားသမီးတွေ သုံးမိုင်ကျော်ဝေးတဲ့နေရာက ကျောင်းကြီးကို သွားစရာမလိုတော့ဘဲ ဒီမှာတင်အေးအေးချမ်းချမ်း ပညာသင်ကြားနိုင်ပါပြီ။ ဒီလိုအထက(ခွဲ)ဖြစ်လာတဲ့အခါမှာ ကျောင်းဆောင်တွေကလည်း လိုအပ်လာပြန်ပါတယ်။ ဒါကြောင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းက မိဘဆရာအသင်းနဲ့ ကျောင်းကော်မတီတို့ ပူးပေါင်းပြီး အနီးအနားရွာတွေက အလှူရှင်တွေရဲ့လှူဒါန်းမှုနဲ့ ကျောင်းဆောင်တွေ ဆောက်လုပ်ခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရနဲ့ အလှူရှင်တွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်"ဟု ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။

အဆိုပါကျောင်းကို ၁၉၅၅ ခုနှစ်တွင် မူလတန်းကျောင်း (ပြည်တော်သာကျောင်း) အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်း၊ ၂၀၀၃ ခုနှစ်တွင် အခြေခံပညာတွဲဖက် အလယ်တန်းကျောင်း၊ ၂၀၀၆ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ၂၀၁၆ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း၊ ၂၀၁၈ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တနင်္သာရီတိုင်းဒေသကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်စေရေးအတွက် ဖြည့်ဆည်း



**ထားဝယ် ဇန်နဝါရီ ၂**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံကျန်းမာရေး ဝန်ထမ်း ၇၂၉ ဦးနှင့် မြို့နယ်ဆရာဝန်နှင့် တိုက်နယ်ဆရာဝန် ၃၈ ဦးသို့ Mobile Tablet များ ဖြန့်ဝေခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**အချိန်တိုအတွင်း ပေးပို့နိုင်မည်**

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တနင်္သာရီတိုင်းဒေသကြီးသည် ပထဝီအနေအထားအရ သွားလာရခက်ခဲသည့် နေရာဒေသများရှိသည့်အတွက် ဒေသဆိုင်ရာ စာရင်းဇယားနှင့် သတင်းအချက်အလက်များကို တစ်နေရာမှ အခြားတစ်နေရာသို့ ပေးပို့ရာတွင် မပြည့်စုံခြင်း၊ အချိန်ကြန့်ကြာခြင်းနှင့် ပျောက်ရှခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ယခုဖြန့်ဝေပေးသည့် Mobile Tablet များကို အသုံးချ၍ စာရင်းဇယားနှင့် သတင်းအချက်အလက်များ အချိန်တိုအတွင်း ပေးပို့နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**Mobile Tablet များ အသုံးချ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနသည် တနင်္သာရီတိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတွင် Mobile Tablet ပေါင်း ၉၄၀၀ ကျော်ခန့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်ကာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ Mobile Tablet များကို ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေခံကျန်းမာရေးဝန်ထမ်းများထံသို့ ဖြန့်ဝေခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာ စာရင်းဇယားနှင့် သတင်းအချက်အလက်များကို လွယ်လင့်တကူပေးပို့နိုင်မည်ဖြစ်ရုံသာမက ကျန်းမာရေးဆိုင်ရာ စစ်တမ်းများကိုပါ ကောက်ယူနိုင်မည်ဖြစ်ပါကြောင်း၊ ရရှိသော သတင်းအချက်အလက်ကို အခြေခံ၍ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို မှန်ကန်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု အီလက်ထရွန်နစ်ကျန်းမာရေးသတင်းစနစ် (DHIS -2) ကို လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ Mobile Tablet များ အသုံးပြု၍ ကျေးလက်ကျန်းမာရေးဌာနခွဲများ အဆင့်အထိ တိုးချဲ့အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ ဆေးလက်ကျန်စာရင်းများကိုသာမက ဆေးများ၏ သက်တမ်းကုန်မည့်နေ့ကိုပါ ပြုစုသိရှိနိုင်မည်ဖြစ်သဖြင့် ဘဏ္ဍာငွေ အလေအလွင့် နည်းပါးစွာဖြင့် အကျိုးရှိထိရောက်စွာ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးနှင့် ဆေးပညာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း Mobile Tablet များကို အသုံးချဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့နယ်၊ တိုက်နယ် ဆရာဝန်များနှင့် ဆေးတက္ကသိုလ်များရှိ ဆေးပညာရပ်အသီးသီးမှ ပါမောက္ခကြီးများသည် မိခင်နှင့် သန္ဓေသားတို့ ချက်ကြိုးနှင့် ချိတ်ဆက်ထားသည့်သဖွယ် ချိတ်ဆက်နိုင်ကာ စဉ်ဆက်မပြတ် ဆေးပညာများ သင်ကြားနိုင်မည် ဖြစ်ပါကြောင်း။

ဖြစ်ပွားမှု များပြားလျက်ရှိသည့် ဆီးချို သွေးချိုရောဂါ၊ သွေးတိုးရောဂါများ ကာကွယ်ကုသမှုဆိုင်ရာ ကျန်းမာရေးအသိပညာမြင့်မားစေရေးအတွက် Mobile Tablet များကို အသုံးချကာ ကျန်းမာရေးစကားဝိုင်းငယ်များ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်း၍ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရေး ဆောင်ရွက်ရာတွင် စံနမူနာပြု တိုင်းဒေသကြီးဖြစ်လာစေရေး ဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော တာဝန်ရှိသူများက လက်ထောက် ကျန်းမာရေးမှူးများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများ၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၁)နှင့် (၂) များ စုစုပေါင်း အခြေခံကျန်းမာရေးဝန်ထမ်း ၇၂၉ ဦးနှင့် မြို့နယ်ဆရာဝန်များနှင့် တိုက်နယ် ဆရာဝန်များ စုစုပေါင်း ၃၈ ဦးတို့၏ ကိုယ်စားလှယ် အခြေခံကျန်းမာရေးဝန်ထမ်းနှင့် တိုက်နယ်၊ မြို့နယ် ဆရာဝန်များထံသို့ Mobile Tablet များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်ကMobile Tablet များတွင် ပါဝင်သော စာအုပ်စာတမ်းများနှင့် အသုံးချဆော့ဖ်ဝဲလ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ထားဝယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြင်ပလူနာဌာန၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာန၊ ခါတ်မှန်ဌာန၊ ခါတ်ခွဲဌာန၊ သွေးလှူဘဏ်၊ ဆေးကုသဆောင်၊ ကလေးကုသဆောင်နှင့် Thailand International Cooperation Agency (TICA) ၏ အကူအညီဖြင့် ဆောက်လုပ်လျက်ရှိသာ ငါးထပ်တိုးချဲ့ဆောင်တို့သို့ လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း၊ အစည်းအဝေးခန်းမတွင် ထားဝယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဓာတ်ခွဲဝန်ထမ်းများ၊ ဓာတ်မှန်ဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၊ ဝန်ကြီးဌာန၏ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနအားလုံးမှ တာဝန်ရှိသူများ၊ သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများ၊ သင်တန်းသူ သင်တန်းသားများနှင့် တွေ့ဆုံသည်။

**အရှိန်အဟုန်ဖြင့် ကြိုးပမ်း**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၈ ခုနှစ်ကို ဝန်ထမ်းအိမ်ရာနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်အထိ ကောက်ယူရရှိသော စာရင်းများအရ ဝန်ထမ်းအိမ်ရာ အိမ်ခန်းပေါင်း ၆၁၀၀ ကျော် တည်ဆောက်ပြီးစီးခဲ့ပြီး အိမ်ခန်းပေါင်း ၇၁၀၀ ကျော် ဆက်လက်တည်ဆောက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အားကစားလှုပ်ရှားမှုဖြင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေး၊ ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ တိုင်းရင်းဆေးပညာ စသည်ဖြင့် ကျန်းမာရေးစနစ်တစ်ခုလုံး ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်များကို သိရှိနိုင်ရန်အတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီး၏ အင်တာနက်စာမျက်နှာများ (website) နှင့် လူမှုကွန်ရက်စာမျက်နှာများကိုလည်း ပုံမှန်ကြည့်ရှုကြရန် တိုက်တွန်းလိုပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့၏ အရေးကိစ္စသဖွယ် (sense of ownership) အလေးထားကာ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး**

ဒီဇင်ဘာ ၃၀ ရက်က ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်နှင့် တွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ယခုထက် ပိုမိုကောင်းမွန်လွှမ်းခြုံနိုင်စေရန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း ဖြည့်ဆည်းပေးခဲ့သည်။

**သတင်းစဉ်**


# ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အဘိဓမ္မာရက်တိုသင်တန်းဆင်း

**စစ်တွေ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော အဘိဓမ္မာရက်တိုသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဆရာမ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦးက အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်က သင်တန်းဆရာမများကို လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူစိန်က သင်တန်းဖွင့်လှစ်သင်ကြားမှု အပေါ် ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆရာမက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ ဆက်လက်၍ ငွေလှရတနာ အဘိဓမ္မာသင်တန်း (ရန်ကုန်)သို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ သင်တန်းဆရာမ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦးက လက်ခံရယူသည်။**တင်ထွန်း(မြန်/ဆက်)**



# ခါတ်အားခွဲရုံတည်ဆောက်ခြင်းအတွက် မြေယာလျော်ကြေးပေးအပ်

**ဝက်လက် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့တွင် ၆၆/၃၃/၁၁ ကေဗွီ ၃၀ အမ်ဗွီအေ ခါတ်အားခွဲရုံတည်ဆောက်ခြင်းအတွက် မြေပိုင်ရှင်အား မြေယာလျော်ကြေးပေးအပ်ပွဲကို မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းနှင့် ဒုတိယတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးခန့်ထက်တို့က ဝက်လက်မြို့နယ် ရွှေပန်းကုံး ကျေးရွာအုပ်စု ဘိုတဲကုန်းကျေးရွာအနီး ၆၆/၃၃/၁၁ ကေဗွီ ၃၀ အမ်ဗွီအေ ခါတ်အားခွဲရုံတည်ဆောက်ခြင်းအတွက် မြေပိုင်ရှင် ဒေါ်ကျော်အား ခါတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာအတွက် မြေယာလျော်ကြေး ငွေကျပ်သိန်း ၆၀၀ ကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် မြေပိုင်ရှင်များ တတ်ရောက်ခဲ့ကြကြောင်း သိရသည်။

**အိမွန်ထွန်း(မြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

ဖြတ်ကျော်ကာ ဘင်္ဂလားပင်လယ်အော်သို့ ဆက်လက်ဝင်ရောက်နိုင်ကြောင်း ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ဇန်နဝါရီ ၃ ရက် ညနေပိုင်းမှစ၍ ထိုင်းပင်လယ်ကွေ့အတွင်း မုန်တိုင်းဖြတ်သန်းမည့် လမ်းကြောင်းအနီးတွင်ရှိကြသည့် မလေးရှားနိုင်ငံမြောက်ပိုင်း Kota-Baru၊ ထိုင်းနိုင်ငံတောင်ပိုင်း ရှိ Hat-Yai နှင့် Surat-Thani မြို့များ အပြင် မြန်မာနိုင်ငံ တောင်ပိုင်းစွန်း ကော့သောင်းမြို့သို့လည်း မုန်တိုင်းဖြတ်သွားမည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေကြောင်း၊ မုန်တိုင်းသည် ကော့သောင်းမြို့ကို ဖြတ်သန်းစဉ် ဇန်နဝါရီ ၄ ရက် သောကြာနေ့ ညနေပိုင်းကစ၍ ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းအထိ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်းများ ဖြစ်လာနိုင်ခြေရှိကြောင်း မိုးလေဝသသတင်းထုတ်ပြန်ချက်များအရ မြို့နေပြည်သူများ သတိပြုနေထိုင်ကြရေးနှင့် ကော့သောင်းခရိုင်အတွင်း ပင်လယ်ကျွန်းများရှိ ဟိုတယ်ရီဆော့များသို့ အပန်းဖြေအလည်အပတ်ခရီး ပို့ဆောင်ပေးနေသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ အဆိုပါရက်ပိုင်းအတွင်း လုပ်ငန်းများ ရပ်နားထားကြရေး၊ ပင်လယ်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ ပင်လယ်ပြင်သို့ မထွက်ခွာကြရေး ဒေသတာဝန်ရှိ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

✻ *ရှေ့ဖုံးမှ*

ရွှေ့လျားလျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသ ကြီးအထက်ပိုင်း၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်၊ ရခိုင်၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် တိမ် အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးရွာ နိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**




**“လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထား ရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုး အနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် စကားတို့ကို အရေးထား ရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏”**

*[ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက် ]*

# ငါးသုတေသနဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် YS Golden Butterfly Co.,Ltd မှ ဥက္ကဋ္ဌ ဦးရောဆတ်နှင့် မိတ်ဖက်ကုမ္ပဏီဖြစ်သော တရုတ်နိုင်ငံ Dalian The Mountain and The Sea Fishery Co.,Ltd မှတာဝန်ရှိသူများအား ယနေ့ညနေပိုင်းက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။** (အောက်ပုံ)

တွေ့ဆုံစဉ် ပြည်တွင်းငါးမွေးမြူရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ခိုင်မာသော ငါးဈေးကွက် ဖော်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငါးသုတေသနဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ခေတ်မီတိရစ္ဆာန်ထွက်ကုန် ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ခေတ်မီမွေးမြူရေးခြံအသုံးအဆောင် ပစ္စည်းထုတ်လုပ်ရောင်းချနိုင်ရေး အလားအလာများ၊ အရည်အသွေးကောင်းမွန် ပြည့်ဝသော ငါး၊ ပုစွန် ထုတ်လုပ်ခြင်း၊ ငါး၊ ပုစွန် သားပေါက်များထုတ်လုပ်ခြင်း လုပ်ငန်းဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁/၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)**
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတင်မြင့် ကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရဝမ်တိုင်းရင်းသားများ၏ “ဂီလာ” ရုပ်ရှင်ဇာတ်ကားအား ကြည့်ရှုလေ့လာဆွေးနွေးကြမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ရဝမ်တိုင်းရင်းသားများ ရိုက်ကူးသော “ဂီလာ”ရုပ်ရှင်ဇာတ်ကားအကြောင်း လာမည့် ဇန်နဝါရီ ၅ ရက်တွင် မွန်းလွဲ ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား အမှတ်(၅၀)ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (ရုပ်ရှင်ပြခန်းမ)၌ ကြည့်ရှုဆွေးနွေးကြမည် ဖြစ်သည်။

အဆိုပါဇာတ်ကားကို “တိုင်းရင်းသားလူမျိုးစုများနှင့် မြန်မာ့ရုပ်ရှင်” ခေါင်းစဉ်အောက်တွင် ဦးစွာပြသပြီး ဇာတ်ကားဖန်တီးသူ ရဝမ်တိုင်းရင်းသား ဖြစ်သည့် ဒီထဲဒီနှင့် ဇာတ်ညွှန်းဆရာ L မင်းပြည့်မွန်တို့က ဦးဆောင်ဆွေးနွေး ကြမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးလာစေရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ “ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ”က ရုပ်ရှင်ဇာတ်ကား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့တက္ကသိုလ်များ၏ သုတေသနညီလာခံကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂**

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည့် အသုံးချသုတေသန ဆောင်ရွက်မှုများကို အရည်အသွေးရှိစွာ ဆန်းသစ်လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပါမောက္ခချုပ်များကော်မတီတို့သည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းလျက် မြန်မာ့တက္ကသိုလ်များ၏ သုတေသနညီလာခံကို ၂၀၁၉ ခုနှစ် မေလစတုတ္ထပတ်အတွင်း ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါညီလာခံတွင် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ၊ အင်ဂျင်နီယာနှင့် နည်းပညာရပ်များ၊ ကွန်ပျူတာပညာရပ်များ၊ စီးပွားရေးပညာရပ်များ၊ ဆေးနှင့် နီးနွယ်ပညာရပ်များ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် အနုပညာရပ်များ၊ သစ်တော၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များ၊ ဆရာအတတ်ပညာ စသည့်ပညာရပ်ဆိုင်ရာ အသုံးချသုတေသနစာတမ်းများ ဖတ်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များသို့ အသိပေး အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်များမှ စာတမ်းဖတ်ကြားမည့်သူများသည် စာတမ်းအနှစ်ချုပ်ကို ညီလာခံ၏ သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်မတီသို့ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက http:// www. nepc.edu. mm/ murc 2019 တွင် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန်းရွှေစက်တော်ရာဘုရားဖူးပြည်သူများ ဆင်စီး၍ သဘာဝရှုခင်းများ လည်ပတ်ကြည့်ရှုလေ့လာနိုင်မည်

**မင်းဘူး ဇန်နဝါရီ ၂**

မြန်မာနိုင်ငံတွင် အရှည်ကြာဆုံး ပွဲတော်များတွင် တစ်ပွဲအပါအဝင် ဖြစ်သည့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ် မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကာလ ဘုရားဖူးလာပြည်သူများ ဆင်စီး၍ သဘာဝရှုခင်းများ လည်ပတ်ကြည့်ရှုနိုင်စေရန် ဘုရားပွဲတော်ကာလအမီ ဆင်စခန်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ ဆင်စခန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ၂၀၁၉ ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာ စတင်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ယခု လက်ရှိ ဆင်အကောင်ရေရှစ်ကောင် ရောက်ရှိနေပြီး နောက်ထပ် ဆင်အကောင်ရေ ခုနစ်ကောင်နှင့် စုစုပေါင်း ၁၅ ကောင်နဲ့ ဆောင်ရွက်သွားမှာပါ။ ဆင်စီးချိန်ကို တော့ နံနက် ၈ နာရီကနေ နေ့လယ် ၁၁ နာရီထိ သတ်မှတ်ထားပါတယ်။ ဆင်စီးခ အနေနဲ့ တစ်ဦးကို ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပါတယ်” ဟု ဆင်စခန်း တာဝန်ခံ ဦးလှသန်းက ပြောသည်။

အဆိုပါ ဆင်စခန်းဖွင့်လှစ်ရန် ဧက ၆၀ ကြိုးဝိုင်းပြင်ဆင်ကာကွယ်တော ဧက ၅၀ စုစုပေါင်း ဧက၁၁၀ နှင့် ဆင်စားကျက်မြေ ဧက၇၀၀ တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆင်စခန်းသည် မန်းရွှေစက်တော်ရာ ဘုရားပွဲတော်သို့သွားသည့် ၈ မိုင်ကားလမ်းဘေး၊ မန်းရွှေစက်တော်ရာ ဘုရားနှင့် ၃ မိုင်ခန့်အကွာတွင် တည်ရှိကြောင်းနှင့် ဘုရားဖူးပြည်သူများ လွယ်လင့်တကူ သွားရောက်နိုင်မည့်နေရာတစ်ခု ဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**



# DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေးစက်ရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

**ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဈေးနှုန်းသက်သာစွာအသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့သည့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်ကားလမ်းမကြီးအနီးရှိ အဆိုပါစက်ရုံရှေ့၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေတို့က DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေးစက်ရုံအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က DENTOMEC သွားတိုက်ဆေးစက်ရုံအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားသည်။

**လက်ဆောင်ပေးအပ်**

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေက စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တို့အား စက်ရုံဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းအား ပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံတည်ဆောက်မှုတွင် ပါဝင်ခဲ့သည့် နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

**ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးသွားမည်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စက်ရုံအတွင်း သွားတိုက်တံနှင့် သွားတိုက်ဆေးများ ထုတ်လုပ်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေးစက်ရုံတွင် ဂျာမနီနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့မှ နည်းပညာများဖြင့် နိုင်ငံတကာအဆင့်မီ စက်သစ်ကြီးများ အသုံးပြုကာ ပြည်ပသွင်းကုန် အစားထိုး (Import Substitution) ထုတ်ကုန်အဖြစ် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဈေးနှုန်းသက်သာသည့် သွားတိုက်တံနှင့် သွားတိုက်ဆေးများကို ဈေးကွက်အတွင်းသို့ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေးစက်ရုံဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဆတ်ရိုးကျတံတား တည်ဆောက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး



**စစ်တွေ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇန်နဝါရီ ၂ ရက် ညနေပိုင်းတွင် စစ်တွေမြို့ ဆတ်ရိုးကျတံတားတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ထိုသို့ လှည့်လည်ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က တံတားအမြင့် ရေလမ်းကင်းလွတ်နိုင်မှု ရှိ မရှိ၊ ယခုအချိန်တွင် တံတားအတွင်း ဖြတ်သန်းသွားလာနိုင်မှုအခြေအနေ၊ တံတားပေါ်တွင် လူသွားလမ်းအကျယ်နှင့်ယာဉ်အန္တရာယ်ကင်းလွတ်နိုင်မှု၊ တံတားကြမ်းခင်းပေါ်တွင် နိုင်လွန်ကတ္တရာထပ်မံခင်းရန် စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ပြည်နယ်ဝန်ကြီးချုပ်က တံတားချဉ်းကပ်လမ်းတွင် လူသွားလမ်း တစ်ဖက်သုံးပေစီ ထပ်မံဆောင်ရွက်ပေးရန်နှင့် တံတားဖွင့်လှစ်ပြီးပါက ယာဉ်သွားယာဉ်လာများပြားလာမည်ဖြစ်သည့်အတွက် တံတားအနီးလမ်းဆုံ၌ ဓာတ်မီးတိုင်များတွင် အချက်ပြမီးများ တပ်ဆင်နိုင်ရေး မှာကြားသည်။

အဆိုပါ ဆတ်ရိုးကျတံတားသည် စစ်တွေမြို့ လမ်းမတော်ရပ်ကွက်နှင့် ဆတ်ရိုးကျကျေးရွာတို့ကို ဆက်သွယ်ထားသည့် ဆတ်ရိုးကျချောင်းကူးတံတားဖြစ်သည်။ တံတားအရှည် ၁၆၄၂ ပေဖြစ်ပြီး အပေါ်ထည်သံမဏိသံပေါင်၊ Plate Girder အောက်ထည်သံကူကွန်ကရစ်၊ အုတ်မြစ် သံကူကွန်ကရစ်ဘိုးပိုင်၊ တံတားအခန်းဖွင့် ပေ ၃၀ ၁၀ ခန်း၊ ပေ ၁၀၀ ၁၁ ခန်း၊ ပေ၂၄၀ တစ်ခန်း၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ခွင့်ပြုယာဉ်တန်ချိန် ၇၅ တန်ဖြစ်သည်။ ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၈၈၂၃ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တံတားတစ်စင်းလုံးပြီးစီးမှုမှာ ၉၆ ရာခိုင်နှုန်းဖြစ်ကာ ဖေဖော်ဝါရီ ၅ ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်နှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက် ရက်စွဲဖြင့် ကြေညာချက်အမှတ် (၁/၂၀၁၉) ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းများလုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသည့် ပြည်တွင်းနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများအား အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် "လုပ်ငန်းဆောင်ရွက်လိုမှုဆန္ဒပြုလွှာ (Expression of Interest)" နှင့် "အဆိုပြုလျှောက်လွှာ (Request for Proposal)" တို့ကို တင်သွင်းရန် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက "လုပ်ငန်းဆောင်ရွက်လိုမှုဆန္ဒပြုလွှာ" နှင့် "အဆိုပြုလျှောက်လွှာ" များနှင့် စပ်လျဉ်း၍ သိလိုသည်များကို ရှင်းလင်းဖြေကြားပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးလုံး စုပေါင်းလုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းအာမခံကုမ္ပဏီများအား အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်းများကို သီးခြားစီလုပ်ကိုင်ရန် ညွှန်ကြားထားပြီးဖြစ်ရာ နိုင်ငံခြားအာမခံကုမ္ပဏီများသည် ပြည်တွင်းအာမခံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး နိုင်ငံခြားအာမခံကုမ္ပဏီများအား မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက်အာမခံလုပ်ငန်းနှင့်စပ်လျဉ်း၍ ရွေးချယ်ခွင့် (၁)အနေဖြင့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများက ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီအဖြစ် ၃ ခု ထက်မပိုသော အသက်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်းနှင့် ရွေးချယ်ခွင့် (၂)အနေဖြင့် မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ပြီးဖြစ်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီ သို့မဟုတ် အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးလုံး လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်းအသက်အာမခံကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ အထွေထွေအာမခံလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ထားပြီးဖြစ်သော နိုင်ငံခြားအထွေထွေအာမခံကုမ္ပဏီ သို့မဟုတ် အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးလုံး လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်းအထွေထွေအာမခံကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၉ တွင် "ဝန်ကြီးဌာနသည် အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ကုမ္ပဏီအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်" ဟု ပြဋ္ဌာန်းပါရှိသည်။

နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းပုဂ္ဂလိက အာမခံကုမ္ပဏီ (၁၁)ခုသို့ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရင်းအနှီးများ ရရှိစေရေးကို အထောက်အကူပြုနိုင်ရန်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံကို ရေးဆွဲခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကြေညာချက်တွင်ပါရှိသည့် အချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက www.frd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၆)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား ပြည့်ဖြိုးအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား အောင်ဟိန်းထက်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား ဖြိုးဟန်ကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် တပ်မတော်အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၃)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ စုသက်ပိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ ဆုလဲ့နိုင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ရည်ဝေဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင်

**“ယခင်က ဆေးရုံ၊ ဆေးတပ်ဖွဲ့များတွင်သာ တာဝန်ထမ်းဆောင်ကြရသည့် သူနာပြုတပ်ဖွဲ့ဝင်များသည် ယခုအခါ စစ်မြေပြင် လက်တွေ့ဆေးအကာအကွယ်ပေးရေး လုပ်ငန်းတာဝန်များကိုပါ ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နေကြပြီဖြစ်၊ ထို့ပြင် တိုင်းရင်းသားပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးခြင်းလုပ်ငန်းဖြစ်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့များတွင်လည်း သူနာပြုတပ်ဖွဲ့ဝင်များသည် ကျရာအခန်းကဏ္ဍမှနေပြီး တက်ကြွကျွမ်းကျင်စွာ ပါဝင်ထမ်းဆောင်နေကြ”**

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် တပ်မတော်၏ မွန်မြတ်သော အစဉ်အလာ ၁၂ ရပ်ကို ဦးထိပ်ပန်ဆင်ပြီး “တပ်မတော်သားများနှင့် မိသားစုဝင်များအား နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ အဆင့်အတန်းမရွေး ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်” ဆိုသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ အင်အားစုတစ်ခုဖြစ်သည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည်လည်း တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူများအား ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ ရောဂါတားဆီးကာကွယ်ရေး၊ ရောဂါနှိမ်နင်းရေး၊ ကျန်းမာရေးမြှင့်တင်ရေး၊ ပြန်လည်သန်စွမ်းရေးနှင့် ဆေးဝါးထုတ်လုပ်ရေးစသည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးမည့် “ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်” များ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် သူနာပြုပါရဂူ ၁၃ ဦး၊ သူနာပြုမဟာသိပ္ပံတွဲ့ ၃၆၂ ဦး၊ ဆေးဝါးမဟာသိပ္ပံတွဲ့ ၃၉ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံတွဲ့ ၁၀၆ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ၁၈၈ ဦး၊ သူနာပြုသိပ္ပံတွဲ့ ၃၀၄၅ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံတွဲ့ ၂၀၄ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ ၅၇၃ ဦးနှင့် သူနာပြုသိပ္ပံတွဲ့(ပေါင်းကူး) ၉၈ ဦးတို့အား လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ လုပ်ငန်းတာဝန်နယ်ပယ်မှာ သူနာပြုနှင့် ဆေးဘက်ပညာသည်များ၏ စွမ်းဆောင်ရည်သည်လည်း ကျယ်ပြန့်လာပြီဖြစ်ကြောင်း၊ ယခင်ကဆေးရုံ၊ ဆေးတပ်ဖွဲ့များတွင်သာ တာဝန်ထမ်းဆောင်ကြရသည့် သူနာပြုတပ်ဖွဲ့ဝင်များသည် ယခုအခါ စစ်မြေပြင် လက်တွေ့ဆေးအကာအကွယ်ပေးရေး လုပ်ငန်းတာဝန်များကိုပါ ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းသား ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးခြင်းလုပ်ငန်းဖြစ်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့များတွင်လည်း သူနာပြုတပ်ဖွဲ့ဝင်များသည် ကျရာအခန်းကဏ္ဍမှနေပြီး တက်ကြွကျွမ်းကျင်စွာ ပါဝင်ထမ်းဆောင်နေကြကြောင်း။

တပ်မတော်သည် ပြည်သူထဲမှ ပေါက်ဖွားလာသည့် တိုင်းရင်းသား ပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရေးလုပ်သည့် နေရာတွင် ပြည်သူများ၏ နေ့စဉ်လူမှုဘဝ လုံခြုံရေးကိုပါ ဘက်ပေါင်းစုံမှ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်ရေးအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များဖြင့် တစ်နိုင်ငံလုံးအနှံ့ လူမျိုးဘာသာမခွဲခြားဘဲ စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိကြောင်း။

တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များက နိုင်ငံတစ်ဝန်း တိုင်းရင်းသား ဒေသများအပါအဝင် နယ်စပ်ဒေသ အစွန်အဖျားမကျန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ဆောင်နေခြင်းသည် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ထဲမှ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်ကို တာဝန်သိသိ၊ စေတနာရှိရှိ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်သား ဆေးတပ်ဖွဲ့ဝင်များက မိမိတို့တတ်မြောက်ထားသည့် ဆေးပညာရပ်များဖြင့် ပြည်သူများ၏ အသက်ခန္ဓာများကို အခမဲ့ဆေးဝါးကုသပေးပြီး ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သဖြင့် ပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရန်ဆိုသည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်တစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နေခြင်းဖြစ်ကြောင်း။

**များစွာအထောက်အကူပြု**

တပ်မတော်က ပြည်သူအပေါ်ထားရှိသည့် စေတနာမေတ္တာကြောင့် တပ်မတော်နှင့်ပြည်သူ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်သူများက တပ်မတော်အပေါ် ယုံကြည်အားကိုးမှု ပိုမိုတိုးပွားလာမည်ဖြစ်ကြောင်း၊ ထို့အပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့များက နိုင်ငံတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးခြင်းသည် ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိပြီး နိုင်ငံတော်၏ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျရာတာဝန်အသီးသီးတွင် တပ်မတော်နယ်လှည့်ဆေးကုသရေး လုပ်ငန်းများကို အားတက်သရော စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

**ဂုဏ်ပြုအမှာစကားပြော**

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ်၊ ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ် (၁၆)မှ ထူးချွန်ဆုရရှိခဲ့ကြသည့် သင်တန်းသားများနှင့် ၎င်းတို့၏မိဘများ၊ အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၃)မှ ထူးချွန်ဆုရရှိခဲ့ကြသည့် သင်တန်းသူများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၆)နှင့် အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းသူနာပြုများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသား ပြည့်ဖြိုးအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ စုသက်ပိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# တိုင်းရင်းသားပေါင်းစုံ နှစ်သစ်ကူးရိုးရာဈေးပွဲတော်၊ ရိုးရာပွဲခင်းနှင့် မီးပုံပွဲတော်ကို နောက်ဆုံးနေ့အဖြစ်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

နှစ်သစ်ကူးနေ့ဖြစ်သော ဒီဇင်ဘာ ၃၁ ရက်မှစ၍ ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် တိုင်းရင်းသားပေါင်းစုံ နှစ်သစ်ကူးရိုးရာဈေးပွဲတော်၊ ရိုးရာပွဲခင်းနှင့် မီးပုံပွဲတော်ကို ဇန်နဝါရီ ၂ ရက်တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပကြောင်း သိရသည်။

နှစ်သစ်ကူးညတွင် မိုင်ဒါကွင်း၊ သုဝဏ္ဏဘူမိကွင်းတို့တွင် နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်မြို့၏ အစည်ကားဆုံးနေရာအဖြစ် ဖျော်ဖြေပွဲများဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့ကြပြီး ထိုညက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏမိုးလုံလေလုံတွင်လည်း အဆိုတော်များနှင့် အနုပညာရှင် ၁၄ ဦးတို့၏ တေးဂီတဖျော်ဖြေပွဲဖြင့် နှစ်သစ်ကိုကြိုဆိုခဲ့ရာ နှစ်သစ်ကူးညတွင် ရန်ကုန်မြို့သည် အထူးစည်ကားခဲ့သည်။

ညနေ ၆ နာရီမှ ည ၁၂ နာရီအထိ ကျင်းပသော တိုင်းရင်းသားရိုးရာ



အစားအစာနှင့် အသုံးအဆောင်ပစ္စည်း ဈေးပွဲတော်ကိုလည်း ယနေ့ညပိုင်းအထိ ကျင်းပလျက်ရှိရာ ယမန်နေ့က အရောင်းအဝယ်ပါးခဲ့သော်လည်း ယနေ့နောက်ဆုံးရက်တွင် အရောင်းအဝယ်ကောင်းရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့က ကျောက်မဲက လာရောင်းတာပါ။ ရှမ်းရိုးရာအစားအစာနဲ့ အဝတ်အထည်တွေပါတယ်။ ခေါပုတ်၊ ခေါင်ရည်၊ ဝက်သားချဉ်၊ မုန်ညင်းချဉ် တွေလည်းပါတယ်။ ပွဲကမျှော်လင့်သလောက်တော့ မရောင်းရဘူး။ လူသိနည်းတာလည်း ပါတယ်။ ဒီနေ့ည နောက်ဆုံးနေ့မှာ ရသလောက်တော့ ရောင်းရမှာပါ။ ကုန်ကျတဲ့ငွေနဲ့ ပြန်ရတဲ့ငွေ မမျှပေမယ့် တိုင်းရင်းသားရိုးရာ ပွဲတော်ဖြစ်တဲ့အတွက် ပါဝင်အားဖြည့်တာပါ”ဟု ကျောက်မဲမှ ဒေသထွက်ပစ္စည်းများ ရောင်းချသော ကိုစဝ်ခွန်သန်းက ပြောသည်။

ဆိုင်ခန်းပေါင်း ရာကျော်တွင် လာရောက်ဖွင့်လှစ်ရန် အခက်အခဲရှိသောဆိုင်ခန်းများ ဖွင့်လှစ်မှုမရှိသော်လည်း လက်ရှိရောင်းချနေသော ဆိုင်ခန်းများဖြင့် ယနေ့ညတွင် ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး ပထမအကြိမ်အဖြစ် (၂၁)ရာစုပင်လုံညီလာခံကို ထောက်ခံကြိုဆိုသောအားဖြင့် မြကျွန်းသာရေ့တွင် တိုင်းရင်းသားရိုးရာ အစားအစာနှင့် အဝတ်အထည် ဈေးရောင်းပွဲတော်ကို ကျင်းပခဲ့ကာ ယခုပွဲကို တိုင်းရင်းသားပေါင်းစုံ နှစ်သစ်ကူးရိုးရာ ဈေးပွဲတော်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်၍ တိုင်းရင်းသားလူမျိုး ၄၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါ တိုင်းရင်းသားပေါင်းစုံ နှစ်သစ်ကူးရိုးရာ ဈေးပွဲတော်တွင် တိုင်းရင်းသားတို့၏ ရိုးရာအဝတ်အထည်နှင့် အစားအစာတို့ကို ပြသရောင်းချလျက်ရှိပြီး ယနေ့ညတွင် နောက်ဆုံးနေ့အဖြစ် ကျင်းပလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# စဉ့်ကူးမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်သူ့လွှတ်တော် ရန်ပုံငွေပေးအပ်

**စဉ့်ကူး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်သူ့လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်ဝင်းမြင့်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် နွယ်ရုံ၊ မြစိမ်း၊ ဆည်သည်တောင်၊ လက်ပန်လှကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးဥက္ကဋ္ဌတို့ထံသို့ ခွင့်ပြုရန်ပုံငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(မြန်/ဆက်)**

# လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် သတင်းစာဆရာတစ်ဦး၏ တွေ့ကြုံမှုများ

**တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်၊ နန္ဒာဝင်း၊ ဓာတ်ပုံ- ဖိုးထောင်**

**သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်အား တွေ့ဆုံ၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းနှင့် ပထမဆုံး လွတ်လပ်ရေးနေ့ အခမ်းအနား မြင်ကွင်းတို့နှင့် ပတ်သက်၍ မေးမြန်းထားသည်များကို ထုတ်နုတ်တင်ပြလိုက်ပါသည်။**



*ယမန်နေ့မှ အဆက်*

**မေး။ ။ အဘ ဗိုလ်ချုပ်နဲ့ သတင်းလိုက်တဲ့အခါမှာ မြင်တွေ့ရတဲ့ ဗိုလ်ချုပ်ရဲ့ ပကာသနမပါတဲ့ ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်ပြီး မှတ်မိသလောက် ပြောပြပေးပါ။**

**ရိုးရိုးရှင်းရှင်းဗိုလ်ချုပ်**

ဖြေ။ ။ ကျွန်တော်တို့ဖြစ်ကတတ်ဆန်း ဝတ်တတ်တယ်၊ အဝတ်အစား သိပ်လည်းမမက်ဘူး။ ဒါပေမယ့် ကျွန်တော်တို့ သူ့ကိုမမီပါဘူး။ ကျွန်တော်တို့ထက် သူက ပိုဆိုးတယ်။ ဘာမှဆိုဘာမှမက်တဲ့သူမျိုး မဟုတ်ဘူး။ အိမ်မှာနေရင် အောက်က စစ်ရောင်စွပ်ကျယ်လက်ပြတ်လေး ဝတ်ပြီး အညာဖျင်ပုဆိုးနဲ့ တိုတိုတုတ်တုတ်ဝတ်ပြီး နေတတ်တဲ့သူ။ ဘာအလုပ်မှ မရှိဘူးဆိုရင် ပေါက်တူးဆွဲပြီး ခြံထဲဆင်း မြေပေါက်နေတယ်။ ချဉ်ပေါင်ပင်စိုက်တယ်။ ရုံးပတီပင်စိုက်တယ်။ ခရမ်းသီးစိုက်တယ်။ အဲဒီလို လျှောက်လုပ်နေတယ်။ ဘာမှဟိတ်ဟန်ထုတ် အဆောင်အယောင် မရှိဘူး။ ပြောမယ်ဆိုရင် ဗိုလ်ထွန်းလှတို့၊ ဒေါ်ခင်ကြည်တို့ အင်မတန်တိုက်တွန်းတော့မှ ဝတ်တာပါ။ တစ်ခုတော့ရှိတယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှာ သူက ရန်ကုန်မြို့တော်ခန်းမ စင်ဝင်ပေါက်နေ ရှေ့မှာ ရှိတဲ့ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်မှာရှိတဲ့ လူထုကို မိန့်ခွန်းပြောတယ်။ နောက်ပြီး တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးတက်တယ်။ အဲဒီနေ့မှာ သူဝတ်တာ အလှဆုံး၊ နောက်ပြီး လုပ်ကြံခံရတဲ့နေ့မှာ ဝတ်တာ အလှဆုံး။

**ဆက်တိုက်အလုပ်များ**

အဲဒီတုန်းက မန္တလေးပိုးလုံချည် တောင်ရှည်ရွှေဖလားရောင်ကို ဝတ်တယ်။ ရှူးဖိနပ်ကို ပြောင်လက်နေအောင် တိုက်ပြီး စီးတယ်။ မောင့်ကျက်သရေ ခေါင်းပေါင်းဆောင်းတယ်။ ဖက်ဖူးရောင်လေး၊ အင်္ကျီက ပိုးအဖြူအင်္ကျီဝတ်ထားတယ်။ တောင်ရှည် ပုဆိုးကို လက်နဲ့ပိုက်ပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့လမ်းလျှောက်တယ်။ ဒါမှတ်တမ်းထဲလည်း ရှိပါတယ်။ အဲဒီအချိန်တစ်ချိန်နဲ့ လုပ်ကြံခံရမယ့်နေ့ အိမ်ကထွက်လာတော့ မန္တလေးပိုးလုံချည် အဝါနုရွှေဖလားအရောင်နဲ့၊ အပေါ်အင်္ကျီတိုက်ပုံ အဖြူလေးဝတ်ထားတယ်။ ကျော့နေတာပဲ၊ အဲဒီနေ့က။ ဆံပင်ကလည်း ညှပ်ပြီးခါစ၊ အဲဒီလို လာတာ တွေ့ရတယ်။ အဲဒီနှစ်ရက်ပဲ သန့်သန့်ရှင်းရှင်း ပြောင်ပြောင်လက်လက်ဝတ်တာ ကျုပ်တွေ့ရတယ်။

ကျန်တာဖြစ်သလိုပဲနေတယ်။ အဝတ်အစားအပေါ်မှာ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်က ဝတ်ဖို့ အချိန်မရှိဘူး။ ဆက်တိုက်အလုပ်များတယ်။ တိုင်းပြည်အတွက် ၂၄ နာရီလုံး သူစဉ်းစားပြီး အလုပ်လုပ်နေရတယ်။ သူ့ကြည့်လိုက်ရင် နားနေတယ် မထင်နဲ့။ ကုလားထိုင်ပေါ်မှာ ခြေထောက်တစ်ချောင်းထောင်ထိုင်ပြီး ငိုင်နေတယ်။ စိတ်ညစ်လို့ တွေဝေနေတယ်မထင်နဲ့၊ သူစဉ်းစားနေတာ ပြီးရင် အစီအစဉ်တွေကို သူကောက်ပြီး အကောင်အထည်ဖော်တာပဲ။

**အမျိုးသားသူရဲကောင်း**

ဗိုလ်ချုပ်ရဲ့ပုံစံ၊ ဗိုလ်ချုပ်ရဲ့ဟန်က လှလှပပ တန်ဆာဆင်ဖို့လည်း အချိန်မရှိပါဘူး။ အချိန်နဲ့အမျှ တိုင်းပြည်လွတ်လပ်ရေးအတွက်ပဲ သူစဉ်းစားတယ်။ လွတ်လပ်ရေးအတွက်ပဲ သူ့ခေါင်းထဲမှာရှိတယ်။ ကျန်တာ မရှိဘူး။ ဒါ့ကြောင့်လည်း အမျိုးသား သူရဲကောင်းဖြစ်တာပေါ့။ National Hero ဆိုတာ သာမန်လူ မဖြစ်ပါဘူး။ ဒီနေရာကို လိုချင်လို့လည်း မရကြပါဘူး။ ကိုယ်ကျိုးစွန့် အနစ်နာခံတယ်။ တကယ်တမ်းလုပ်ကြည့်ရင် အင်မတန်ရှားပါတယ်။ နိုင်ငံ့ခေါင်းဆောင် အမျိုးသားသူရဲကောင်းဖြစ်ဖို့ဆိုတာ စွန့်ခြင်းကြီးတွေနဲ့ ပြည့်စုံမှ ဖြစ်တယ်လို့ ကျွန်တော် ပြောချင်တယ်။ အဲဒီလို ကိုယ်ကျိုးမဖက် အနစ်နာခံပြီး စွန့်လွှတ်သွားတဲ့ ပုဂ္ဂိုလ်၊ သူမတူတဲ့သူ အစားထိုးမရတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှာ လှလှပပဝတ်ဖို့ အချိန်မရှိခဲ့ဘူး။

**မေး။ ။ ဒီနေ့ခေတ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပဲပြုတ်နံ့ပြားရရင် စားချင်တယ်ဆိုတဲ့ စကားကလည်း ဗိုလ်ချုပ်ရဲ့ အစားအသောက် အနေအထိုင်ရိုးရှင်းပုံကို ဖော်ပြနေတယ်။ အဲဒီအပေါ် မှတ်မိသလောက်လေး ပြောပြပေးပါ။**

ဖြေ။ ။ ဒီကိစ္စမှာ ပြောချင်တယ်။ သမိုင်းမှာ အမှန်ဖြစ်ချင်တယ်။ ဗိုလ်ချုပ်က အညာသားဗျ၊ ရိုးသားတယ်။ ပွင့်လင်းတယ်။ စင်ကြယ်တယ်၊ အဲ့ဒီအတွက် စားတာသောက်တာလည်း ဒီအတိုင်းပဲ ရိုးရိုးသားသားပဲရှိတယ်။ သူများလို ဟိုတယ်က ကိတ်မုန့် စားချင်တယ်။ စင်ကာပူက ရေခဲမုန့်စားချင်တယ်လို့ ပြောတဲ့သူမျိုး မဟုတ်ဘူး။ ဗိုလ်ချုပ်ပြောတာက ကြည်ရေ ဒီအချိန်မှာ ထမင်းကြမ်းနဲ့ ပဲပြုတ်လေးကို ပဲဆီလေး ဆမ်းပြီးစားရရင် ကောင်းမယ်လို့ရေးပြီး အောက်က အောင်ဆန်းလို့လက်မှတ်ရေးထိုးတယ်။ ဟော့ကောင်ထွန်းလှ၊ ရှော့- မင်းအစ်မသွားပေးဆိုပြီး သွားပေးခိုင်းတယ်။ အဲ့ဒီအချိန် ကျွန်တော်ဘေးမှာ ရှိတယ်။ ဒေါ်ခင်ကြည်က ကြွေရည်သုတ်ဇလုံထဲမှာ ပဲပြုတ်နဲ့ ထမင်းကြမ်းနယ်ပြီး အဲ့ဒီတုန်းက အခုစားနေတဲ့ ဇွန်းတွေမပေါ်သေးဘူး။ မရှိသေးဘူး။ စစ်အတွင်း က လေယာဉ်ပျက်တွေ၊ သတ္တုတွေကို အရည်ကျိုပြီး မြေကြီးပေါ်မှာ ပုံသွန်းပြီး လောင်းရတဲ့ ဇွန်းတွေ အဖုအထစ်တွေနဲ့၊ အဲ့ဒီလိုဇွန်းမျိုး တပ်ထားတယ်။ အဲဒါနဲ့ ခပ်စားတယ်။ စောစောက ပြောတဲ့ ဘုရင်ခံအိမ်က ဖိတ်ကြားလို့သွားတယ်။ အင်္ဂလန်က ဗြိတိသျှ နန်းရင်းဝန် အက်တလီက ဗမာပြည်ရဲ့ အနာဂတ်အရေး ဆွေးနွေးချင်လို့ အောင်ဆန်းနဲ့ တကွ ခေါင်းဆောင်တွေကြွပါဆိုလို့ သူသွားဖို့ အစည်းအဝေးလုပ်တာ။ ဘုရင်ခံအိမ်က ပြန်လာလာချင်း အင်္ကျီလေးချွတ်၊ ကမန်းကတန်း ထိုင်ပြီး အစည်းအဝေးလုပ်တယ်။ EC ခေါ်တယ်။ ကက်ဘိနက်ခေါ်ပြီး ဆွေးနွေးတယ်။ ကျွန်တော် ရှိတယ်။ အဲဒီအချိန်မှာ သူကောက်ရေးတဲ့စာ ဖြစ်ပါတယ်။ သူထိုင်တဲ့ ကုလားထိုင်တောင် စစ်အတွင်းကသိမ်းထားတဲ့ ကြိမ်ကုလားထိုင်၊ ဆက်တီ နှစ်ယောက်ထိုင်ခုံဖြစ်ပါတယ်။ တစ်ဖက် ထိုင်ခုံက ပေါက်နေတယ်။ ဘာမှခမ်းခမ်းနားနား မရှိဘူး။


**မေး။ ။ ဗိုလ်ချုပ်နဲ့ သတင်းထောက်တွေနဲ့ ဆက်ဆံရေးကို ပြောပြပေးပါ။**

ဖြေ။ ။ ဗိုလ်ချုပ်က သတင်းစာကို အင်မတန်လေးစားတယ်။ သတင်းထောက်တွေကို အင်မတန် ခင်တွယ်တယ်။ ချစ်ခင်တယ်။ ညီအစ်ကိုလိုပဲ ပွင့်ပွင့်လင်းလင်းဆက်ဆံတယ်။ အစည်းအဝေးသွားမယ်၊ သူတစ်ခုခု ဆောင်ရွက်တော့မယ်ဆိုရင် ကြိုပြီးပြောတယ်။ ခင်ဗျားတို့ လိုက်မလား မလိုက်နိုင်ရင် စောင့်နေ၊ ကျုပ်ပြန်လာရင် ပြောမယ်ဆိုပြီး သူပြန်ပြီးတဲ့နောက် တယ်လီဖုန်းဆက်ခေါ်ပြီး သူဆောင်ရွက်ခဲ့တာတွေကို ပြောတာပဲ။ ကျွန်တော်တို့က လိုက်မယ်ဆိုလည်း လိုက်သွားတာပဲ။ ဗိုလ်ချုပ်က ကျွန်တော်တို့ သတင်းစာသမားတွေကို အမြဲလက်တွဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ သတင်းမီဒီယာကို လက်တွဲရမှာဖြစ်ပါတယ်။ ဒီတန်ဖိုးကို ဗိုလ်ချုပ်နားလည်တယ်။ ဒါမှလည်း သူ့ဆောင်ရွက်ချက်တွေက ပြည်သူသိမှာ။ သတင်းစာသမားက ပြည်သူသိအောင်ဖော်ဆောင်ပေးရတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ ဗိုလ်ချုပ်က ဒါကိုနားလည်တယ်။

ကျွန်တော်တို့နဲ့ ဗိုလ်ချုပ်နဲ့တွေ့တဲ့ အရေးကြီးတဲ့ Press Conference ၁၂ ကြိမ်၊ ၁၃ ကြိမ်လောက်ပဲရှိမယ်။ ကျန်တာက သွားရင်းလာရင်း ဒီလိုပဲ ပြောသွားကြတာဖြစ်ပါတယ်။ နောက်ဆုံး သတင်းစာအပိုင်းကတော့ လွတ်လပ်ရေးရတော့မယ့် ကာလလည်းဖြစ်တယ်။ အင်္ဂလန်မှာ ဆွေးနွေးနေတဲ့ကာလလည်း ဖြစ်တဲ့အတွက် ဒီအခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ပဲ သူရှင်းပြတာပါ။

*စာမျက်နှာ ၉ သို့*

**“ဗိုလ်ချုပ်ပြောတာက ကြည်ရေ ဒီအချိန်မှာ ထမင်းကြမ်းနဲ့ ပဲပြုတ်လေးကို ပဲဆီလေးဆမ်းပြီးစားရရင်ကောင်းမယ်လို့ ရေးပြီး အောက်က အောင်ဆန်းလို့ လက်မှတ်ရေးထိုးတယ်။ ဟော့ကောင် ထွန်းလှ၊ ရှော့- မင်းအစ်မသွားပေးဆိုပြီး သွားပေးခိုင်းတယ်။ အဲ့ဒီအချိန် ကျွန်တော်ဘေးမှာရှိတယ်။ ဒေါ်ခင်ကြည်က ကြွေရည်သုတ်ဇလုံထဲမှာ ပဲပြုတ်နဲ့ ထမင်းကြမ်းနယ်ပြီး အဲ့ဒီတုန်းက အခုစားနေတဲ့ ဇွန်းတွေမပေါ်သေးဘူး။ မရှိသေးဘူး။ စစ်အတွင်းက လေယာဉ်ပျက်တွေ၊ သတ္တုတွေကို အရည်ကျိုပြီး မြေကြီးပေါ်မှာ ပုံသွန်းပြီး လောင်းရတဲ့ ဇွန်းတွေ အဖုအထစ်တွေနဲ့၊ အဲ့ဒီလိုဇွန်းမျိုးတပ်ထားတယ်။ အဲဒါနဲ့ ခပ်စားတယ်”**






# ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး။
(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။
(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။
(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။
(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

*စာမျက်နှာ ၈ မှ*

အားလုံးက အောင်မြင်နေပါပြီ။ အဲဒီ ကာလပဲ ဖြစ်ပါတယ်။

**မေး။ ။ ဗိုလ်ချုပ်နဲ့ သတင်းလိုက်တဲ့အချိန်က မှတ်မှတ်ရရ အတွေ့အကြုံလေးရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့ ပင်လုံသွားတဲ့အချိန် ဗိုလ်ချုပ်ကားပေါ်မှာ ဦးပုလေးပါတယ်။ အမေရိကန်စစ်တပ်ကပေးတဲ့ သူ့ရဲ့ ဘက်ဖို့ ကားလေးဆိုတော့ သိပ်ပြီး လူပါလို့မရဘူး။ ကျွန်တော်တို့က သပ်သပ်နောက်က လိုက်ရတယ်။ ဦးပုလေးကတော့ သူ့နဲ့မပြတ်ကပ်ပါတယ်။ မြို့တွေရောက်တဲ့အခါ ဗိုလ်ချုပ်ရောက်တဲ့ မြို့တွေက ဖဆပလအဖွဲ့တွေ၊ အစိုးရအဖွဲ့တွေက ဗိုလ်ချုပ်ကို ကြိုဆိုကြတယ်။ ညှော့ခံကြတယ်။ သူတို့ခေါ်တာကို မလိုက်ဘူး။ ဖိတ်တာကို လက်မခံဘူး။ ကျွေးတာကို မစားဘူး။ သူစားချင်တဲ့နေရာမှာ ကားရပ်ပြီးဝယ်စားတယ်။ အဲဒီလိုပုဂ္ဂိုလ်။ ကျွန်တော်တို့ကိုလည်း ဝယ်ကျွေးတယ်။

ဒီလိုနဲ့ တောင်ကြီးရောက်တယ်။ တောင်ကြီးမှာ ဗိုလ်ချုပ်စကားပြောဖို့ လူထုအစည်းအဝေးပွဲ လုပ်ထားပေမယ့် မပြောဘူး။ တောက်လျှောက် ပင်လုံသွားတာပဲ။ ဆိုတော့ ဗိုလ်ချုပ်ရဲ့စိတ်ဓာတ်က ဒီဟာတစ်ခုဆို ဒီဟာတစ်ခုပဲ သူ ဦးတည်ချက်ထားတယ်။ သူဟာ မရမချင်း နောက်မဆုတ်တဲ့သူ။ ကျန်တာ သူဘာမှ မငဲ့ဘူး။ လူလည်း အားမနာတတ်ဘူး။ သူသွားမယ့် ဦးတည်ချက် လမ်းကြောင်းရောက်အောင် သူသွားတယ်။ အဲဒါတော့ ကျွန်တော်တို့ မှတ်တမ်းတင်ထိုက်တဲ့ပုဂ္ဂိုလ်၊ အားနာလို့ ဝင်ရတာ၊ စားရတာတွေမရှိဘူး။ မလိုက်လျောဘူး။ သူလုပ်ချင်တာကို တိတိကျကျလုပ်တယ်။ ပြောစရာရှိလည်း ပြတ်ပြတ်သားသားပြောတယ်။ အဲဒီလိုပဲ ကျွန်တော်တို့နဲ့ ဆက်ဆံတဲ့ ကာလတစ်လျှောက်လုံးမှာ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်းစကားပြောတယ်။ ကျွန်တော်တို့ကလည်း သူ့ကို ပွင့်ပွင့်လင်းလင်းပြောတယ်။

**ကျုပ်မှာ ရန်သူမရှိဘူး၊ တိုင်းပြည်အတွက် တစ်ကိုယ်လုံးအပ်နှံထားတယ်လို့ပြောတဲ့ ဗိုလ်ချုပ်**

ဘယ်လောက်ထိ ပြောကြသလဲဆိုရင် တစ်ရက်တော့ ဗိုလ်တထောင် COD မှာရှိတဲ့ လက်နက်တွေကို လူတစ်စုက ထုတ်သွားတယ်။ တစ်ခါ မင်္ဂလာဒုံ လက်နက်ခဲယမ်းမီးကျောက်တပ်က လက်နက်တွေကို လူတစ်စုထုတ်သွားတယ်။ အဲဒါ ဦးစောဖြစ်တယ်လို့ သတင်းရတယ်။ ရတော့ ဗမာ့ခေတ်က အရင်ဆုံးရေးတယ်။ ကျွန်တော်တို့က နောက်မှရေးတယ်။ ဘာလို့ကျွန်တော်တို့ နောက်ကျသလဲဆိုတော့ ကျွန်တော်တို့က ဗိုလ်ချုပ်ကို သွားပြောတယ်။ ဗိုလ်ချုပ် ဒါတွေတော့ ထူးတယ်။ ဒါ ဗိုလ်ချုပ်ကို လုပ်ကြံလိမ့်မယ်ဆိုတော့၊ ဗိုလ်ချုပ်က ဘာပြောသလဲဆိုတော့ ကျုပ်ကိုလုပ်ကြံရအောင် ကျုပ်မှာ ရန်သူလည်း မရှိပါဘူး။ အေး - ကျုပ်တိုင်းပြည်အတွက် လုပ်တာ မကျေနပ်ရင်လည်း သတ်ချင်လည်းသတ်ပေါ့ဗျာ။ ကျုပ်ကတော့ တစ်ကိုယ်လုံး တိုင်းပြည်ကို အပ်နှံထားပြီးသား။ တိုင်းပြည်က စီမံတာကို ကျုပ်ခံမယ်။ သူတို့သတ်လည်း ကျုပ်အသေခံမယ်။ သူတို့ မသတ်တော့လည်း ကျုပ်ဘာမှ မဖြစ်ဘူးပေါ့ဗျာ။ ဒါ ပူစရာ မရှိပါဘူးလို့ ပြောတယ်။ "ကျွန်တော်တို့က မဟုတ်ဘူး ... ဗိုလ်ချုပ်။ အစောင့်အရှောက် လုံခြုံအောင်လုပ်ဖို့ကောင်းတယ်"ဆိုတာလည်း မရဘူး။ အဲဒီလို ပုဂ္ဂိုလ်ပါ။



**အန္တရာယ်ရှိလာတဲ့ဗိုလ်ချုပ်**

သူ့အသက်အန္တရာယ်တောင် သူဒီလိုစကားမျိုး ပြောတယ်။ နောက်တစ်ခု ကျွန်တော်ပြောချင်သေးတယ်။ ဘုရင်ခံအိမ်က မနက်ပိုင်း ဗိုလ်ချုပ်ကို ဖိတ်တယ်။ ဖိတ်ပြီး အင်္ဂလန်မှာ လွတ်လပ်ရေးဆွေးနွေးဖို့သွားဖို့ ပြောတယ်။ ညနေကျတော့ ဦးစောကို ဖိတ်တယ်။ ဦးစောကို ဘုရင်ခံတွေ့တယ်။ တွေ့ပြီးတော့ ဗိုလ်ချုပ်တို့ Mission နဲ့ သူလိုက်မှာဖြစ်တယ်။ သူပြန်လာတယ်။ သူ့ဂျစ်ကားနဲ့လာတာ။ မြေနီကုန်းအဝိုင်းမှာ သူ့ကားကွေ့တော့ ဆန်းသီရိရုံ၊ အဲဒီတုန်းက ဆန်းသီရိရုံတော့ မရှိသေးဘူး။ ကျူးကျော်တဲပုတ်တွေ၊ အရက်ဖြူဆိုင်တွေ၊ မကောင်းတာလုပ်စားတဲ့သူတွေရှိတယ်။ စစ်အတွင်းကာလ နေကြတာ။ တဲတွေဖရိုဖရဲနဲ့ အဲဒီလိုကြားထဲကနေ ကျွန်တော်သိတာတော့ ဗိုလ်ဖေချစ် သူက နဂိုက ဒေးဒရဲက သခင်စိုးအဖွဲ့ဝင် ဖြစ်တယ်။ နောက်တော့ သောင်းကျန်းမှု နှိမ်နင်းရေးတပ်က တစ်ပွင့်နဲ့ သူ့မှာ ၄၅ ဗို့ သေနတ်ပါတယ်။ ရန်ကုန်ဘဆွေနဲ့ သူတို့နှစ်ယောက် အရက်သောက်ပြီး ထွက်လာကြတယ်။ ဦးစောကားကလည်း အလာ၊ ဦးစောမှန်းလည်း သိရော သူက မူးမူးနဲ့ သေနတ်ထုတ်ပြီး ပစ်လိုက်တယ်။ ဒါကသမိုင်းမှာ အရေးကြီးတယ်နော်။ ပစ်လိုက်တော့ ကားရှေ့မှန်ထိပြီး ဦးစောမျက်စိ ထိသွားတယ်။ ဦးစော ရန်ကုန်ဆေးရုံတက်ရတယ်။ တက်တော့ အဲဒီညနေဘက်မှာ ဗိုလ်ချုပ်သွားပြီး သတင်းမေးတယ်။ ဦးစောက ဗိုလ်ချုပ်လုပ်ကြံတယ်လို့ သူတွက်ဆတယ်။ ဘာကြောင့်လဲဆိုတော့ မြေနီကုန်းအဝိုင်း၊ ဒီဘက်မှာ လောင်းဝစ် လမ်းရှိတယ် ။ တစ်ဖက် စမ်းချောင်းမီးသတ်အရှေ့နေရာမှာရှိတာက ပြည်သူ့အာဏာဂျာနယ် ကွန်မြူနစ်ပါတီဌာနချုပ် သခင်သန်းထွန်းတို့ဆိုတော့ ဦးစောက ကောက်ချက်ချတာ ဗိုလ်ချုပ်လုပ်ကြံတယ်။ ပြည်သူ့ရဲဘော်တွေ ပစ်တယ်လို့ ဦးစောထင်တယ်။ အမှန်က ဘဆွေနဲ့ ဗိုလ်ဖေချစ်တို့ပဲ။ ခင်အောင်ရေးတဲ့ Who Killed Aung San? ဆိုတဲ့ စာအုပ်မှာ ဗိုလ်ချုပ်နေဝင်း လုပ်ကြံသလိုလိုရေးတာ မှားတယ်။ ဒါတော့ ကျုပ်မဖြေရှင်းပါဘူး။

**ဗိုလ်ချုပ်ကိုလုပ်ကြံသူ ဂဠုန်ဦးစောရဲ့နောင်တနဲ့ သံဝေဂ**

နောက်တစ်ခုက ဦးစောကို စီရင်ချက်ချပြီး ကြိုးပေးတဲ့အချိန်မှာ ကြိုးစင်ကိုသွားတော့ ကျွန်တော်ပါတယ်။ ဘာကြောင့်ပါသလဲမေးရင် သတင်းထောက်အနေနဲ့ မဟုတ်ဘူး။ ထောင်ပိုင်က ကျွန်တော်နဲ့ ညီအစ်ကို တစ်ဝမ်းကွဲ အစ်ကို၊ ဝဏ္ဏကျော်ထင် ဦးတင်မောင်။ ကျုပ်က ထောင်ကလူတွေ၊ ထောင်မှူးကြီးတွေ၊ ဒုတိယထောင်ပိုင်တွေ အကုန်လုံးနဲ့ ရင်းနှီးတယ်။ ကျွန်တော်က ဓာတ်ပုံရိုက်ချင်တယ်။ အဲဒီတော့ ကျွန်တော့်အိတ်ထဲမှာ မီးခြစ်လောက်ရှိတဲ့ ကင်မရာလေးပါတယ်။ အဲဒါနဲ့ ခိုးရိုက်တာ။ ကျွန်တော်က မနက် ၄ နာရီကတည်းက ရောက်နေတယ်။ ဦးစောကို ကြိုးတိုက်ခန်းထဲကနေ ခေါ်ထုတ်တဲ့အခါ အဲဒီတုန်းက တရားရေးဝန်ကြီးဌာန အတွင်းဝန်ကြီး ဦးသောင်းစိန် သူက အကျဉ်းဦးစီးဌာနမင်းကြီး အဖြစ်နဲ့လည်း တွဲကိုင်တယ်။ ဦးစောကို အင်းစိန်ထောင်ပိုင်ကြီး ဦးတင်မောင်နဲ့ နှစ်ယောက်ညှပ်ပြီး ဦးစောကို ကြိုးစင်ကို ခေါ်သွားတယ်။ လမ်းမှာ ဦးစောပြောတာက ၁၉၃၈ ခုနှစ်က အင်းတော်ကြီးဘက်က သင်္ချိုင်းနက်သား မတ်ရပ်ဘုရား ဆင်းတုတော်တစ်ဆူ ကျွန်တော်ရလာတယ်။ အဲဒီဘုရားရတဲ့နေ့ကစပြီး ကျွန်တော် ဒုက္ခရောက်တယ်။ မသန်းခင်ကို ပြောပေးပါ။ အဲဒီဘုရားကို ရွှေတိဂုံမှာသွားလှူပါလို့ ပြောတယ်။ အဲဒါပြီးတော့ သူဆက်ပြီး ဦးတင်မောင် ကျွန်တော်ဟာ ဗိုလ်ချုပ်အောင်ဆန်းအပေါ်မှာ ဘယ်လိုမှ အာဃာတ မရှိဘူး။ ဗိုလ်ချုပ်နဲ့ ကျွန်တော်ဟာလည်း ပြိုင်ဘက်ရန်ဘက် မဟုတ်ပါဘူး။ ဘယ်လို ... ဘယ်လို ကျွန်တော် လုပ်ကြံမိမှန်းမသိဘူး။ ဒီအဖြစ်ဆိုးမျိုးဟာ နောက်ဆုံးဘဝပဲ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းတယ်လို့ ပြောတယ်။ ဒါဟာ သမိုင်းမှာ ကြိုးစင်အသွား ဦးစောရဲ့ဝန်ခံချက်ပဲ ဖြစ်ပါတယ်။

**မေး။ ။ အဘကြုံခဲ့တဲ့ အရင်ခေတ်က သတင်းမီဒီယာအခြေအနေနဲ့ ယခုခေတ် မြင်တွေ့ရတဲ့ သတင်းမီဒီယာအခြေအနေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ အဲဒီခေတ်က သတင်းမီဒီယာ အခြေအနေက လွတ်လပ်တယ်။ ကျွန်တော်တို့ရေးကြတာပေါ့။ အစိုးရက မကျေနပ်ရင်၊ သူတို့ကို ထိခိုက်တယ်ဆိုရင် အာမခံငွေသုံးထောင်တင်ခိုင်းတယ်။ နောက်တစ်ချီရေးရင် အဲဒီ ငွေသုံးထောင်သိမ်းတယ်။ ပုတ်ခတ်ပြီး သွားရေးရင် အသရေဖျက်မှုပေါ့။ ကျွန်တော်တို့ ဒါတော့ စည်းစောင့်ပါတယ်။ အဲဒါကြောင့် မီဒီယာကျင့်ဝတ်ကို ကျွန်တော်တို့ ကျင့်သုံးခဲ့တယ်။ အဲဒီတုန်းက မီဒီယာကျင့်ဝတ်တွေ၊ ဘာတွေ သတ်မှတ်ထားတာမဟုတ်ဘူး။ သို့သော် ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ ဖွင့်တဲ့ 52 - 53 BA (Journalism) သင်တန်းကို တက်ခဲ့ရတယ်။ ကျွန်တော် ကျင့်ဝတ်တွေရလာတယ်။ ကျွန်တော်တို့ ဒါကိုစောင့်ထိန်းတယ်။ ဒါပဲ။ ဒီခေတ်က ပုဂ္ဂိုလ်တွေနဲ့တော့ မတူဘူး။

**မေး။ ။ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့ခေတ်နဲ့ ဒီခေတ်သတင်းစာသမား တွေက ကွာခြားချက် ရှိတယ်။ ဘာကွာခြားသလဲဆိုတော့ ကျင့်ဝတ်ကို စောင့်ထိန်းတာကွာတယ်။ နောက်ပြီး တည်ဆဲဥပဒေတွေကို လိုက်နာကြတာကွာတယ်။ ဒါကြောင့် ကျွန်တော်တို့ ခေတ်နဲ့ မတူဘူး။ ဒီခေတ်မှာတော့ဖြင့် လူတွေက လည်း လူငယ်တွေဖြစ်ပါတယ်။ လေ့လာမှု အားလည်းနည်းတယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒီကြားထဲမှာ နိုင်ငံခြားပယောဂတွေ အနှောင့်အယှက်များပါတယ်။ အဲဒီတော့ နိုင်ငံခြားက ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းအသီးသီး၊ ဌာနအသီးသီး၊ နေရာအသီးသီးမှာ ငွေကြေးအားဖြင့်လည်း ထောက်ပံ့တယ်။ မီဒီယာသမားတွေကို ထောက်ပံ့ပေးတာ ငွေကြေးနဲ့ ပေးတယ်။ အဲဒီငွေကြေး လက်ခံပြီးတော့ အလုပ်လုပ်တဲ့သူဟာ ကြေးပေးလို့ ကျွန်ခံတာ။ ကျွန်တော်ပြောချင်တာ ကျေးကျွန်ပဲဖြစ်တယ်။ တိုင်းပြည်အတွက် သူက သစ္စာလည်းမစောင့်ဘူး။ သူ့အတွက်ပဲ သူသိမယ်။ သူအဖမ်းခံရလို့ ထောင်ထဲရောက်ပစေ၊ သူ့ကို ထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းက ဆက်ထောက်ပံ့မှာပဲ။ ဆိုတော့ တိုင်းပြည်ရဲ့ ပျက်စီးရာပျက်စီးကြောင်း စောစောက ကျွန်တော်ပြောခဲ့တဲ့ သီပေါမင်းပါတော် မှုမယ့် အခြေအနေမျိုးပဲဖြစ်တယ်။ ဒါကြောင့် ကျွန်တော့် ရင်ထဲရှိတာ ဟိုနေ့က သတင်းစာ ပညာရှင်ကြီး ကန်တော့ပွဲ မှာ ဒါကို ပြောခဲ့ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ။

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**မယ်စဲ့ ဇန်နဝါရီ ၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်မှစတင်၍ မြို့နယ်ခန်းမရှေ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၁၅)နှစ်အောက် (ကျား) ဘောလုံးပြိုင်ပွဲ၊ ဘောလုံး ဂိုးကျဉ်း(မ) အလွတ်တန်းပြိုင်ပွဲ၊ ဘော်လီဘောအလွတ်တန်း(ကျား/မ)ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း အလွတ်တန်းပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုပေးပွဲကို (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲများသို့ အားကစားဝါသနာပါသူ ကျောင်းသား ကျောင်းသူများနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ မိုင်းဖြတ်၌ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ယနေ့ နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပြိုင်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးစိုင်းကျော်နှင့် ဦးအားကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်နှင့် တာဝန်ရှိသူများက ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ အထက်တန်းအဆင့် ၁၀ ဦး၊ အလယ်တန်းအဆင့် ခုနစ်ဦးနှင့် ကဗျာပြိုင်ပွဲတွင် ခုနစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ် ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည့် ညောင်ဦးမြို့နယ်အတွင်းက ဆံရစ်ဝိုင်းတို့ ရွာကလေး

သတင်း-မင်းထက်အောင်(မန်းကိုယ်ပွား)၊ ဓာတ်ပုံ-သန့်ဇင်



**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အတွင်းရှိ ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသည့် စက်စက်ယိုကျေးရွာကလေးကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဝင်ရောက်လေ့လာနိုင်သည့် ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားဆောင်ရွက်နေကြောင်း အဆိုပါကျေးရွာမှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောကြားသည်။

**စည်းလုံးညီညွတ်သည့်ရွာ**

"ကျွန်တော်တို့ ရွာကလေးဟာ စည်းလုံးညီညွတ်ပြီး တက်ကြွမှုအားကောင်းတဲ့ရွာလို့ ပြောလို့ရပါတယ်။ သာရေးနာရေးနဲ့ ဘာသာရေးပွဲတွေမှာ စည်းလုံးညီညွတ်စွာ ကူညီလုပ်ဆောင်နေကြပါတယ်။ မှုခင်းဖြစ်ပွားမှုလည်း အလွန်နည်းပါးတဲ့ ဒေသတစ်ခုပါ။ ဗုဒ္ဓဘာသာဝင်များဖြစ်တဲ့အပြင် ရွာကျောင်း ဆရာတော်ကြီးကျေးဇူးကြောင့် ဗုဒ္ဓစိုရ်တရားတွေနဲ့ ရိုင်းပင်းကူညီတတ်တဲ့ စိတ်ဓာတ်တွေ ရှိလာတယ်လို့ ထင်ပါတယ်။ ဆိုရှယ်မီဒီယာခေတ်အရ ကျွန်တော်တို့ကျေးရွာရဲ့ ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ပိုမိုကျယ်ပြန့်စွာ သိရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လေ့လာနေကြပါပြီ။ ခရီးသွားကုမ္ပဏီအများစုကလည်း သူတို့ရဲ့ခရီးစဉ်တွေမှာ ဒီဒေသကို ထည့်သွင်းထားတယ်လို့ ပြောပါတယ်။ ခရီးသွားလုပ်ငန်းအောင်မြင်သွားရင်တော့ ကျွန်တော်တို့ ဒေသဟာ အလွန်ကို ဖွံ့ဖြိုးသွားမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုအခြေအနေဖြစ်ဖို့လည်း ကျွန်တော်တို့က သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

> **"ဆိုရှယ်မီဒီယာခေတ်အရ ကျွန်တော်တို့ကျေးရွာရဲ့ ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ပိုမိုကျယ်ပြန့်စွာ သိရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လေ့လာနေကြပါပြီ။ ခရီးသွားကုမ္ပဏီအများစုကလည်း သူတို့ရဲ့ခရီးစဉ်တွေမှာ ဒီဒေသကိုထည့်သွင်းထားတယ်လို့ ပြောပါတယ်"**



**အစဉ်အဆက်ထိန်းသိမ်း**

စက်စက်ယိုကျေးရွာတွင် နေထိုင်သည့် အသက် ၈၀ ကျော် အဘဦးမောင်ရှင်းက "အဘရဲ့အသက်က ၈၀ ကျော်ပါပြီ။ အဘကျောင်းနေအရွယ် ၇ နှစ်လောက်ကတည်းက *စာမျက်နှာ ၁၁ သို့*







**စက်စက်ယိုကျေးရွာကလေးသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့နယ်အကြား၊ ညောင်ဦးမြို့နှင့် ၂၁ မိုင်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မော်တော်ယာဉ်ဖြင့်သာ သွားလာရေး ပိုမိုအဆင်ပြေမည်ဖြစ်”**

*စာမျက်နှာ ၁၀ မှ*

သျှောင်ဆံထုံး စထားတာပါ။ ဒီသျှောင်ဆံထုံးကို ကိုယ့်ဟာကိုယ် ထိန်းသိမ်းရတာပေါ့။ အဲဒီတုန်းကတော့ ... အဘတို့အခေါ်က သျှောင်ဆံထုံးပေါ့။ ထိပ်အလယ်ကောင်လေးကို သျှောင်ဆံထုံးထိုးပြီးတော့ ကျောင်းသွားကြတာ။ ဒီဓလေ့ကို မပျောက်ကွယ်သွားအောင် ရွာရဲ့ ပထမဆရာတော် လက်ထက်ကတည်းက အဆက်မပြတ်ထိန်းသိမ်းလာခဲ့တယ်။ အရင်ကဆိုရင် ဘုန်းကြီးကျောင်းမှာရှိတဲ့ ကလေးတွေအားလုံး သျှောင်ဆံထုံးလေးတွေ ထားရတယ်။ ဆရာတော်က ကျောင်းသားတွေကို သျှောင်ဆံထုံးထားတဲ့သူနဲ့ ဘိုကေထားတဲ့သူဆိုပြီး နှစ်မျိုးခွဲခြားလိုက်တယ်။ ဘိုကေထားတဲ့ ကျောင်းသားတွေကို နွား၊ ဆိတ်၊ ခွေးတွေရဲ့ အညစ်အကြေးတွေကို သန့်ရှင်းရေးလုပ်ခိုင်းပြီး အပြစ်ပေးတယ်။ ဒီလိုအပြစ်ပေးတော့ ကလေးအချင်းချင်းရှက်ပြီး ကျန်တဲ့ကလေးတွေပါ သျှောင်ဆံထုံးထားလာကြပါတယ်။ ဒီတော့မှ တစ်ကျောင်းလုံး သျှောင်ဆံထုံးတွေဖြစ်သွားတယ်။ ဒီဆရာတော်ကြီးရဲ့အမွေအနှစ်ကို ဆရာတော် အစဉ်အဆက် ဆက်လက်ပြီး ထိန်းသိမ်းလာခဲ့တယ်။ ဒီလိုနဲ့ သျှောင်ပေစူးဓလေ့ကို အစဉ်အဆက် လက်ရှိကလေးတွေအထိ ရိုးရာအမွေကို လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့တာပါ” ဟု ပြောသည်။

လက်ရှိအချိန်တွင် ကျေးရွာရှိ ကျောင်းထိုင်ဆရာတော် အဆက်ဆက်နှင့် ရပ်မိရပ်ဖများက ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် အစဉ်အဆက်တည်ရှိလာခဲ့သော သျှောင်ပေစူးခေါ် ဆံရစ်ဝိုင်းထုံးဖွဲ့မှု ရိုးရာအမွေအနှစ်ကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လေ့လာမှုများ ရှိနေပြီး ဆက်လက်၍ ကမ္ဘာအနှံ့ကျယ်ပြန့်စွာ သိရှိထိန်းသိမ်းနိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေကန်ပြုပြင်ခြင်း၊ လျှပ်စစ်မီးလှူဒါန်းမှုများအပြင် ဗေဒါရိုးဖြင့် မြန်မာ့လက်မှုပညာရပ်ဖြင့် လက်ဆွဲခြင်း၊ ပိုက်ဆံအိတ်နှင့် ဖိနပ်များကို စမ်းသပ်တီထွင် ထုတ်လုပ်လျက်ရှိကြောင်း ကျေးရွာမှ အငြိမ်းစား ကျောင်းဆရာကြီး ဦးသန်းမောင်က ပြောသည်။

### အလုပ်အကိုင်တွေ ပိုမိုရရှိလာမည်

“ဒီရွာမှာ ဆံရစ်ဝိုင်းအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ထားတယ်ဆိုတာ ကမ္ဘာကသိအောင် ပရဟိတဖခင်ကြီး ဦးကျော်သူက ဖော်ထုတ်ပေးလိုက်တဲ့အပြင် ဒီအမွေအနှစ်တွေ ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် လိုအပ်တဲ့ ကျေးရွာဖွံ့ဖြိုးမှုတွေအဖြစ် ရေကန်ပြုပြင်တာ၊ စက်ရေတွင်းတူးဖော်ပေးတာတွေနဲ့ အိမ်တိုင်းလျှပ်စစ်မီးသုံးစွဲနိုင်ဖို့ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ ဒါ့တင်မက ရွာမှာရှိတဲ့ ကလေးတွေကို ဗေဒါရိုးနဲ့ မြန်မာ့လက်မှုပစ္စည်းလေးတွေ ထုတ်လုပ်နိုင်ဖို့ သင်တန်းတစ်ခုကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီလက်မှုပစ္စည်းလေးတွေကို ခရီးသွားလုပ်ငန်းတွေနဲ့ ချိတ်ဆက်ရောင်းချနိုင်မယ်ဆိုရင် ကျွန်တော်တို့ရွာအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ ပိုမိုရရှိလာလိမ့်မယ်လို့ ထင်ပါတယ်” ဟု ၎င်းက ပြောသည်။

စက်စက်ယို ကျေးရွာတွင် လက်ရှိအချိန်အထိ ဆံရစ်ဝိုင်းဓလေ့ကို ထိန်းသိမ်းထားသည့် ကျောင်းသား၊ ကျောင်းသူအရွယ် ၅၀ ကျော်ရှိပြီး အသက် ၂ နှစ်၊ ၃ နှစ်အရွယ်မှစ၍ ၁၅ နှစ်၊ ၁၆ နှစ်အရွယ်အထိ ထိန်းသိမ်းထားကြကာ အမျိုးသမီးများအနေဖြင့် အသက် ၂၀ ကျော်သည်အထိ ရိုးရာဓလေ့ မပျောက်ကွယ်အောင် ထိန်းသိမ်းစောင့်ရှောက်ထားကြကြောင်း ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးထွန်းခင်က ပြောသည်။

စက်စက်ယိုကျေးရွာကလေးသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့နယ်အကြား၊ ညောင်ဦးမြို့နှင့် ၂၁ မိုင်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မော်တော်ယာဉ်ဖြင့်သာ သွားလာရေး ပိုမိုအဆင်ပြေမည်ဖြစ်သည်။



စက်စက်ယို ရွာကလေးကို ၁၂၇၀ ပြည့်နှစ်က စတင်၍ ကျေးရွာတည်ထောင်ခဲ့ခြင်းဖြစ်ပြီး အိမ်ခြေ ၁၇၇ လုံးနှင့် လူဦးရေ ၈၅၆ ဦး နေထိုင်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

### ဂုဏ်ယူဝင့်ကြွားစွာဖော်ထုတ်ပြသ

ကျေးရွာရှိ ဆံရစ်ဝိုင်းယဉ်ကျေးမှုကို လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများအား နွေးထွေးပျူငှာစွာ ကြိုဆို၍ ဂုဏ်ယူဝင့်ကြွားစွာ ဖော်ထုတ်ပြသလျက်ရှိကြောင်း သိရသည်။









# နယ်ခြားစောင့်တပ် (BGF) လုံခြုံရေးယူထားသောဝင်းအတွင်း ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး တပ်ကြပ်တစ်ဦးနှင့် တပ်သားသုံးဦး သေဆုံးကာ ပစ်ခတ်သူအား အသေဖမ်းဆီးရမိ

**မြဝတီ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် မြဝတီမြို့ သဃ်န်းညီနောင်အခြေစိုက် နယ်ခြားစောင့်တပ် (BGF) ၉၀၁ ဝင်းထဲတွင် ဇန်နဝါရီ ၁ ရက် ညပိုင်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တပ်ကြပ်တစ်ဦးနှင့် တပ်သားသုံးဦး သေဆုံးခဲ့ပြီး အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ BGF လေးဦးကို သေဆုံးစေပြီး အရပ်သားတစ်ဦးကို ဒဏ်ရာရရှိစေခဲ့သည့် ပစ်ခတ်သူ စောပေ့ပေ့အား လိုက်လံဖမ်းဆီးရာ ယနေ့ နံနက် ၁၁ နာရီတွင် မဲကနယ်အနီး၌ အသေပစ်ခတ် ဖမ်းဆီးရမိခဲ့ကြောင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ဗိုလ်မှူးကြီး မောင်မောင်လတ်ထံမှ သိရသည်။

ဗိုလ်မှူးကြီးမောင်မောင်လတ်က "မနေ့က ည ၈ နာရီလောက်မှာ စောပေ့ပေ့ ဆိုသူနဲ့ BGF က အဖွဲ့တွေ အချင်းများတယ်။ အချင်းများပြီးတော့ ပစ်ကြခတ်ကြတယ်။ ၈ နာရီ မိနစ် ၅၀ လောက်မှာ BGF က တပ်ကြပ်တစ်ဦးနဲ့ တပ်သားသုံးဦး ကျ(သေဆုံး) တယ်။ အဲဒီလို ကျသွားပြီးနောက် စောပေ့ပေ့က အပြင်ကို ထွက်ပြေးတဲ့အခါ အရပ်သား တစ်ယောက် ဆိုင်ကယ်ကယ်ရီသမားထင်တယ်၊ သူ့ကို ထပ်ပစ်တယ်။ သူကတော့ မသေဘူး၊ မြဝတီပြည်သူ့ဆေးရုံမှာပါ။ စောပေ့ပေ့နောက်ကိုတော့ ဝိုင်းပိတ်ဆို့ပြီး လိုက်တဲ့အခါ ဒီနေ့ နေ့လယ် ၁၁ နာရီလောက်မှာ အသေပြန်ရတယ်"ဟု ပြောသည်။

စောပေ့ပေ့သည် ကရင်ပြည်နယ် မြဝတီမြို့ရှိ နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့ဝင် မဟုတ်ကြောင်းနှင့် အချင်းဖြစ်ပွားသည့်အကြောင်းအရာကို မသိရသေးကြောင်း ဗိုလ်မှူးကြီး မောင်မောင်လတ်က ပြောကြားသည်။

"စောပေ့ပေ့က BGF က မဟုတ်ဘူး။ အရင်က DKBA မှာ တာဝန်ထမ်းဆောင်ဖူးတယ်။ အဲဒီတုန်းကတော့ တစ်ဖွဲ့တည်း အတူတူနေခဲ့ဖူးတယ်။ ဖြစ်တဲ့ညက ဘယ်ကနေ ဘယ်လိုရောက်လာသလဲမသိဘူး။ ပစ်တဲ့သူရော၊ အပစ်ခံရသူတွေရော သေသွားတော့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်ကိုပဲ မေးရတော့မှာပေါ့"ဟု ဗိုလ်မှူးကြီး မောင်မောင်လတ်က ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်လုပ်ထုံးလုပ်နည်းအတိုင်း စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့၍ စစ်ဆေးကာ အဖြစ်မှန်ကို ဖော်ထုတ်သွားမည်ဖြစ်ပြီး စစ်စည်းကမ်းအရ စည်းကမ်းဖောက်သူကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗိုလ်မှူးကြီးမောင်မောင်လတ်ထံမှ သိရသည်။

"ဖြစ်တဲ့ လေးယောက်ကလည်း သေသွားတယ်ဆိုတော့ အဖြေမှန်သိရအောင် သဃ်န်းညီနောင်မှာရှိတဲ့ ဗျူဟာမှူးနဲ့ စိစစ်ဖော်ထုတ်နေပါတယ်။ စစ်စည်းကမ်းအရတော့ စည်းကမ်းဖောက်ရင်ဖောက်တဲ့အတိုင်း အရေးယူရမှာပဲ"ဟု ဗိုလ်မှူးကြီး မောင်မောင်လတ်က ဖြေကြားသည်။

**ရဲခေါင်ညွန့်**

# မလေးရှားနိုင်ငံ ပီနန်အပြည်ပြည်ဆိုင်ရာလက်ဝှေ့ပြိုင်ပွဲမှ အောင်ပွဲရအားကစားသမားအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂**

မလေးရှားနိုင်ငံတွင် ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ကျင်းပခဲ့သော ပီနန်အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လူငယ်နှင့် အလွတ်တန်း နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် လက်ဝှေ့ကစားသမားများက ရွှေ တစ်ခု၊ ငွေ တစ်ခု၊ ကြေး နှစ်ခုရရှိပြီး ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးဗလကျော်သူနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၇၅ ကီလိုမစ်ဒယ်ဝိတ်တန်း၌ ရဲလင်းထွန်းက ရွှေတစ်ခု၊ ၆၄ ကီလို လိုက်ဝယ်သာဝိတ်တန်း၌ သီဟဇော်က ငွေတစ်ခု၊ ၅၆ ကီလိုတန်းတွင် ပြည့်စုံက ကြေးတစ်ခု၊ ၆၄ ကီလိုတန်းတွင် ကျော်မင်းဦးက ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ကြသည်။

"ကျွန်တော်တို့ ၂၀၁၃ အိမ်ရှင် ဆီးဂိမ်းမှာ ရွှေနှစ်ခုရပြီးနောက်ပိုင်းကစပြီး နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေတံဆိပ်မရခဲ့ပါဘူး။ ယခုလို နှစ်သစ်မှာ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်တွေရခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီပြိုင်ပွဲအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲကနေ လက်ရွေးစင်လူငယ်၊ လူကြီး ရွေးချယ်စခန်းသွင်းလေ့ကျင့်ပြီး ယှဉ်ပြိုင်ကြတာပါ။ ဒါကြောင့်လက်ဝှေ့ကို ငယ်စဉ်ကတည်းက မွေးထုတ်မှ အောင်မြင်တဲ့ကစားသမား ဖြစ်မှာပါ။ ပြိုင်ပွဲမှာ အဖွဲ့ချုပ်ကပါသွားတဲ့ တာဝန်ရှိသူများရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ အောင်မြင်မှုရရှိခဲ့ကြတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက ပြောသည်။

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သည် လာမည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းတွင် ရွှေတံဆိပ်များ မျှော်မှန်းထားကြောင်း သိရသည်။

**အာကာစိုး**
**ဓာတ်ပုံ-အောင်နိုင်ဝင်း(အား/ကာ)**

# အင်းစိန်မြို့နယ်ရှိ မီးဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများ ထောက်ပံ့

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်ရှိ နေအိမ် ၁၇ လုံး ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၈ စုမှ လူဦးရေ ၈၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာ အဆိုပါ ရပ်ကွက် သာသနရက္ခိတဓမ္မာရုံ၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများက ယနေ့ မွန်းလွဲ ၂ နာရီက ယာယီကယ်ဆယ်ရေးစခန်းရှိရာသို့ သွားရောက်ခဲ့ပြီး အလှူပစ္စည်း ရေသန့် ၃၆ ကတ်၊ ဆီ ငါးပိဿာဝင် သုံးပုံး၊ အဝတ်အထည် သုံးအိတ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စောင် ၃၆ ထည်၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး အိမ်ထောင်စု ၁၈ စုစာနှင့် ကလေးကျောင်းဝတ်စုံများ၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၃၄၀၀၀၀၀၊ ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ငွေကျပ် ၁၇၆၄၀၀ တို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် အင်းစိန်မြို့နယ် မဲဆန္ဒနယ်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ မီးဘေးသင့်ပြည်သူများလက်ဝယ်သို့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) သစ္စာအားမာန်အမျိုးသမီးအသင်း ထိပ်ဆုံးရောက်လာ

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက ဇွဲကပင်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ထိပ်ဆုံးနေရာသို့ ရောက်ရှိလာသည်။

သစ္စာအားမာန်အသင်းသည် လက်ရှိချန်ပီယံ မြဝတီအသင်း၏ နိုင်ပွဲပျောက်ဆုံးမှုကို အခွင့်ကောင်းယူခဲ့ပြီး ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးနေရာသို့ ရောက်ရှိလာသည်။ သစ္စာအားမာန်အသင်းသည် ဂိုးပြတ်နိုင်ပွဲရရန် ပွဲစကတည်းက အားထည့်ကစားခဲ့သည်။ သို့သော် ဇွဲကပင်အသင်း၏ တုံ့ပြန်မှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ဂိုးစပေးခဲ့ရသလို ပထမပိုင်းတွင် ချေပဂိုးတစ်ဂိုးသာ ပြန်ရကာ ဒုတိယပိုင်းမှ အနိုင်ဂိုးများ ဆက်တိုက်ရခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းအတွက် ဦးဆောင်ဂိုးကို ၈ မိနစ်တွင် လဲ့လဲ့လှိုင်က သွင်းယူခဲ့ပြီး သစ္စာအားမာန်အတွက် ချေပဂိုးကို မိနစ် ၄၀ တွင် ခင်မိုးဝေက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် သစ္စာအားမာန်အသင်း ကစားပုံပိုကောင်းလာသလို ၄၈ မိနစ်တွင် ခင်မိုးဝေက ဒုတိယဂိုးထပ်မံသွင်းယူသည်။ ယင်းနောက်ပိုင်းတွင် သစ္စာအားမာန်အသင်းက ပွဲကိုထိန်းချုပ်သွားပြီး ၆၁၊ ၈၇၊ ၈၉ မိနစ်တွင် နော်အားလိုဝါးဖော၊ မိနစ် ၇၀ တွင် ဂျူလိုင်ကျော်၊ ၉၀+၁ မိနစ်တွင် နီလာဝင်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၅) တတိယနေ့ကို ဇန်နဝါရီ ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး YREO နှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် ဒေါ့မွန်တိုက်စစ်ကစားသမား ပူလီဆစ်အား ပေါင် ၅၈ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သော်လည်း ဂျာမန်ကလပ်သို့ ရာသီကုန်အထိ ပြန်လည်အငှားချဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အမေရိကန်အသင်းအတွက် ၂၃ ပွဲတွင် ကိုးဂိုးသွင်းယူထားသော ပူလီဆစ်၏ ထိုပြောင်းရွှေ့ကြေးပမာဏသည် အမေရိကန်ကစားသမား တစ်ယောက်အတွက် အမြင့်ဆုံး ပြောင်းရွှေ့ကြေးဖြစ်ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲစုံ ၁၈ ပွဲ ကစားထားပြီး သုံးဂိုး သွင်းယူထားနိုင်ကြောင်း သိရသည်။ ပူလီဆစ်က "ချယ်လ်ဆီးအသင်းကဲ့သို့ ဂန္ထဝင်ကလပ်အသင်းတစ်သင်းနဲ့ စာချုပ်နိုင်ခဲ့တာဟာ ထူးခြားတဲ့အခွင့်အရေးပါပဲ" ဟု ပြောကြားသည်။
- အင်တာမီလန်အသင်းသည် နွေရာသီတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော မန်ယူအသင်းမှ အင်္ဂလန်ဗဟိုခံစစ်ကစားသမား အက်ရှ်လေယန်း (၃၃နှစ်) အား အလွတ်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန်စဉ်းစားနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- နည်းပြ အမ်မရီသည် အာဆင်နယ်အသင်းအနေဖြင့် အသက်(၃၃ နှစ်)အရွယ် ချယ်လ်ဆီးအသင်းမှ အင်္ဂလန်ဗဟိုခံစစ်ကစားသမားဟောင်း ဂယ်ရီကာဟေးလ်အား ခေါ်ယူရေးနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာမဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားပြီး သည်ဆန်း၏ ဖော်ပြချက်တွင်မူ ဖူလ်ဟမ်နည်းပြ ရာနီရေရီသည် အဆိုပါကစားသမားအား ခြောက်လအငှားဖြင့် ခေါ်ယူချင်နေကြောင်း ဖော်ပြထားသည်။
- မိုနာကိုအသင်းသည် နည်းပြ ဟင်နရီအနေဖြင့် အသက်(၃၁ နှစ်)အရွယ် ချယ်လ်ဆီးအသင်းမှ ၎င်း၏ အာဆင်နယ် အသင်းဖော်ဟောင်း ဖာဘရီဂတ်စ်နှင့် ပြန်လည်ပေါင်းထုတ်ရန်ဆန္ဒရှိနေသောကြောင့် ခေါ်ယူသွားရန် ချိန်ရွယ်နေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။ ပြင်သစ်ဘက်ကလာသော သတင်းရင်းမြစ်တစ်ခုတွင်မူ မိုနာကိုအသင်းသို့ အဆိုပါကစားသမား၏ ပြောင်းရွှေ့မှုသည် လာမည့်သီတင်းပတ်တွင် ပြီးမြောက်ဖွယ်ရှိကြောင်း ဖော်ပြထားသည်။
- ဝက်စ်ဟမ်းအသင်းသည် အသက်(၂၈ နှစ်)အရွယ် အဲဗာတန်အသင်းမှ အိုင်ယာလန်ကွင်းလယ်ကစားသမား မက္ကာသီအား ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားဖြင့်ခေါ်ယူရန် စဉ်းစားနေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် လူရွေးချယ်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်က ကျင်းပမည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၆၀၊ ၇၀၊ ၈၀နှင့် ၈၀ ကီလိုအထက်တန်း ကာယဗလပြိုင်ပွဲများ၊ အသက်(၄၅ နှစ်)အထက် သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသားAthletic Physique ၊ Sports Physique ၊ Fitness Physique ပြိုင်ပွဲများ၊ အမျိုးသမီး ကာယကြံ့ခိုင်ပြိုင်ပွဲတွင်Athletic Physique ၊ Model Physique ၊ Fitness Physique ပြိုင်ပွဲများ၊ အမျိုးသား+အမျိုးသမီး Mixed Pairs ပြိုင်ပွဲများကို ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ ပြိုင်ပွဲသို့ ၂၀၁၈ ခုနှစ် အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့ကာယဗလပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများမှအပ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲမှ ထူးချွန်သည့်အားကစားသမားများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မေလတွင် ကျင်းပမည့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုအားကစားသမားအဖြစ် ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဇန်နဝါရီ ၁၇ ရက်နောက်ဆုံးထား၍ မင်္ဂလာတောင်ညွန့်မြို့နယ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဗလစိုး**

❄ *ကျောဖုံးမှ*

လာရောက်လျှောက်ထားသည့် နိုင်ငံခြားသားနည်းပြများအနက် ပဏာမအဆင့် စတင်ရွေးချယ်ကာ နောက်ဆုံးခန့်အပ်မည့်နည်းပြကို အဆင့်ဆင့်ရွေးချယ်မည်ဖြစ်သည်။ အန်တွမ်နီဟေးသည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ၂၀၁၈ ခုနှစ် မေလတွင် စတင်ခန့်အပ်ခံရသော်လည်း အဓိကပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသောကြောင့် ယင်းပြိုင်ပွဲအပြီးတွင် လမ်းခွဲခဲ့ရခြင်းဖြစ်သည်။ အန်တွမ်နီဟေးသည် မြန်မာယူ-၂၃ အသင်းနှင့် အာရှအားကစားပြိုင်ပွဲတွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး ရလဒ်ကောင်းရယူနိုင်သော်လည်း ဆူဇူကီးပြိုင်ပွဲတွင်မူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံခြားသားနည်းပြများသာ တာဝန်ပေးခဲ့ပြီး မြန်မာနည်းပြများကိုမူ ယာယီနှင့်ကာလတိုသာ တာဝန်ပေးအပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ ခုနှစ်တွင် အဓိကနိုင်ငံတကာ ပြိုင်ပွဲများကျင်းပရန်မရှိဘဲ နိုင်ငံတကာခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၃-၁-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပညာရေးစကားဝိုင်း "ပညာရေးတွင်ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်း"(အပိုင်း-၂)
- ၉း၃၀ - လှပစုံလင်အာဆီယံတစ်ခွင်
- ၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၁၅ - "ဖိတ်ခေါ်ပါသည် ပြည်ကျွန်းကြိုးဝိုင်းနှင့် ဆင်စခန်းဆီ"
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၁) (အမွေခံထောင်ချောက်)(ပထမပိုင်း)

**ညပိုင်း**

- ၁၆း၃၅ - "သဘင့်ဥသျှောင် အလင်္ကာဂုဏ်ဆောင် ရွှေမန်းတင်မောင်"
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း -၂) (အမွေခံထောင်ချောက်) (ဒုတိယပိုင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့် ခမ်းနားထွန်းပေါ် မြန်မာနိုင်ငံတော်"
- "MSMES မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စီးပွားရေးလုပ်ငန်း Small Level (ပထမဆုရ) အောင်ဇမ္ဗူလောင်စာတောင့်"
- မြန်မာဇာတ်လမ်းတွဲ "မော်လမြိုင်ရဲ့ည"(အပိုင်း-၇)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂)
- ဆေးရောင်စုံရုပ်ရှင် "သူ့ကျွန်မခံပြီ" (ပထမပိုင်း)

# အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်၌ မီးလောင်မှုကြောင့် နေအိမ် ၁၇ လုံး ဆုံးရှုံးပြီး ၈၃ ဦး မီးဘေးသင့်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ပိုင်ရှင် ဒေါ်စန်းမြင့်၏ သွပ်မိုး ပျဉ်ခင်း အုတ်ကြွပ်ကာ နှစ်ထပ်နေအိမ်၌ ဖယောင်းတိုင် မီးထွန်းရာတွင် မီးပေါ့ဆမှုကြောင့် ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီခွဲက မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ မီးလောင်ရာသို့ အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီ ဥက္ကဋ္ဌနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် ၂၉ စီး၊ အထောက်အကူပြုယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီး၊ မီးသတ်စက်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ညနေ ၆ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း အင်းစိန်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုကြောင့် နေအိမ် ၁၇ လုံး ပျက်စီးဆုံးရှုံးခဲ့ရာ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၈၃ ဦး မီးဘေးသင့်ခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**



# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မောင်တောမြို့နယ် ကြိမ်ချောင်း-တောင်ပြိုသွားကားလမ်း ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် မောင်တော မှ တောင်ပြိုသို့ ယာဉ်မောင်း လှသန်း (၄)မိုင်သာယာကုန်းရွာ မောင်တောမြို့နေသူ မောင်းနှင်လာသည့် 7I/---- NOAX ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်ပါသည့် ခရီးသည် မပိုင်းချေ(ခ)ခင်စန္ဒာသန်း တောင်ပြိုပဲကျေးရွာနေသူ၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ ကို ဖမ်းဆီးရမိခဲ့သဖြင့် စစ်မေးရာ မူးယစ်ဆေးဝါးများကို ၎င်း၏ခင်ပွန်း မင်းမင်းက ပြဿဒ်ကျေးရွာမှ တင်ဆောင်ပေးခဲ့၍ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ မင်းမင်းမှာ ဆိုင်ကယ်ဖြင့် ယာဉ်နောက်မှ လိုက်ပါလာခဲ့ကြောင်း သိရသဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို ကြိမ်ချောင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေး၍ ကွင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**






# နောင်ချို၊ သပိတ်ကျင်း၊ မောင်တောမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် ည ၈ နာရီက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ကျန်ဇိုးရှင်း မောင်းနှင်လာသည့် တိုယိုတာခရောင်းဆလွန်း မော်တော်ယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဆီခဲ ၁၂ ဒသမ ၉၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၊ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ငါးသိန်းနှင့် ATM ကတ် နှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာ သစ်ခွဲပင်သစ်ဆိပ်အနီး မိုးမိတ်-တွင်းငယ် ကားလမ်း၌ အောင်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ ၊ ဆိုင်ကယ်ရှေ့မီးခွက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းက မောင်တောမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မြို့မ(တောင်) ရပ်ကွက်နေ မိုဟာမက်ရီယာစ်(ခ)လေရှူး(ခ)ဇော်ဇော်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေး၌ အရက်တုမျိုးစုံ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မူးယစ်ဆေးဝါး ဖမ်းဆီးရေးအဖွဲ့ ခေါင်းဆောင် ရဲမှူးစိုးအောင်နှင့် ချမ်းအေးသာစံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီက ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် အကွက်(၆၁၉) တိုက်ခန်းအမှတ်(၁)နေ ကိုတူး၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ကိုတူး(ခ)ထွန်းဦး အား တွေ့ရှိရသည်။

နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ အရက်တုပြုလုပ်ရာ၌ အသုံးပြုသော ပုလင်းအဖုံးခွံများ၊ ရေစစ်များ၊ ဘောသီးပါ ပလတ်စတစ်ဘူးဆို့များ၊ ဝါရှာပြားများ၊ Black Label၊ Red Label၊ Gold Label၊ High Commissioner၊ Dunfife၊ Ballantines ၊ Glan Master စာတန်း တံဆိပ်ပါ စာရွက်များ၊ နိုင်ငံခြားထုတ် တံဆိပ်များပါ အရက်အတုဟု ယူဆရသော တံဆိပ်မျိုးစုံပါ အရက် ပုလင်း ၅၇၆၀ သိမ်းဆည်းရမိခဲ့သဖြင့် ကိုတူး(ခ)ထွန်းဦးအား ချမ်းအေးသာစံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**




# တာချီလိတ်၌ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

တာချီလိတ် ဇန်နဝါရီ ၂

**ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ငွေစေတီလမ်း၌ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးသုံးစွဲသူများကို မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။**



ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီ မိနစ် ၅၀ က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်းရှိ အားဘာ(ခ)နာတားလယ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ကိုကို (ခ) အသေးလေးနှင့် လီဝဲ(ခ)သောမက်စ်တို့ကို တွေ့ရှိရသည်။ ဆက်လက်ရှာဖွေရာ အားဘာ(ခ)နာတားလယ်၏ အိပ်ခန်းအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၁ ပြားနှင့် ဘိန်းစိမ်း ၁၅၀ ဂရမ်ခန့်၊ ဘိန်းဆီခဲ ၆၀ ဂရမ်ခန့်နှင့် မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ အားဘာ(ခ)နာတားလယ် (၃၀ နှစ်)၊ အောင်ကိုကို(ခ)အသေးလေး(၃၀ နှစ်) ငွေစေတီလမ်း ပုန်းထွန်ရပ်ကွက် တာချီလိတ်မြို့နေသူနှင့် လီဝဲ(ခ) သောမက်စ်(၂၅ နှစ်) တုံတာမြို့နေသူ **(ဝဲပုံ)** တို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# မိုးကောင်းမြို့နယ်၌ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**မိုးကောင်း ဇန်နဝါရီ ၂** - ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြို့သစ်ကြီးကျေးရွာ၌ ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီခန့်က သတင်းအရ နေအိမ်ဝင်ရောက်ရှာဖွေရာမှ ဘိန်းစိမ်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နမ္မတီးနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ဇော်ငြိမ်း ဦးစီးတပ်ဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် နမ္မတီးနယ်မြေရဲစခန်း အပိုင် မြို့သစ်ကြီးကျေးရွာ မဒုံးရပ်ကွက်နေ ဦးမောင်ဆိုင်(၆၃ နှစ်)၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း ၁၁၂ ဒသမ ၅၆ ဂရမ်နှင့် မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ ဦးမောင်ဆိုင်အား နမ္မတီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဒီဇင်ဘာလအတွင်း ယာဉ်မတော်တဆမှု ၃၉ မှု ဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ၅၆ ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ဒီဇင်ဘာလအတွင်းက ယာဉ်မတော်တဆမှုပေါင်း ၃၉ မှုဖြစ်ပွားခဲ့ရာ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦး ပေါင်း ခုနစ်ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၂၂ ဦး ပေါင်း ၅၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့အတူ ပြီးခဲ့သည့် ဩဂုတ်လတွင်လည်း ၃၈ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း ခြောက်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၁၆ ဦး ပေါင်း ၄၄ ဦး ဒဏ်ရာရရှိခဲ့သည်။

အလားတူ စက်တင်ဘာလတွင် ၄၄ မှုဖြစ်ပွားခဲ့ရာ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး ပေါင်း ငါးဦးသေဆုံးခဲ့ပြီး အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၂၂ ဦး ပေါင်း ၅၈ ဦး ဒဏ်ရာရရှိခဲ့သည်။ အောက်တိုဘာလတွင် ယာဉ်မတော်တဆမှု ၄၅ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၁ ဦး ပေါင်း ၂၉ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၅၆ ဦး ပေါင်း ၁၀၇ ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ နိုဝင်ဘာလအတွင်းကလည်း ၄၈ မှုဖြစ်ပွားခဲ့ရာ အမျိုးသား နှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ၃၂ ဦး ပေါင်း ၈၅ ဦး ဒဏ်ရာရရှိခဲ့သည်။ သို့ပါ၍ ၂၀၁၈ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလကုန်အထိ ယာဉ်မတော်တဆမှုပေါင်း ၂၁၄ မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၄၉ ဦးနှင့် ဒဏ်ရာ ရရှိသူ ၃၅၀ ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# နယ်စပ်ခြံစည်းရိုးကိုကျော်ဖြတ်ပြီး အမေရိကန်သို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ရွှေ့ပြောင်းသွားလာသူများကို မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်တားဆီး

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂**

အမေရိကန်-မက္ကဆီကို နယ်စပ်ခြံစည်းရိုးကို ကျော်ဖြတ်ပြီး ကယ်လီဖိုးနီးယားပြည်နယ်သို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ရွှေ့ပြောင်းသွားလာသူ ၁၅၀ ခန့်ကို အမေရိကန်နိုင်ငံ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့များက ယမန်နေ့က မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်တားဆီးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အမေရိကန်-မက္ကဆီကိုနယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ရွှေ့ပြောင်း သွားလာသူ ၁၅၀ ခန့်နှင့် အမေရိကန်နိုင်ငံ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် နှစ်သစ်ကူးရက်အစောပိုင်းတွင် ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း ပြည်တွင်းသတင်းရုပ်သံလိုင်း အင်န်ဘီစီ-၇တွင် ဖော်ပြခဲ့သည်။

ရွှေ့ပြောင်းသွားလာသူများသည် ခြံစည်းရိုးကိုကျော်ကာ အမေရိကန်တပ်ဖွဲ့ဝင်များကို ကျောက်တုံးများဖြင့် ပစ်ခတ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များကလည်း ဓာတ်ငွေ့ဗုံးများ၊ ရေတ်ကောင်းဖျန်းဆေးများနှင့် မျက်ရည်ယိုဗုံးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ အမေရိကန်တပ်ဖွဲ့များသည် အဆိုပါ ရုန်းရင်းဆန်ခတ်ကိစ္စအတွင်း ရော်ဘာကျည်ဆန်များကို အသုံးပြုခဲ့ကြောင်း ဆန်ဒီယာဂိုအခြေစိုက် စေတနာ့ဝန်ထမ်းအုပ်စုတစ်စုက ပြောခဲ့သည်။

ဆယ်ကျော်သက်များပါဝင်သော ရွှေ့ပြောင်းသွားလာသူများသည် နယ်စပ်ခြံစည်းရိုးတွင် တပ်ဆင်ထားသည့် ဘလိတ်ဓားကြိုးများကို ဂျာကင်အထူကြီးများဖြင့် ဖုံးအုပ်ကျော်တက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဆယ်ကျော်သက်နှစ်ဦးအပါအဝင် ရွှေ့ပြောင်းသွားလာသူ ၂၅ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



အမေရိကန်နယ်စပ်ကိုဖြတ်ကျော်ရန် ကြိုးစားနေသည့် ရွှေ့ပြောင်းသွားလာသူများကို အမေရိကန်တပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်တားဆီးစဉ်။

# လာမည့် ရွေးကောက်ပွဲများတွင် လက်ရှိအာဏာရပါတီ အနိုင်ရမည်ဟု ယုံကြည်ကြောင်း မိုဒီပြော



အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ

**နယူးဒေလီ ဇန်နဝါရီ ၂**

အိန္ဒိယနိုင်ငံတွင် ဧပြီလမှ မေလအထိ ကျင်းပသွားမည့် အထွေထွေရွေးကောက်ပွဲများတွင် လက်ရှိအာဏာရပါတီဖြစ်သည့် ဘာရာတီယဂျာနာတာပါတီ(ဘီဂျေပီ)ကအနေဖြင့် အနိုင်ရလိမ့်မည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက မကြာသေးမီတွင် ပြောကြားလိုက်သည်။

လွန်ခဲ့သည့် ဒီဇင်ဘာလက ကျင်းပခဲ့သည့် ပြည်နယ်ရွေးကောက်ပွဲများတွင် ဘီဂျေပီပါတီသည် အရေးပါသည့် ပြည်နယ်သုံးခုတွင် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှုံးနိမ့်မှုသည် ၂၀၁၄ ခုနှစ်တွင် မိုဒီဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ပထမဆုံးအကြိမ် ရှုံးနိမ့်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှုံးနိမ့်မှုကို လေ့လာခြင်းဖြင့် အထွေထွေရွေးကောက်ပွဲများတွင် အတိုက်အခံ ကွန်ဂရက်ပါတီနှင့် မဟာမိတ်အဖွဲ့များသည် ဘီဂျေပီပါတီကို ကျော်လွန်ကာ အသာစီးရခဲ့သည်ကို တွေ့ရသည်။

ပြီးခဲ့သည့် ပြည်နယ်ရွေးကောက်ပွဲများတွင် မည်သည့်အတွက်ကြောင့် ရှုံးနိမ့်ခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး ပါတီအတွင်း ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း ရွေးကောက်ပွဲတွင် နိုင်သည်၊ ရှုံးသည် ဆိုသည့် ကိစ္စတစ်ခုတည်းကိုသာ ကြည့်၍မရကြောင်း ဝန်ကြီးချုပ်က ပြောခဲ့သည်။

ထို့အပြင် ဝန်ကြီးချုပ်မိုဒီက စက်တင်ဘာလက စတင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့သော ဆင်းရဲသား ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းသစ်ကဲ့သို့ အရေးပါသည့် အစိုးရ၏ စီမံကိန်းများကို အလေးပေး ပြောဆိုစည်းရုံးရန် လိုအပ်ကြောင်း ပြောခဲ့သည်။

ထို့အတူ ပါတီအနေဖြင့် အထွေထွေ ရွေးကောက်ပွဲ မတိုင်မီ အခြားပါတီများနှင့် လက်တွဲလုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစိုးရနှင့် မူဝါဒရေးရာ ကိစ္စရပ်များတွင် သဘောထားကွဲလွဲမှုများ လအတန်ကြာဖြစ်ပြီးနောက် အိန္ဒိယဗဟိုဘဏ်အကြီးအကဲ အာဂျစ်ပါတယ် နုတ်ထွက်သွားသည့် ကိစ္စနှင့်ပတ်သက်ပြီး ဗဟိုဘဏ်အနေဖြင့် အစိုးရ၏ လွှမ်းမိုးခံရမှု ရှိ မရှိ အပေါ် အမြင်မရှင်းမှုများ ရွေးကောက်ပွဲမတိုင်ခင် ထွက်ပေါ်ခဲ့ကြောင်းလည်း သိရသည်။ **အေအက်ဖ်ပီ**

# အာဖဂန်သမ္မတရွေးကောက်ပွဲ သုံးလကြာအောင် ရွှေ့ဆိုင်းထားမည်

**ကဘူးလ် ဇန်နဝါရီ ၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် ကျင်းပရန်စီစဉ်ထားသည့် ရွေးကောက်ပွဲကို နောက်ထပ်သုံးလအထိ ရွှေ့ဆိုင်းလိုက်သည်။ ရွေးကောက်ပွဲကို မူလက ဧပြီလ ၂၀ ရက်တွင် ကျင်းပရန်စီစဉ်ထားခဲ့ပြီးနောက်တွင် ဇူလိုင်လ ၂၀ ရက်မှသာ ကျင်းပတော့မည်ဖြစ်ကြောင်း လွတ်လပ်သောရွေးကောက်ပွဲကော်မရှင်က တနင်္ဂနွေနေ့တွင် ကြေညာလိုက်ကြောင်း သိရသည်။

ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် အားနည်းမှုများရှိနေသည့်အပြင် ရန်ပုံငွေမလုံလောက်မှုများကြောင့် ရွေးကောက်ပွဲကိုရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ လုံခြုံရေးအခြေအနေများ ယိုယွင်းနေသည်ဟုလည်း ဖော်ပြထားသည်။

အာဖဂန်၌ ရွေးကောက်ပွဲကျင်းပမှုကို သုံးနှစ်ကြာအောင် ရွှေ့ဆိုင်းလာခဲ့ပြီးနောက် ပြီးခဲ့သည့် အောက်တိုဘာလက အောက်လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး ပြည်နယ်အချို့တွင် မသမာမှုများရှိသည်ဟူသော စွပ်စွဲချက်များပေါ်ထွက်လာခဲ့သည်။ အဆိုပါ ပြည်နယ်များတွင် ရွေးကောက်ပွဲရလဒ်များကို ကြေညာခြင်းမရှိသေးပေ။

အာဖဂန်၌ တပ်ဖွဲ့ဝင်များကိုဖြန့်ကြက်ထားသည့် အမေရိကန်အစိုးရနှင့်အာဖဂန်အစိုးရကိုဆန့်ကျင်သည့် တာလီဘန်စစ်သွေးကြွများအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုကို ပြီးခဲ့သည့်ဇူလိုင်လ ကတည်းက ပြုလုပ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ခါရှော့ဂျီ၏ အလောင်းပါသည်ဟု ယူဆရသည့်အိတ်များ သယ်ယူနေသည့်ပုံရိပ်များကို တူရကီရုပ်မြင်သံကြားတွင်ပြသ

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂**

အစ္စတန်ဘူလ်မြို့ရှိ ဆော်ဒီအာရေဗျ ကောင်စစ်ဝန်၏ အိမ်တွင် သတင်းထောက် ဂျမားလ်ခါရှော့ဂျီ၏အလောင်းပါဝင်သည်ဟု ယူဆရသည့် အိတ်များကို သယ်ဆောင်နေသည့် အမျိုးသားများ၏ ဗီဒီယိုဖိုင်ကို တူရကီနိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။

တနင်္ဂနွေနေ့က ထုတ်လွှင့်ခဲ့သည့် အဆိုပါ ဗီဒီယိုဖိုင်ထဲတွင် အမျိုးသားများသည် အနက်ရောင် ခရီးဆောင်သေတ္တာများနှင့် လွယ်အိတ်များကို သယ်ကာ ကောင်စစ်ဝန်၏ နေအိမ်ဝင်ပေါက်ကို သီးခြားစီ ဖြတ်သန်းသွားမှုကို ပြသထားသည်။

ဆော်ဒီအစိုးရကို ပြစ်တင်ဝေဖန်သည့် ရေးသားမှုများ လုပ်ဆောင်ခဲ့သည့် ခါရှော့ဂျီသည် ပြီးခဲ့သည့် အောက်တိုဘာလက အစ္စတန် ဘူလ်မြို့ရှိ ဆော်ဒီကောင်စစ်ဝန်ရုံး၌ အသတ်ခံခဲ့ရသည်။




တူရကီရုပ်သံမှ ထုတ်လွှင့်ပြသခဲ့သည့် ပုံရိပ်

အဆိုပါသတ်ဖြတ်မှုတွင် ဆော်ဒီအာရေဗျ ပါဝင်ပတ်သက်နေကြောင်း ပေါ်ပေါက်ခဲ့သော်လည်း ခါရှော့ဂျီ၏ အလောင်းကို ရှာမတွေ့ခဲ့ပေ။ အချို့က ယင်းသတ်ဖြတ်မှုတွင် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန် ပါဝင် ပတ်သက်နေသည်ဟု စွပ်စွဲခဲ့ကြသည်။

ဆော်ဒီအာရေဗျ အစိုးရအဖွဲ့ကမူ အိမ်ရှေ့မင်းသား ဆယ်လ်မန်ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆန်ခဲ့ကြသည်။ သို့သော်လည်း တူရကီအစိုးရက ခါရှော့ဂျီကို သတ်ဖြတ်ရန် မည်သူက အမိန့်ပေးခဲ့သည်ကို အမှုမှန် ပေါ်ပေါက်အောင် ဆောင်ရွက်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## လူမှုဖူလုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်မည်ဟု ဂျပန်ဝန်ကြီးချုပ် ကတိပြု

**တိုကျို ဇန်နဝါရီ ၂**

အသက်ကြီး ပုဂ္ဂိုလ်အရေအတွက် များပြားနေပြီး ကလေးမွေးဖွားမှုနှုန်း ကျဆင်းနေသည့် အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် ဆုံးဖြတ်ချက်ကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် အင်္ဂါနေ့က နှစ်သစ်ကူးမိန့်ခွန်းပြောကြားခဲ့ရာတွင် ဝန်ကြီးချုပ်အာဘေးက ၎င်း၏ အစိုးရအဖွဲ့သည် ကလေးငယ်များ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမား ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မျိုးဆက်အားလုံးကို ဦးတည်သည့် လူမှုဖူလုံရေး စောင့်ရှောက်မှုစနစ် တစ်ခုဖြစ်လာစေရန် ပြုပြင်ပြောင်းလဲသွားမည်ဟုလည်း ကတိပြုခဲ့ကြောင်း သိရသည်။

ရုရှားနှင့်ငြိမ်းချမ်းရေး သဘောတူညီမှုတစ်ရပ်အတွက် ညှိနှိုင်းဆွေးနွေးမှုအပါအဝင် ဂျပန်၏ စစ်ပြီးခေတ် သံတမန်ရေးကိစ္စကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်သွားမည်ဟု ၎င်းကပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်တောင်ပိုင်း လေ့ကျင့်ရေးစခန်းတစ်ခုကို တာလီဘန်တို့ တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်ငါးဦးကျဆုံး

**ကန်ဒါဟာ ဇန်နဝါရီ ၂**

အာဖဂန်တောင်ပိုင်း ကန်ဒါဟာပြည်နယ် မေဝန်ခရိုင်ရှိ တပ်မတော် လေ့ကျင့်ရေးစခန်းတစ်ခုကို ပြီးခဲ့သည့်အင်္ဂါနေ့ ညက တာလီဘန် စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင်ငါးဦး ကျဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

စစ်သွေးကြွများက လေ့ကျင့်ရေးစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက်တွင် အာဖဂန် အမျိုးသားတပ်မတော် တာဝန်ရှိသူများသည် လက်နက်များကိုင်ဆောင်ထားကြသည့် တာလီဘန်စစ်သွေးကြွများကို ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြကြောင်း ဒေသအာဏာပိုင်တစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အပြန်အလှန် ပစ်ခတ်မှုများအတွင်း စစ်သွေးကြွအများအပြားလည်း သေဆုံးခဲ့ပြီး အချို့ ဒဏ်ရာရရှိခဲ့ကြကြောင်း၊ သို့သော် အရေအတွက်ကို အတိအကျ မဖော်ပြနိုင်ကြောင်း ၎င်းက ပြောသည်။

လုံခြုံရေး အင်အားစုများက ကန်ဒါဟာ ပြည်နယ်တစ်လျှောက် ရှာဖွေရေးနှင့် အစောင့်အကြပ်များ တန်းစီချထားသည့် စစ်ဆင်ရေး ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိရာ လုံခြုံရေးအခြေအနေ တိုးတက်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ထင်သလောက်ခရီးမပေါက်နိုင်သေးတဲ့ ယီမင်အပစ်အခတ်ရပ်စဲရေး

**ကလျာမိုးမြင့်**

ယီမင်နိုင်ငံမှာ ကုလသမဂ္ဂက ကြားဝင်စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးထားတဲ့ အပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ်ကို ဟိုဒေးဒါးဆိပ်ကမ်းမြို့မှာ လက်မှတ်ရေးထိုးခဲ့ကြတာ အားလုံးသိကြတဲ့ အတိုင်းပဲဖြစ်ပါတယ်။ အခုအခါမှာတော့ ပဋိပက္ခဖြစ်ပွားတဲ့ နှစ်ဖက်အဖွဲ့အစည်းတွေက အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို သူဖောက်ဖျက်တယ်၊ ငါဖောက်ဖျက်တယ်နဲ့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်စွပ်စွဲမှုတွေ ပြုလုပ်လာကြပြန်ပါပြီ။

တကယ်တော့ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စတင်အသက်ဝင်ပြီး မိနစ်ပိုင်းအကြာမှာပဲ သဘောတူညီချက် ပျက်ပြယ်မှုတွေရှိခဲ့တယ်လို့ သတင်းထွက်ပေါ်မှုတွေရှိပါတယ်။ ယီမင်ရဲ့အချက်အချာဖြစ်တဲ့ ဟိုဒေးဒါး ဆိပ်ကမ်းမှာအပစ်အခတ်ရပ်စဲကြဖို့ ယီမင်ပြည်တွင်းစစ်မှာ ပါဝင်နေတဲ့ နှစ်ဖက်အဖွဲ့အစည်းတွေက ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက် ညသန်းခေါင်အချိန်မှာ သဘောတူခဲ့ကြတာ ဖြစ်ပါတယ်။

### သဘောတူစာချုပ်ကိုချိုးဖောက်

ယီမင်သမ္မတဟောင်းကို ကျောထောက်နောက်ခံပေးနေတဲ့ ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့ဟာ ပြီးခဲ့တဲ့ ၂၄ နာရီမှာ အီရန်မဟာမိတ်ပြုထားတဲ့ ဟူသီသူပုန်တွေက အပစ်အခတ် ရပ်စဲရေးစာချုပ်ကို ၁၄ ကြိမ်တိတိ ချိုးဖောက်ခဲ့တာကို မှတ်တမ်းတင်ခဲ့တယ်လို့ ဆော်ဒီနိုင်ငံပိုင် အယ်လ်အာရေဗျရုပ်သံက ဖော်ပြခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရီယာ့ဒ်မှာ အခြေစိုက်လျက်ရှိတဲ့ ယီမင်အစိုးရကတော့ ရန်သူအဖြစ် သတ်မှတ်ထားတဲ့ ဟူသီသူပုန်တွေကို ဟိုဒေးဒါ ဆိပ်ကမ်းဆီကနေ ဆုတ်ခွာဖို့အသစ်ထပ်မံ တောင်းဆိုလာခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲရေးဟာ အခုလအစောပိုင်းက စတော့ဟုမ်းမှာ သဘောတူညီမှုရရှိခဲ့ပြီး ဖြစ်ပါတယ်။

### ဆိပ်ကမ်းကဆုတ်ခွာဖို့လို

ဟိုဒေးဒါဆိပ်ကမ်း အပစ်အခတ်ရပ်စဲရေး စတော့ဟုမ်း သဘောတူညီမှုအရ ဟူသီသူပုန်တွေဟာ ဟိုဒေးဒါမြို့နဲ့ ဆိပ်ကမ်းတွေဆီကနေ ဆုတ်ခွာရမှာဖြစ်တယ်လို့ အစိုးရက လည်ပတ်ဆောင်ရွက်နေတဲ့ ဆာဘာသတင်းအေဂျင်စီက နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဟာဒရာမီရဲ့ ပြောဆိုမှုကို ကိုးကားလျက်ဖော်ပြခဲ့ပါတယ်။

သဘောတူညီထားသလို ဆိပ်ကမ်းတွေကနေ ဆုတ်ခွာခဲ့ပြီးပြီလို့ သူပုန်အဖွဲ့ရဲ့ ချေပပြောဆိုမှုကို နိုင်ငံခြားရေးဝန်ကြီး ဟာဒရာမီက လက်သင့်မခံပါဘူး။ လက်မခံတဲ့အပြင် သူပုန်တွေဟာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ရှောင်လွှဲဖို့ ဉာဏ်ဆင်နေတယ်လို့လည်း စွပ်စွဲထားပါသေးတယ်။

သို့သော်လည်း ဟူသီသူပုန်အဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူ ယာ့ရာဆာရီက ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ဟာ ဟိုဒေးဒါပြည်နယ်မှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီစာချုပ်ကို ကြေညာခဲ့တဲ့ အချိန်ကစပြီး စာချုပ်ကို ၈၀၁ ကြိမ် ချိုးဖောက်ခဲ့တယ်လို့ စွပ်စွဲလိုက်ပါတယ်။

### အစိုးရတပ်ဖွဲ့တွေ ဆုတ်ခွာပေးဖို့ တောင်းဆို

မြို့တော်ဆာနားမှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဆာရီက ၎င်းတို့သူပုန်အဖွဲ့ဟာ သဘောတူညီထားတဲ့အတိုင်း ဆိပ်ကမ်းတွေဆီကနေ ဆုတ်ခွာလာခဲ့ပြီးပြီ။ ဒီတော့ စာချုပ်မှာပါတဲ့အတိုင်း ဟိုဒေးဒါဆိပ်ကမ်းမြို့ရဲ့ အရှေ့ဘက်ခြမ်းဆီကနေ အစိုးရတပ်ဖွဲ့တွေ ဆုတ်ခွာပေးပါဆိုပြီး



ဆာနားတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဟူသီသူပုန်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ယာ့ရာဆာရီက သတင်းထောက်များ၏မေးမြန်းမှုကို ဖြေကြားနေစဉ်။

သူပုန်အဖွဲ့က တောင်းဆိုထားသလိုလုပ်ဖို့ ထပ်ပြီး တိုက်တွန်းလိုက်ပါတယ်။ ပြီးခဲ့တဲ့ စနေနေ့က ဟူသီသူပုန်အဖွဲ့ဟာ စာချုပ်ပါသဘောတူညီချက်အတိုင်းဟိုဒေးဒါဆိပ်ကမ်းဆီကနေ စတင်ဆုတ်ခွာနေပြီလို့ ပြောခဲ့ပါတယ်။

ဟိုဒေးဒါဆိပ်ကမ်းမြို့ဆီကနေ ပြန်လည်နေရာချထားမှု ပထမအဆင့်ခြေလှမ်းကို အကောင်အထည်ဖော်ဖို့အတွက် ဒီလိုဆုတ်ခွာတာဖြစ်တယ်လို့ သူပုန်အဖွဲ့ကဆိုခဲ့တာ ဖြစ်ပါတယ်။ ဒါကို တုံ့ပြန်တဲ့အနေနဲ့ ကုလသမဂ္ဂ အဖွဲ့ကြီးက အကယ်၍ နှစ်ဖက်အဖွဲ့အစည်းတွေနဲ့ ကုလသမဂ္ဂဟာ စတော့ဟုမ်း သဘောတူညီမှုနဲ့အညီ ဆောင်ရွက်တာကို တွေ့ရှိရတယ်ဆိုရင် ဟိုဒေးဒါ ဆိပ်ကမ်းဆီကနေ ပြန်လည်နေရာချထားမှု ဆောင်ရွက်မှုတိုင်းဟာ ချီးကျူးဖွယ်ဖြစ်တယ်လို့ ဖော်ပြချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။

### ပြန်လည်နေရာချထားရေးဆွေးနွေးကြမယ်

ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်အပ်လိုက်တဲ့ ပြန်လည်နေရာချထားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ (RCC) ရဲ့ ဥက္ကဋ္ဌ ပက်ထရစ်ကင်မာ့တ်ဟာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ အစည်းအဝေးတစ်ရပ်ခေါ်ယူမှာ ဖြစ်ပါတယ်။ RCC ရဲ့နောက်ထပ် အစည်းအဝေးမှာ ပြန်လည်နေရာချထားရေး အစီအစဉ်တွေနဲ့ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်စစ်ဆေးဖို့နဲ့ စံပြုလောက်တဲ့ ပြန်လည်နေရာချထားရေး ပြီးမြောက်အောင်မြင်ဖို့ လိုအပ်တဲ့လုပ်ငန်းလည်ပတ်မှု ယန္တရားတွေနဲ့ပတ်သက်ပြီး ဆွေးနွေးသွားကြမယ်လို့ သိရပါတယ်။

ပြန်လည်နေရာချထားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီမှာ ယီမင်ရှိ ပဋိပက္ခဖြစ်ပွားနေတဲ့ နှစ်ဖက်အဖွဲ့အစည်းက တာဝန်ရှိ ကိုယ်စားလှယ်တွေ ပါဝင်နေပါတယ်။

အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ဆောင်ရွက်မှုနဲ့ ယှဉ်ပြိုင်ဘက် အဖွဲ့အစည်းတွေကြားမှာ အပြန်အလှန်ယုံကြည်မှု ပြန်လည်တည်ဆောက်မယ့် ဆောင်ရွက်ချက်တွေကို ခြုံငုံစစ်ဆေးဖို့အတွက် ကင်မာ့တ်ဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဟိုဒေးဒါဆိပ်ကမ်းမြို့ဆီကို ရောက်ရှိလာခဲ့ပါတယ်။

### ဆုတ်ခွာမှုအမြန်ပြီးစီးဖို့လို

အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်မှုတွေနဲ့ ဆက်နွှယ်နေတဲ့ ဟိုဒေးဒါ၊ ဆာလစ်ဖ်၊ ရက်စ် အီဆာနဲ့ မြို့ရဲ့အချက်အချာကျတဲ့ အစိတ်အပိုင်းတွေဆီကနေ ဆုတ်ခွာဖို့ကို အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်ပြီး နှစ်ပတ်အကြာမှာ ပြီးစီးအောင် ဆောင်ရွက်ဖို့လိုပြီး အဆိုပါ နေရာတွေကနေ ဆုတ်ခွာပြီးစီးဖို့ အလွန်ဆုံးကြာချိန်ဟာ ၂၁ ရက်အတွင်းမှာ အပြီးဖြစ်သင့်ပါတယ်။

ဆော်ဒီအာရေဗျဟာ အီရန်ကျောထောက်နောက်ခံပြုထားတဲ့ ဟူသီသူပုန်အဖွဲ့ကို ဆန့်ကျင်တဲ့အနေနဲ့ ယီမင်မှာရှိတဲ့ အာရပ်စစ်ဘက်ဆိုင်ရာ မဟာမိတ်အဖွဲ့ကို ဦးဆောင်နေခဲ့တာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မတ်လကတည်းက ဖြစ်ပါတယ်။

ဒီလိုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းပြည်အတွင်းကနေ နှင်ထုတ်ခံထားရတဲ့ ယီမင်သမ္မတဟောင်း အဗ္ဗဒူရာဘူမန်ဆောဟာဒီကို နေရာပြန်ပေးချင်လို့ပဲ ဖြစ်ပါတယ်။

### နိုင်ငံ့အချက်အချာဟိုဒေးဒါ

နိုင်ငံတကာ အထောက်အပံ့တွေ အဓိကဝင်ရောက်တဲ့ ဟိုဒေးဒါဆိပ်ကမ်းမှာ နှစ်ဖက်အဖွဲ့တွေ တိုက်ပွဲအနည်းငယ် ရှိခဲ့တယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။ ဟိုဒေးဒါဆိပ်ကမ်းဟာ ပြည်ပကတင်သွင်းတဲ့ အစားအစာ၊ လောင်စာဆီနဲ့ ဆေးဝါးတွေကို မှီခိုနေရတဲ့ ယီမင်နိုင်ငံသား သုံးပုံနှစ်ပုံအတွက် အသက်သွေးကြော တစ်ခုပါ။

၂၀၁၅ ခုနှစ်မှာ စတင်ခဲ့တဲ့ ယီမင်ပြည်တွင်းစစ်ကြောင့် နိုင်ငံသား ၂၂ သန်းကျော်ဟာ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ အရေးပေါ် လိုအပ်နေပါတယ်။ လူနှစ်သန်းဟာဆိုရင် နေအိမ်တွေကနေ စွန့်ခွာရမယ့် အခြေအနေရောက်နေပြီး ကလေးငယ် ၂၅ ရာခိုင်နှုန်းဟာလည်း ပညာသင်ကြားခွင့် မရတော့ပါဘူး။

**ကိုးကား-ဆင်ဟွာ**

> **“သဘောတူညီထားသလို ဆိပ်ကမ်းတွေကနေ ဆုတ်ခွာခဲ့ပြီးပြီလို့ သူပုန်အဖွဲ့ရဲ့ ချေပပြောဆိုမှုကို နိုင်ငံခြားရေးဝန်ကြီး ဟာဒရာမီက လက်သင့်မခံပါဘူး။ လက်မခံတဲ့အပြင် သူပုန်တွေဟာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ရှောင်လွှဲဖို့ ဉာဏ်ဆင်နေတယ်လို့လည်း စွပ်စွဲထားပါသေးတယ်”**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ် ဘက်စုံသားဖွားဒီပလိုမာအပ်နှင်းပွဲ တက်ရောက်

**ပုသိမ် ဇန်နဝါရီ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက ပြုလုပ်သော ပဉ္စမအကြိမ် ဘက်စုံသားဖွားဒီပလိုမာ အပ်နှင်းခြင်းအခမ်းနားကို ယနေ့ နံနက်က ပုသိမ်မြို့ ပုသိမ်ဟိုတယ်ခန်းမတွင် ကျင်းပရာ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ဆောင်နေသည့် ပြည်သူတစ်ရပ်လုံးသည် ကျန်းမာမှသာလျှင် မိမိတို့လုပ်ဆောင်ရန် ကိစ္စအဝဝကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ဆောင်မှုကို ဆောင်ရွက်ရမည့် သင်တန်းဆင်းများအနေဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး နိုင်ငံ့တာဝန်ကို တစ်ထောင့်တစ်နေရာက ကျရာတာဝန်ကို ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍတွင် သားဖွားဆရာမများသည် တကယ့်ကျောရိုးမဏ္ဍိုင်ကဲ့သို့ မရှိမဖြစ် အရေးပါလှကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေလူတန်းစားဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူတို့၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသာမကဘဲ အဓိကကျသည့် မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်းများ လျော့ချနိုင်ရန်အတွက် ကျွမ်းကျင်သည့် သားဖွားဆရာမများ မွေးထုတ်ရန် နိုင်ငံတော်အတွက် အလွန်အရေးပါလှကြောင်း ပြောကြားသည်။

ထို့နောက် ဘက်စုံသားဖွားဒီပလိုမာ အပ်နှင်းခြင်းခံရသည့် သင်တန်းဆင်းများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခဲ့ကြပြီးနောက် ပုသိမ်မြို့ သူနာပြုသားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကပေါ်ရှီက သားဖွားဒီပလိုမာ အပ်နှင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဘက်စုံသားဖွားဒီပလိုမာလက်မှတ် အပ်နှင်းခြင်းခံရသော သင်တန်းသူ ၆၅ ဦးတို့ကို ကျောင်းအုပ်ဆရာမကြီးက တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်း



ဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုသိမ် သူနာပြုသားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြများ၊ သင်တန်းသူများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မင်းထွန်းဇော်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်ပြည်သူများနှင့် တွေ့ဆုံ

**ဘားအံ ဇန်နဝါရီ ၂**

ကရင်ပြည်နယ်အတွင်း တောရောမြို့ပါမကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က ကော့ရင်းအထက်ကျေးရွာအုပ်စုနှင့် ဘင်ဂျီကျေးရွာအုပ်စုတို့ရှိ ကျေးလက်နေပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော့ရင်းအထက်ကျေးရွာအုပ်စု အုန်းသျှစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း သန္တိသုခကျောင်း ဆောင်၌ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ကောသလအား ဖူးမြော်ကြည်ညို၍ ငါးသေတ္တာ၊ ဆီ၊ ခေါက်ဆွဲခြောက် အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကော့ရင်းအထက်ကျေးရွာအုပ်စုရှိ တောင်ကလေး၊ အနန်းပင်ကုန်း၊ တောင်ကုန်း၊ ရွှေနီ၊ ရွာကလေး၊ ပန်းဘူး၊ ဥသျှစ်ကုန်း၊ ချမ်းသာကုန်းကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက်များဖြစ်သော လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ မြေယာကိစ္စရပ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာသင်တန်းများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက မိမိတို့ကျေးရွာအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘင်ဂျီရွာကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဝါသဝအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဘင်ဂျီကျေးရွာအုပ်စု ရွာကြီးနှင့် ရွာကလေးကျေးရွာတို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဘုရင့်ညီနောင်ရတနာလိုဏ်ဂူတောင်ပတ်လမ်းနှင့် ဘင်ဂျီကျေးရွာဆက် မြေသားလမ်းတာပေါင်ဖို့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# စဉ့်ထည်လုပ်ကိုင်သူများ အခြားလုပ်ငန်းများပြောင်းလဲလုပ်ကိုင်

**ရွှေဘို ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့တွင် မိရိုးဖလာ လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိသော စဉ့်ထည်လုပ်ငန်းကို လုပ်ကိုင်သူနည်းပါးလာပြီး အခြားလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်သူများပြားလာကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

"စဉ့်ထည်လုပ်ငန်းက ဈေးကွက်ပျောက်လာတယ်။ တစ်နေ့လုပ်တစ်နေ့စားလုပ်ရတဲ့သူတွေဆို အဆင်မပြေတော့ တခြားအလုပ်တွေကို ပြောင်းပြီးလုပ်ကြတယ်။ ကျွန်တော်တို့ဒေသမှာ သပိတ်ကျင်းငလျှင်လှုပ်ပြီးတဲ့ နောက်ပိုင်းမှာ စဉ့်ထည်လုပ်ငန်းကို လုပ်တဲ့သူတွေ သိသိသာသာကို နည်းသွားတယ်။ အဲဒီကြားထဲမှာ နည်းပညာအခက်အခဲတွေ၊ အခြားအခက်အခဲတွေကလည်း ရှိနေသေးတော့ အခြားအလုပ်ပြောင်းသွားကြတာများတယ်" ဟု နွယ်ငြိမ်းကျေးရွာမှ စဉ့်ထည်လုပ်ငန်းလုပ်ကိုင်သူ ဦးအောင်ဇော်ဦးက ပြောသည်။

စဉ့်ထည်လုပ်ငန်းကို ရွှေဘို (ကျောက်မြောင်း)မြို့နယ်ရှိ နွယ်ငြိမ်း၊ ရွှေခွန်၊ ရွှေတိုက်၊ မလားကျေးရွာတို့တွင် အများဆုံးလုပ်ကိုင်ကြပြီး ယခင်က ကျေးရွာ လေးရွာရှိ အိမ်ထောင်စု ၃၅၀၀ ခန့်တွင် စဉ့်ထည်လုပ်ငန်းကို လုပ်ကိုင်ကြရာမှ ယခုအခါတွင် စဉ့်ထည်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးခန့်သာ ရှိပြီး ကျန်သူများသည် အခြားလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ဝင်းဦး (ဧယျာတိုင်း)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ဒီဇင်ဘာနောက်ဆုံးပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းယုလှိုင်က ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စဉ်။ မြတ်မွန်ထွေး

# တိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော် မိုးပြဲ၌ ဖွင့်

**တောင်ကြီး ဇန်နဝါရီ ၂**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော် ဖွင့်ပွဲကို ယမန်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် မိုးပြဲမြို့အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော် ဖွင့်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု တိုင်းရင်းသားလူငယ်အားကစားသမားများသည် အချင်းချင်း ချစ်ကြည်ပူးပေါင်းမှုရရှိပြီး အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်စေရန် ဖြစ်ကြောင်း၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော်တွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော အားကစားနည်းသုံးမျိုး ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း၊ ပွဲတော်တွင် အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်ကို အရင်းခံပြီး ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်ကို နာခံကြရန်နှင့် ပြိုင်ပွဲကို ကြီးကြပ်မည့် ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှုကင်းရှင်းပြီး ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများအတိုင်း တရားမျှတစွာ တိတိကျကျ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးသွားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော အလှူငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော် ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားကာ ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်များကို ဒုတိယဥက္ကဋ္ဌ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ရှင်းလင်းပြောကြား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အားပေးစကားပြောကြားကြောင်းနှင့် ကယန်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်က အားကစားပွဲတော် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီးက အားကစားပစ္စည်းများကို ထောက်ပံ့ပေးခြင်းနှင့် ကုမ္ပဏီက လှူဒါန်းသော အလှူငွေများကို ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# မိတ္ထီလာမြို့ ပထမဆုံးရောင်စုံမီးအလှပြပွဲ ၁၂ ရက်ကြာ ကျင်းပမည်

**မိတ္ထီလာ ဇန်နဝါရီ ၂**

မိတ္ထီလာမြို့ လွတ်လပ်ရေးပန်းခြံ၌ ပထမဆုံး LED ရောင်စုံမီးအလှပြပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကြိုင်က ပြောသည်။

"မိတ္ထီလာ လွတ်လပ်ရေးပန်းခြံထဲမှာ ပထမဆုံးကျင်းပပြုလုပ်မယ့် LED မီးလုံးတွေနဲ့ ရောင်စုံမီးအလှပြပွဲကို ဇန်နဝါရီ ၁၂ ရက်ကနေ ၂၃ ရက်အထိ ၁၂ ရက်ကြာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီမီးလုံးတွေနဲ့ ရောင်စုံမီးအလှပြပွဲကို တာဝန်ယူကျင်းပတဲ့ ကုမ္ပဏီကလည်း သူတို့အနေနဲ့ ရန်ကုန်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ပခုက္ကူမြို့ကြီးတွေမှာ ရောင်စုံမီးအလှပြပွဲတွေကို ကျင်းပခဲ့ပြီး ဖြစ်ပါတယ်"ဟု မြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကြိုင်က ပြောသည်။ အဆိုပါမီးလုံးရောင်စုံ မီးအလှပြပွဲတွင် မိတ္ထီလာမြို့နယ်အတွင်း အထင်ကရပြယုဂ်များဖြစ်သည့် ဖောင်တော်ဦးစေတီတော်၊ နာရီစင်၊ လေယာဉ်ပျံများနှင့် မိတ္ထီလာဒေသနှင့် ဆက်စပ်သည့် ပုံရိပ်များကို မီးလုံးအရေအတွက် သန်း ၁၀၀ ခန့်ဖြင့် ပုံဖော်ပြသမည်ဖြစ်သည်။ မိတ္ထီလာ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပမည့် မီးလုံး ရောင်စုံမီးအလှပြပွဲသို့ လာရောက်ကြည့်ရှုသူများအား လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၊ ကလေးတစ်ဦး ငွေကျပ် ၁၀၀၀ ဝင်ကြေးသတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# ပိဋကတ်သုံးပုံဆောင် ဆရာတော် ၁၀ ပါးနှင့် သံဃာအပါး ၁၀၀၀ ကျော်အား သံဃိက အလှူပွဲကြီးကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၂**

အရှင်ဉာဏာလင်္ကာရ (နွားဦးတိုက်ဆရာတော်)က ဦးဆောင်လှူဒါန်းကျင်းပမည့် သံဃိကပူဇော်ပွဲကြီးတွင် ပိဋကတ်သုံးပုံဆောင် ဆရာတော် ၁၀ ပါးကို တစ်ပါးလျှင် ငွေကျပ် ၁၀ သိန်းနှင့် သင်္ကန်းတစ်စုံ သံဃာအပါး ၁၀၀၀ တို့အား တစ်ပါးလျှင် ငွေကျပ် တစ်သိန်းနှင့် သင်္ကန်းတစ်စုံ ဆက်ကပ်လှူဒါန်းနိုင်ရေးတို့အတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် နွားဦးတိုက်ဆရာတော်၏ ကျောင်းတည်ရှိရာ ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက် တပင်ရွှေထီးလမ်းရှိ လေးထပ်ကျောင်းဆောင်ကြီး၏ အပေါ်ဆုံးထပ်တွင် ကျင်းပခဲ့သည်။



အခမ်းအနားသို့ သံဃာတော်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပရဟိတအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

နွားဦးတိုက်ဆရာတော်၏ ကျောင်းရေစက်ချအခမ်းအနားနှင့် သံဃိကအထူးပူဇော်လှူဒါန်းပွဲကြီးကို ၂၀၁၉ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကာ အကြိုတရားပွဲအဖြစ် ဧပြီ ၁၈ ရက်တွင် ယောဆရာတော်ကြီး၏ အထူးတရားပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန္တာချစ် (ပြန်/ဆက်)**

# (၄၇) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ကျန်းမာရေးဆိုင်ရာ သုတေသနပညာရပ်များ အဆင့်မြင့်မားတိုးတက်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်နှင့် ကျန်းမာရေးနှင့် နီးနွယ်ဆောင်ရွက်သော သုတေသီပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများလက်ဝယ်သို့ သုတေသနရလဒ်များ ရောက်ရှိစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (၄၇) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၇ ရက် (တနင်္လာနေ့) မှ ၁၁ ရက် (သောကြာနေ့) အထိ ဆေးသုတေသနဦးစီးဌာန အမှတ် (၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် ကျန်းမာရေးဆိုင်ရာ သုတေသနစာတမ်း ၁၄၁ စောင်ကို တင်သွင်းဖတ်ကြား၍ ပိုစတာ အစောင် ၉၀ တင်သွင်းပြသပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၁၀ ခုနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲ ရှစ်ခုတို့ကို ထည့်သွင်းကျင်းပမည် ဖြစ်သည်။ အဆိုပါဟောပြောပွဲများတွင် ပြည်တွင်းမှ ပညာရှင်များအပြင် နိုင်ငံတကာမှ ပညာရှင်များလည်း လာရောက်ဟောပြောကြမည် ဖြစ်သည်။

ပြည်တွင်း ပြည်ပမှ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများနှင့် ပြည်တွင်း ပြည်ပပုဂ္ဂလိက ဓာတ်ခွဲခန်းများ၊ ဆေးရုံများ၊ ဆေးခန်းများမှ ဆေးပစ္စည်းကိရိယာပြခန်းများ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်း တစ်နိုင်ငံလုံးချိန်တွယ်မှုတူညီရန် ထုတ်ပြန်

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်း အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါအသင်းရုံးတွင် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ရွှေအလေးချိန်ပမာဏ တစ်ပဲကို ခုနစ်ရွှေး တစ်ခြမ်းအစား တစ်ပဲကို ရှစ်ရွှေးသို့ပြောင်းလဲပြီး စတင်တွက်ချက်သည်များနှင့် အကယ်ဒမီသမာဓိချိန်ခွင်သည်လည်း ရန်ကုန်အလေးချိန် အေဒီချိန်ခွင်မှ ဆော့ဝဲလ်အတိုင်းချိန်တွယ်ပြီး အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဂရမ်ချိန် ကိုက်ညီမှုရှိစေရန်အတွက် ရှစ်ရွှေးပြောင်းရခြင်း ဖြစ်သောကြောင့် တစ်နိုင်ငံလုံးတူမှသာလျှင် တစ်ကျပ်သားကို ၁၆ ဒသမ ၆၀၆ ဂရမ် ကိုက်ညီမှုရှိစေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ အရောင်းအဝယ်ပြုလုပ်ရန် ရွှေအသင်းဝင် ရွှေကုန်သည်ကြီးများ အနစ်နာခံပြီး ရွှေအပိုင်းများကို ပြန်လည်ချိန်တွယ်ပြီး အဆင်သင့်လုပ်ထားကြရန်နှင့် ၁၂၈ ရွှေးဖြင့် စားပြီး၊ တွက်ပြီး စရောင်းရန် တစ်နိုင်ငံလုံး အလေးချိန်ပမာဏတူညီမှ သွင်းကုန်၊ ထုတ်ကုန် နိုင်ငံတကာနှင့် ဆက်နွယ်လုပ်ကိုင်သည့်အခါ အဆင်ပြေမှသာ ရှေ့ဆက်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တင်မောင် (မန်းကိုယ်ပွား)**



**မွန်ပြည်နယ် ရေးမြို့ ရွှေးဟောင်းကျုံးတော်ကြီး၌ ဇန်နဝါရီ ၂ ရက်က မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပခဲ့ရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ အမျိုးသား ခုနစ်ဦးလှော်အသင်း ၁၂ သင်း ယှဉ်ပြိုင်လှော်ခတ်စဉ်။** (အဆိုပါလှေလှော်ပြိုင်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်အားပေးခဲ့ပြီး လွတ်လပ်ရေးနေ့အထိ ကျင်းပမည်ဖြစ်သည်။) **နေမျိုးထွဋ် (ရေး)**

# တိုင်းရင်းဆေးပညာဆိုင်ရာ ကျန်းမာရေးပညာပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

**တနင်္သာရီ ဇန်နဝါရီ ၂**

တိုင်းရင်းဆေးပညာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် တိုင်းရင်းဆေးကုသဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးစိုးမင်းထက်က ယနေ့ နံနက်က သကျက်ကျေးရွာအုပ်စု ကျွဲထိန်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွင်း ကျွဲထိန်းကုန်းကျေးရွာသူ ကျေးရွာသား ၈၀ တို့ကို နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ခြင်းနှင့် တိုင်းရင်းဆေးပညာဆိုင်ရာ ကျန်းမာရေးအသိပညာပေးအကြောင်းအရာများ ဟောပြောပေးခဲ့သည်။

ဆက်လက်၍ တိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်လင်းလင်းခိုင်ဦးတို့က နံနက် ၁၁ နာရီခွဲအထိ ကျေးရွာသူ ကျေးရွာသား၊ ကလေး၊ လူကြီး စုစုပေါင်း ၂၉ ဦးတို့ကို တိုင်းရင်းဆေးပညာဖြင့် (အခမဲ့) စမ်းသပ်ပေးခြင်း၊ ဆေးကုသပေးခြင်းများကို ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၀၀ | ကျပ် | ၈၉၅/၉၁၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၅/၉၁၀ | ကျပ် | ၉၁၀/၉၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၇၁၀ | ကျပ် | ၇၅၀/၇၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၈၀၀ | ကျပ် | ၈၃၀/၈၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၆ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၁ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၃ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၀ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၀ · ၂ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၈ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ · ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၂၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၈ · ၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၃ · ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၆၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

**ဆရာမတွေကတော့ အမျိုးသားတွေထက် အားသာချက်က မိခင်စိတ်ပါပဲ။ ကျွန်တော်တို့ အမျိုးသားတွေထက် အများကြီးရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေကို ထိန်းကွပ်တဲ့အခါမှာလည်း မိခင်စိတ်က အများကြီးရှိပါတယ်။**

ဦးစိုးထွန်းထွန်းနိုင် (အလယ်တန်းကျောင်းအုပ်)

# ပညာရေးတွင် ဆရာမများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်း

ပညာရေးတွင် ဆရာမများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေး စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းရိုက်ကူး ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာသန်းဦး၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်)ဦးကိုလေးဝင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်အောင်မင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာ ဝင်းအောင်နှင့် ဦးထွန်းလှ၊ ရန်ကုန်တိုင်းဒေသကြီး အ.လ.က(၉) အင်းစိန်၊ အလယ်တန်းကျောင်းအုပ် ဦးစိုးထွန်းထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အ.ထ.က (၄) သဃ်န်းကျွန်းမှ အထက်တန်းပြ ဆရာ ဦးလင်းလင်းထိုက်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပဉ္စမနှစ်ကျောင်းသား မောင်အားမာန်ထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။



*ယမန်နေ့မှ အဆက်*

**အစီအစဉ်မှူး ။ ။လက်ရှိကျောင်းတွေမှာ ဆိုရင် ဆရာတွေ နည်းပါးနေတဲ့အတွက်ဘယ်လို အခက်အခဲတွေ ရှိနေလဲဆိုတာရယ်၊ သင်ကြားရေးမှာ ဆရာတို့ ကြုံတွေ့ရတဲ့ အခက်အခဲလေးတွေရှိရင် ပြောပြပေးပါ။**

**ဦးစိုးထွန်းထွန်းနိုင်** ။ ။ကျွန်တော် အရင်ဆုံး ဆွေးနွေးချင်တာက သင်ကြားရေး အပိုင်းပါ။ အမျိုးသားဆရာတွေကတော့ အားလုံးသိကြတဲ့အတိုင်း အမျိုးသမီးဆရာမတွေထက်စာရင် Class Control ပိုပြီး သြဇာကြီးမားပါတယ်။ ဆရာမတွေကတော့ အမျိုးသားတွေထက် အားသာချက်က မိခင်စိတ်ပါပဲ။ ကျွန်တော်တို့ အမျိုးသားတွေထက် အများကြီးရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေကို ထိန်းကွပ်တဲ့အခါမှာလည်း မိခင်စိတ်က အများကြီး ရှိပါတယ်။ ဒါပေမယ့် တစ်ဖက်က ပြန်ကြည့်ရင် Class Control လို့ပြောမလား၊ သြဇာတိက္ကမလို့ ပြောမလား၊ ကလေးတွေကို နိုင်နင်းမှု၊ ကလေးတွေ အနေနဲ့ ပြောစကားနားထောင်မှုက အမျိုးသားဆရာတွေရဲ့ စကားတွေလိုပါတယ်။ ကျောင်းတွေမှာ စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်တဲ့နေရာမှာလည်း အမျိုးသားဆရာတွေ အများကြီးလိုအပ်ပါတယ်။ ဆရာတစ်ယောက်ပြောလိုက်တဲ့စကားနဲ့ အမျိုးသမီးဆရာမတစ်ယောက် ပြောလိုက်တဲ့ စကားက စကားအောင်တာချင်း မတူပါဘူး၊ သင်ကြားရေးမှာလည်း ယနေ့ခေတ်က ဘက်စုံဖွံ့ဖြိုးရေးသွားနေတာ။ ဗလငါးတန်ကိုသွားတဲ့အခါ ဒါသင်၊ ဒါကျက်နဲ့ မရတော့ပါဘူး။ ကလေးတွေဆီက Creative Thinking ဝေဖန်ဆုံးဖြတ်တာလေးတွေက ဆွဲထုတ်တဲ့အခါမှာလည်း အမျိုးသားဆရာတွေက အမျိုးသမီးဆရာတွေထက် ပိုသင့်တော်တယ်လို့ မြင်မိတယ်။ ဒါကလည်း ကျောင်းတွေမှာ အမျိုးသားဆရာတွေ မရှိတဲ့အတွက် သင်ကြားရေးမှာ ထင်သလောက် မအောင်မြင်တာကို တွေ့ရတာကတော့ ဒါသင်၊ ဒါကျက် အနေအထားပေါ့၊ အဲ့ဒါက သင်ကြားရေးအပိုင်းပေါ့။

### အမျိုးသားဆရာတွေလောက် ခရီးမရောက်

ထပ်ပြီးဆွေးနွေးချင်တာက ကျွန်တော်တို့ ကျောင်းတွေမှာ ဘက်စုံဖွံ့ဖြိုးရေး လုပ်တယ်၊ ဗလငါးတန်လုပ်တယ်၊ အမျိုးသမီး ဆရာမတွေ အားတက်သရော လုပ်သော်လည်း အမျိုးသားဆရာတွေလောက် ခရီးမရောက်ဘူး။ တစ်ဖန် မြန်မာ့အားကစားပွဲတွေကို ကြည့်ပြီး ဘောလုံးပွဲတွေ ကြည့်တယ်ဆိုရင် အမြဲတမ်းခံစားမိတာက ကျောင်းတွေမှာ အမျိုးသားဆရာတွေ မရှိလို့သာ နိုင်ငံရဲ့ အားကစားတွေ နိမ့်ကျနေတာလားလို့ စဉ်းစားမိတယ်။ ဝါသနာပါတဲ့ ဆရာမတွေရှိသော်ငြားလည်း အမျိုးသားတွေလောက် မသွားဘူး၊ ကျွန်တော်တို့ နိုင်ငံရဲ့ အားကစားအဆင့်အတန်း မြင့်မားဖို့ဆိုတာလည်း အမျိုးသားဆရာတွေ ကျောင်းတွေမှာ ရှိခြင်း၊ မရှိခြင်းနဲ့သက်ဆိုင်တယ်လို့ မြင်မိတယ်။

**အစီအစဉ်မှူး ။ ။လက်ရှိမှာ အမျိုးသားဆရာဦးရေ နည်းပါးတယ်၊ ဒီလိုနည်းပါးတာ ဘာကြောင့်ဆိုတာ ဆရာ့ရဲ့ အမြင်လေး သုံးသပ်ပေးပါ။**

**ဦးလင်းလင်းထိုက်** ။ ။ကျောင်းတွင်းမှာသင်ကြားရေးအပိုင်း ရှိတယ်။ ဆရာအချင်းချင်း ပေါင်းသင်းဆက်ဆံရေးအပိုင်း ရှိတယ်။ ဆရာတပည့် ဆက်ဆံရေးအပိုင်း ရှိတယ်။ ဆရာနဲ့ ကျောင်းအုပ်ကြီး၊ အထက်လူကြီး ဆက်ဆံရေး အပိုင်းတွေ ရှိတယ်။ အဲဒီအပိုင်းတွေက ချောမွေ့ဖို့ လိုတယ်။

### ဝင်ငွေနည်းပါး

တချို့ ပြောခဲ့တယ် ဆရာ အင်အားတွေ ကျလာတယ်ဆိုတဲ့အပိုင်းမှာ တချို့ကျောင်းတွေ ဆိုရင် အမျိုးသားဆရာက နှစ်ယောက်လောက်ပဲ ရှိတယ်။ အများအားဖြင့်က ဆရာမတွေပဲ များတယ်။ လက်ရှိအနေအထားကို ကျွန်တော့် အတွေ့အကြုံနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ကျောင်းတွင်း အနေအထား၊ ဆရာတစ်ယောက်ရဲ့ ရပ်တည်ရှင်သန်မှု၊ Future Process တွေကိုလည်း ထည့်သွင်းစဉ်းစားရမယ်။ ပြောလေ့ပြောထရှိတာက အမျိုးသားတွေက အိမ်ထောင်ဦးစီးတွေဖြစ်တဲ့အတွက်ကြောင့် မိသားစုက အားကိုးလောက်တဲ့ ဝင်ငွေတစ်ခုရှိဖို့ လိုတယ်။ ဒါက ဆရာ အများစုမှာ ပြောလေ့ ပြောထရှိတယ်။ တို့တစ်တွေက ဝင်ငွေ နည်းပါးတယ်၊ မိသားစုက မှီခိုနိုင်တဲ့ အနေအထား မရှိဘူး ။ ဒါကလည်း ဆရာတွေ အလုပ်ခွင်ကနေ ပြောင်းလဲထွက်ခွာရတဲ့ အကြောင်းရင်းတစ်ခုလည်း ဖြစ်နိုင်တယ်။

နောက်တစ်ခုက ဝါသနာပါပေမယ့် ကျောင်းထဲမှာ စွဲစွဲမြဲမြဲ မနေတဲ့အပိုင်းတွေလည်း ရှိတယ်။ ကျောင်းတွင်းရဲ့ ပတ်ဝန်းကျင်က ဟိုအရင်တုန်းက ရှိခဲ့တဲ့ ပတ်ဝန်းကျင်နဲ့ ကွာလာတာတော့ သေချာတယ်။ အရင်တုန်းကဆိုရင် ဆရာတစ်ယောက် စာသင်ခန်းထဲ ရောက်သွားတာနဲ့ အပြင်က ရောက်ခဲ့တဲ့ စိတ်သောကက စာသင်ခန်းထဲမှာပင် ပြေပျောက်သွားတယ်။ အခုနောက်ပိုင်းခေတ်ကျတော့ စာသင်ခန်းကနေ ဝေးဝေးကို ထွက်ပြေးရတော့မှ စိတ်သောက ပြေပျောက်သလို ဖြစ်တဲ့ပုံစံမျိုး ခံစားလာရတယ်။ ဒါကလည်း ဆရာတပည့်ရဲ့ သက်ရောက်မှုတွေ အများကြီး ပါလာပါတယ်။ ဒီအပိုင်းတွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်ဆိုရင် ဆရာတွေကို ပိုထိန်းထားနိုင်မယ်လို့ ထင်တယ်။

**အစီအစဉ်မှူး။ ။တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးတဲ့အခါ ရွေးချယ်စရာလမ်းကြောင်းအများကြီးထဲကမှ ဒီကျောင်းဆရာ အလုပ်ကို ရွေးချယ် လျှောက်လှမ်းဖြစ်ခဲ့ပုံလေး ပြောပြပေးပါ။**

**မောင်အားမာန်ထက်** ။ ။ဘာကြောင့် ရွေးချယ်ဖြစ်ခဲ့သလဲဆိုတဲ့ မေးခွန်းကို အရှင်းဆုံး စကားလုံးနဲ့ပြောရရင် အိပ်မက်ပါပဲ။ ငယ်ငယ်လေးကတည်းက ဖြစ်ချင်တဲ့ အိပ်မက်တစ်ခုပါ။ ငယ်ငယ်တုန်းကတော့ ကျောင်းဆရာ မဟုတ်ပါဘူး။ စာသင်ချင်တာ၊ ကျွန်တော်က ကျွန်တော့်မိဘတွေရဲ့ အလုပ်အကိုင်ကြောင့် ကျောင်းတွေ အများကြီးပြောင်းရတယ်။ အခြေခံပညာမှာ ခုနစ်ကျောင်းလောက် ပြောင်းခဲ့ရပေမယ့် ၁၀ တန်းအထိ ဆရာဆိုတာ တစ်ယောက်ပဲ တွေ့ခဲ့တယ်။ ဆရာရဲ့ ပုံရိပ်ပျောက်ကွယ်နေတယ်။ ကျွန်တော့်ရဲ့ စိတ်ထဲမှာ အမျိုးသားဆိုတာ ဆရာ မလုပ်ရဘူးပေါ့။ ကျောင်းဆရာ မရှိဘူးဆိုတဲ့ အတွေးက လေးတန်းလောက်အထိ ဒီလိုအတွေးမျိုး ဝင်တယ်။ အခုအချိန်အထိ ပညာရေးကျောင်းတွေ၊ အဆင့်မြင့် ပညာရေးကျောင်းတွေ သင်လိုက်ရတော့ အလွန်သဘောကျတယ်။ ဆရာဝါသနာပါတဲ့ ကလေးတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ တုပခြင်းပေါ့။ ပစ္စည်းပစ္စယတွေ ရှေ့မှာချပြီး တုတ်တစ်ချောင်းနဲ့ ငယ်ငယ်က စာသင်တာပေါ့။ ဒါကို အိမ်က မြင်တဲ့အခါ ကျွန်တော့်ရဲ့ အိပ်မက်ကို အားပေးပါတယ်။ ကျွန်တော်ကလည်း ဖြစ်ချင်တာကို ပြောပြပါတယ်။ ကျွန်တော် အမြဲတမ်း ကန်ကြောက် ငြင်းတာက ဒီလို အဖြူအစိမ်းဝတ်ပြီး စာသင်တဲ့ ဆရာ မရှိဘူးပေါ့။ လေးတန်းလောက်အထိ အဲ့ဒီလို မြင်ခဲ့တာ။ ဒါက ဆရာ့ရဲ့ ပုံရိပ်ကို ငယ်ဘဝမှာ ပျောက်ကွယ်ခဲ့ရတဲ့အကြောင်းအရင်း တစ်ခုပါ။

### ဆရာစိတ်ရှိဖို့လို

တက္ကသိုလ်ဝင်တန်း အောင်တဲ့အခါ ပညာရေးတက္ကသိုလ်လျှောက်တော့ မမီခဲ့ဘူး။ ပညာရေး ကောလိပ်ကို လျှောက်တယ်။ အဲ့ဒီလို လျှောက်တဲ့အခါကျတော့ ကျွန်တော့်ရဲ့ ပတ်ဝန်းကျင်က ၁၀ တန်းအောင်တယ်ဆိုတော့ စပ်စုကြတယ်။ ဂုဏ်ထူးတွေလည်းပါတယ်။ ဘာလျှောက်သလဲ။ ပညာရေး ကောလိပ်လျှောက်တယ်ဆိုတော့ သူတို့ဆီကနေ အံ့သြတဲ့ ဝမ်းနည်းကြေကွဲတဲ့ အာမေဋိတ်တွေ ထွက်လာကြတယ်။ ဝိဇ္ဇာ၊ သိပ္ပံ နဲ့ ပြိုင်လျှောက်တာ တက္ကသိုလ်တော့ မတက်ချင်ဘူး။ ကျောင်းဆရာ ဖြစ်ချင်တယ်။ အခြေခံမှာ ဆရာ မဖြစ်ရရင် တက္ကသိုလ်မှာ ဆရာဖြစ်ရမယ်။

ဝိဇ္ဇာ၊ သိပ္ပံကနေ ဆက်သွယ်တော့ ဘူမိဗေဒကို သဘောကျတယ်။ လေ့လာရေးတွေ ဘာတွေ ထွက်ရမယ်ဆိုတော့ သဘောကျတာပေါ့။ ဘူမိဗေဒလျှောက်ပြီး တစ်ပတ်လောက်ကြာတော့ ကောလိပ်ဝင်ခွင့်ရတယ်။ နှစ်ဖက်စလုံးက ကြိုးစားရင်တော့ ဆရာ ဖြစ်မယ်။ ဝိဇ္ဇာသိပ္ပံကနေ မာစတာတက်မယ်။ ဝင်ခွင့်အောင်ရင် ကျူတာဖြစ်မယ်။ ဒီဘက်ကလည်း ကလေးတွေ သင်ရမယ့် ဆရာဖြစ်မယ်။ ကျွန်တော့်ရဲ့ စိတ်အတိုင်းက ပညာရေး ကောလိပ်တက်ရင် မူလတန်းပြ ဖြစ်မယ်၊ ဟိုဘက်ကတော့ ကြိုးစားရင် မြို့ကြီးပြကြီးမှာ ကျူတာဖြစ်မယ်။

အမေကတော့ ဆုံးမတယ်။ ဆရာဆိုတာ ဘယ်နေရာပဲဖြစ်ဖြစ် ဆရာစိတ်ရှိဖို့ လိုတယ်။ ဆရာစိတ်ရှိတဲ့သူမှာသာ ဆရာခေါ်ထိုက်တယ်။ တက္ကသိုလ်မှာ ဆရာဖြစ်ရင်လည်း ဆရာစိတ်၊ ဆရာဟန်၊ ဆရာမာန် မရှိရင် အလကားပဲတဲ့။ အနန္တော အနန္တငါးပါးဝင်ပေမယ့် ဆိုင်သာဆိုင် မပိုင်တဲ့သူလိုပေါ့လို့ပြောတဲ့အခါကျမှသာ ကျွန်တော် စိတ်ကို ပြင်နိုင်တာ။ အဖေနဲ့ အမေပြောတဲ့နေ့ကစပြီး သေတ္တာကြီး မပြီး ကောလိပ်ကို သွားခဲ့တာပါပဲ။ ရွေးချယ်မှုလမ်းကြောင်း အများကြီးရှိတယ်။ ကိုယ့်ရဲ့အိပ်မက်ကိုပဲ ရွေးချယ်ခဲ့တယ်။ ပတ်ဝန်းကျင်ရဲ့ သက်ရောက်မှု အတော့်ကို ကြောက်ဖို့ကောင်းတယ်။ ပတ်ဝန်းကျင်နဲ့ ဆွေမျိုးနီးစပ်တွေကဟာ၊ ဟင် ဖြစ်ကြတယ်။ နားသာယောင်ခဲ့လိုက်ရင် ဒီလို ဆရာဘဝ ရလာမှာ မဟုတ်ပါဘူး။

*စာမျက်နှာ ၁၉ သို့*

**"တစ်ဖန် မြန်မာ့အားကစားပွဲတွေကို ကြည့်ပြီး ဘောလုံးပွဲတွေ ကြည့်တယ်ဆိုရင် အမြဲတမ်းခံစားမိတာက ကျောင်းတွေမှာ အမျိုးသားဆရာတွေ မရှိလို့သာ နိုင်ငံရဲ့ အားကစားတွေ နိမ့်ကျနေတာလားလို့ စဉ်းစားမိတယ်။ ဝါသနာပါတဲ့ ဆရာမတွေရှိသော်ငြားလည်း အမျိုးသားတွေလောက် မသွားဘူး၊ ကျွန်တော်တို့ နိုင်ငံရဲ့ အားကစားအဆင့်အတန်း မြင့်မားဖို့ဆိုတာလည်း အမျိုးသားဆရာတွေ ကျောင်းတွေမှာရှိခြင်း၊ မရှိခြင်းနဲ့ သက်ဆိုင်တယ်လို့ မြင်မိတယ်"**

# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဆရာတော် သံဃာတော် အပါး ၅၀၀ အား ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူ



**တာချီလိတ် ဇန်နဝါရီ ၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် ချစ်ကြည်ရေးတံတား အမှတ် (၁) ၌ နှစ်သစ်ကူးကာလ ယမန်နေ့က နှစ်နိုင်ငံမှ ဆရာတော်သံဃာတော်နှင့် သီလရှင်များအပါအဝင် အပါး ၅၀၀ တို့ကို ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူခဲ့ကြသည်။

ဆွမ်းဆန်စိမ်းမလောင်းလှူမီ နံနက် ၅ နာရီတွင် တာချီလိတ်ခရိုင်နှင့် မြို့နယ်စုပေါင်းရုံး၌ မြို့နယ်အတွင်းမှ သံဃာတော်အပါး ၃၀၀ တို့ကို အာရုဏ်ဆွမ်းဆက်ကပ်ပြီးနောက် ဆွမ်းဆန်စိမ်းစတင်လောင်းလှူမည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အကောက်ခွန်ရုံးသို့ သံဃာတော်များအား ပင့်ဆောင်သည်။

ယင်းနောက် မြန်မာနိုင်ငံ တာချီလိတ်မြို့နယ်နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ရှိ ဆရာတော်သံဃာတော်များနှင့် သီလရှင်အပါအဝင် အပါး ၅၀၀ တို့ကို တာချီလိတ်မြို့ ချစ်ကြည်တံတားထိပ်အနီးရှိ ရွှေတြိဂံအဝိုင်းမှစတင်၍ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စေတနာရှင် ပြည်သူများနှင့် ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာများ၊ အလှူရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ စည်ကားသိုက်မြိုက်စွာ စုပေါင်းလောင်းလှူကြသည်။

အဆိုပါ မြန်မာ-ထိုင်း နှစ်နိုင်ငံ နှစ်သစ်ကူး စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူခြင်းသည် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး (တာချီလိတ်)**

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ဖော်ညွှန်းပြသနေသည့် စလေမြို့ရှိ ရုပ်စုံကျောင်းတော်ကြီး

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ရှိ ရုပ်စုံကျောင်းတော်ကြီးသည် မြန်မာသာမက ကမ္ဘာထိပင် ကျော်ကြားသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ဖြစ်လေသည်။ ရတနာပုံခေတ်နန်းတွင်းစာဆိုတော် စလေဦးပုည၊ ရှေးဟောင်းသမိုင်းဝင် ရှင်ပင်စာကြို့မြတ်စွာဘုရား၊ ရှင်ပင်လာဘ မံဘုရား၊ မဟာမြတ်မုနိရခိုင်ဘုရားကြီးတို့သည် စလေဒေသ၏ ထင်ရှားသည့် အမွေအနှစ်များဖြစ်သလို နာမည်ကျော် အစေ့လွတ်စလေ ဆီးသီးကြောင့်လည်း အထူးပင် ထင်ရှားပြီး ခရီးသွားများ လာရောက်မှုများပြားသည့် ဒေသတစ်ခုလည်း ဖြစ်သည်။ စလေဒေသသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာကြသည့် ဧည့်သည် တိုင်းမဖြစ်မနေစိတ်ဝင်တစား သွားရောက်လေ့လာလိုကြသည့်နေရာတစ်ခုကတော့ အထက်တွင် ဖော်ပြခဲ့သည့် စလေရုပ်စုံ ကျောင်းတော်ကြီးပင် ဖြစ်လေသည်။

အဆိုပါ စလေရုပ်စုံကျောင်းတော် ကြီးကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အလျားပေ ၁၅၀၊ အနံ ၈၉ ပေ၊ သစ်သားတိုင်လုံးပေါင်း ၁၅၄ လုံးရှိကာ ဆယ်နှစ်ခန့်တည်ဆောက်ခဲ့ရပြီး မြန်မာသက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် ပြီးစီးခဲ့ကာ ဦးဘိုးကြည်နှင့်ဇနီး ဒေါ်ရွှေသက်တို့က ဆောက်လုပ်လှူဒါန်းခဲ့ကြသည့်ကုသိုလ်တော်ဖြစ်သည်။ လက်ရှိကျောင်းတော်ကြီးတွင် အဆောင်ခြောက်ဆောင် ကျန်ရှိကာ လက်ရာ မြောက်လှသည့် ကမ္ဘာကျော်ပန်းပုရုပ် ပေါင်း ၄၅ ရုပ်နှင့် အလှဆင်ထားသည့် မြန်မာ့ယဉ်ကျေးမှုဂုဏ်ဆောင် ကျောင်းတော်ကြီး ဖြစ်လေသည်။ စလေဒေသ အနီးတစ်ဝိုက်တွင် တွေ့ရှိရသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အနုပညာလက်ရာများ၊ ဆင်းတုတော် အမျိုးမျိုး၊ ပေ-ပုရပိုက်များအား စုဆောင်းကာ အများပြည်သူ လေ့လာနိုင်ရန်အတွက် ရှေးဟောင်းသုတေသနပြတိုက် အဖြစ် ၁၉၉၅ ခုနှစ်မှ စတင်ကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်၍ ဖွင့်လှစ်ခဲ့ရာ နေ့စဉ်နှင့်အမျှ လာရောက်လေ့လာသူများဖြင့် စည်ကားလျက် ရှိပေသည်။

အဆိုပါပြတိုက်ကို အများပြည်သူ လေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ပြသ ထားပေးရာတွင် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များ လာရောက်လေ့လာမှု များပြားသည့် ပြန်တမ်းဝင်ပိတ်ရက်များတွင် ကျောင်းတော်ကြီးကို ပိတ်ထားသည်မှာ ရပ်ဝေးမှ တကူးတက လာရောက်လေ့လာကြသူများအတွက် အဟန့်အတားတစ်ခု ဖြစ်နေပေသည်။ ပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များတွင် ပိတ်ရက်အဖြစ် သတ်မှတ်ထားချက်ကို အခြေအနေ အချိန်အခါပေါ်မူတည်၍ ဆောင်ရွက်သင့်လှပေသည်။



ယခုလို နှစ်သစ်ကူးကာလနှင့် လွတ်လပ်ရေး ပွဲတော်များ ကျင်းပချိန် ပြန်တမ်းဝင်ရုံးပိတ်ရက် များပြားသည့် ခရီးသွားကာလတွင် မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အပန်းဖြေအနားယူလိုသူများ အများအပြား အပန်းဖြေခရီးနှင့် လေ့လာရေး ခရီးထွက်ကြရာတွင် ပုဂံ-ကျောက်ပန်း တောင်း- စလေဒေသတို့သည် ယှဉ်တွဲလျက်ရှိနေပေသည်။

သို့သော်လည်း စလေဒေသသို့ တကူးတက ရောက်ကြသူများမှာ ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် ပိတ်ထားသည့် စလေရုပ်စုံကျောင်းတော်ကြီးအား လေ့လာခွင့် မရကြသည်မှာ မျှော်လင့်ချက်များ သဲထဲရေသွန်ပမာ ဖြစ်ကြရသည်ကတော့ ဝမ်းနည်းဖွယ်ရာပင် ဖြစ်လေသည်။

ထို့ကြောင့် လေ့လာရေး လာရောက် သူများပြားသည့် ပြန်တမ်းဝင် ရုံးပိတ်ရက်များတွင် စလေရုပ်စုံ ကျောင်းတော်ကြီး ပိတ်သိမ်းထားမှုအပေါ် ပြန်လည်သုံးသပ်ပြီး အများပြည်သူ လေ့လာနိုင်ရေးအတွက် သင့်လျော်မည့် အစီအမံများဖြင့် ဆောင်ရွက်ပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံတချို့၏ ပြောကြားချက်အရ သိရသည်။

**မောင်ယဉ်ကျေး**

*စာမျက်နှာ ၁၈ မှ*

ပတ်ဝန်းကျင်ရဲ့ သက်ရောက်မှုဆိုတာက ဆရာနိုင်ဇော်ရဲ့ဟောပြောချက်ကို နားထောင်ဖူးပါတယ်။ မိဘစကားကို နားထောင်ရမယ်။ သို့သော် ဘုရားအလောင်း သိဒ္ဓတ္ထ - မိဘက မသွားပါနဲ့ ဘုရင်ဖြစ်မယ်။ စကြာဝတေးမင်း ဖြစ်မယ်။ မိဘစကားကို နားမထောင်ဘူး။ သို့သော် သုံးလောက ထွတ်ထား ဘုရားဖြစ်တယ်။ မိဘစကားကို နားမထောင်ဘူး။ သို့သော် အကောင်းဆုံးကြိုးစားအားထုတ်နိုင်တဲ့ လုံ့လဝီရိယရှိဖို့ လိုအပ်တယ်။ အဲဒီတုန်းက အမေ့စကားလည်း ထိုနည်းတူစကားပါပဲ။ ဒါက ဆရာနိုင်ဇော်စကားကို ချိတ်ဆက်တာပေါ့။

**တကယ်ဖြစ်ချင် တကယ်လုပ်ပါ**

အဲဒီအခါမှာ ဒီကို ရောက်လာတယ်။ ကောလိပ်တက်တယ်။ ကြိုးစားတယ်။ ကောလိပ်တက်တဲ့အခါ အထက်တန်းပြဖြစ်ချင်လို့ ကြိုးစားတယ်။ မှန်သောစကားပြောရရင် အထက်တန်းပြဖြစ်ချင်တာထက် ပညာရေးဆိုတာကို ကောင်းကောင်း နားလည်သွားချင်တာ။ ကောလိပ်ကပေးတဲ့ သင်ရိုးနှစ်နှစ်သင်တန်းက လုံလောက်မှုရှိတယ်။ သို့သော် သူများတကာသင်နေတဲ့ ငါးနှစ်သင်တန်းက ဘာတွေများလဲလို့ သိချင်တယ်။ ဒါကြောင့် B.Ed ဘွဲ့ကို ကြိုးစားယူခဲ့တာ။ အခက်အခဲအနေနဲ့က ပတ်ဝန်းကျင်ရဲ့ တိုက်တွန်းမှုကို တွန်းလှန်နိုင်ဖို့အတွက် လူငယ်တွေမှာ သတ္တိရှိဖို့ လိုတယ်။ ဆရာဖြစ်ချင်ရင် တကယ်လုပ်အဟုတ်ဖြစ်ရမယ်။ တကယ်ဖြစ်ချင် တကယ်လုပ်ပါ။ တကယ်လည်း ကြိုးစားပါ။ ဒါဆိုအောင်မြင်တဲ့သူ ဖြစ်လာမှာပါလို့ ဖြေချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ အခုလက်ရှိမှာ ဆရာတွေ များပြားဖို့ ဘယ်လိုမူဝါဒတွေ ချမှတ်ဆောင်ရွက်ရမလဲဆိုတာ ပြောပြပေးပါ။**

**ဒေါက်တာဝင်းအောင်** ။ ။အခု စကားဝိုင်းမှာ ဆရာကြီးတွေ၊ ဆရာလေးတွေ တင်ပြဆွေးနွေးတာကို နားထောင်တဲ့အခါမှာ ကျွန်တော်စဉ်းစားမိတာကို ပြောချင်ပါတယ်။ ပထမဆုံးအမျိုးသားဆရာ ရှားပါးမှုဆိုတဲ့ကိစ္စက မြန်မာနိုင်ငံတစ်ခုတည်းတော့ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲဖြစ်ပါတယ်။ သင်ကြားရေးဆိုတဲ့ ပညာ၊ ဆရာအတတ်ပညာက အမျိုးသမီးကသာပိုပြီး သင့်တော်တဲ့ အတတ်ပညာတစ်ခု ဖြစ်တယ်ဆိုတဲ့ အယူအဆက နိုင်ငံတော်တော်များများမှာ အခုကစပြီး ကိန်းအောင်းနေတာ ရှိပါတယ်။ ဒါက နိုင်ငံတော်တော်များများက ဒါက မှားယွင်းနေတဲ့ အယူအဆတစ်ခုဖြစ်လာပါပြီ။ ဒါကိုဖြေရှင်းရင် ဘယ်လိုကောင်းမလဲလို့ ဆွေးနွေးကြတာရှိပါတယ်။ စောစောက ဆရာကြီး ဦးသန်းဦးလည်း ပြောပါတယ်။

**အသက်မွေးဝမ်းကျောင်းမှုတစ်ခု ဖြစ်ရမယ်**

သမိုင်းကြောင်းကို ပြန်ကြည့်ရင်၊ ကမ္ဘာ့ဘဏ်ရဲ့ကိန်းဂဏန်းကို ကြည့်တဲ့အခါမှာလည်း မြန်မာနိုင်ငံမှာ ၁၉၈၀ ပြည့်နှစ်လောက်က အခြေခံပညာ မူလတန်းကျောင်းမှာဆိုရင် အမျိုးသမီးဆရာက ၅၅ ရာခိုင်နှုန်းပဲရှိတယ်။ အဲဒီကနေ တဖြည်းဖြည်း ပြောင်းလဲလာတာ ၂၀၀၀ ပြည့်နှစ်ရောက်တဲ့အခါ အမျိုးသမီးရာခိုင်နှုန်းက ၇၅ ရာခိုင်နှုန်း တက်လာတယ်။ အဲဒီကနေ ဆရာကြီး ဦးကိုလေးဝင်းတို့ ပြောတယ်။ လက်ရှိမှာ ၈၀ ရာခိုင်နှုန်းကျော် ၈၂ ဒသမ ၅ ရာခိုင်နှုန်းလောက် ဖြစ်တယ်ဆိုတော့ ဒီလိုပြောင်းလဲလာတဲ့ အနေအထားမှာ ပထမဆုံးစပြီး ပြောင်းလဲရမှာက ဆရာအတတ်ပညာဆိုတဲ့ teaching profession ကို လူတွေမြင်ထားတဲ့ အမြင် သဘောထားကို ပြောင်းလဲဖို့လိုတယ်။ ဒီလိုပြောင်းလဲနိုင်ဖို့ဆိုရင် ကျွန်တော်ကိုယ်တိုင်ကရော၊ ပညာရေးဝန်ကြီးဌာနကရော၊ ဒီအသက်မွေးဝမ်းကျောင်းမှုဟာ တကယ်ကို မည်သူမဆိုပေါ့။ ယောကျ်ား၊ မိန်းမ မရွေး မည်သူမဆို တကယ်တတ်မြောက်လို့ရှိရင် ဝင်ပြီး လုပ်ကိုင်ဆောင်ရွက်လို့ သင့်တဲ့ အသက်မွေးဝမ်းကျောင်းမှုတစ်ခု ဖြစ်ရမယ်ဆိုတဲ့ ပုံစံမျိုးလုပ်ဖို့ လိုပါတယ်။

**အခြားအလုပ်ပြောင်းသွား**

လက်ရှိမှာလည်း ဒါနဲ့ပတ်သက်ပြီး ဒါကိုပိုပြီး ခိုင်မာတဲ့ အသက်မွေးဝမ်းကျောင်းမှု တစ်ခုဖြစ်အောင်ဆိုပြီး ဆရာများရဲ့တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်တို့၊ ဘာတို့ ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ရေးဆွဲနေတာရှိပါတယ်။ အဲဒါနဲ့အတူ ဘာကို ပြောင်းလဲရမလဲဆိုရင် မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ဆရာတွေရဲ့ လုပ်ငန်းခွင်၊ ရာထူးအဆင့်အတန်း တိုးမြှင့်ရေး သတ်မှတ်ချက်ကိစ္စတွေကို ပြန်ပြီး ပြုပြင်ပြောင်းလဲဖို့လိုမယ်၊ ဒါမှသာလျှင် အမျိုးသားဆရာတွေကို ဒီလုပ်ငန်းက ဦးဆောင်နိုင်မှာ ဖြစ်တယ်။ စောစောက ဆရာလည်း မှတ်ချက်ပေးထားတာ ရှိတယ်။ လုပ်ငန်းခွင်ဝင်လာပြီးရင်တောင်မှ မမြဲဘူး။ သူက ရာထူးကလည်း မတက်နိုင်တော့ ဒီဟာကို စွန့်ပြီး အခြားအလုပ်တစ်ခုကို ပြောင်းသွားတဲ့ဆရာတွေ အများကြီးရှိတယ်။

**လမ်းသွယ်လေးတွေ ဖော်ပေးရမယ်**

ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ ပုံစံက တဖြည်းဖြည်းနဲ့ အမျိုးသမီးဆရာတွေ များလာတဲ့ သဘောဖြစ်နေတယ်။ ဒါကြောင့်မို့ အခြေခံပညာ ပိုင်းရဲ့ကျောင်းအဆင့် အသီးသီးမှာ တာဝန်ထမ်းဆောင်တဲ့ ဆရာ ဆရာမတွေကို ကျွန်တော်တို့က တစ်တန်းတည်း သဘောထားပြီး ရာထူးအဆင့် သတ်မှတ်ဖို့ လိုပါတယ်။ အမျိုးသားပညာရေးဥပဒေမှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဘာသာရပ်အသီးသီးကို တန်ဖိုးထားပြီး သင်ကြားနေတဲ့ ဆရာများအချင်းချင်း ခွဲခြားခြင်း မရှိစေရလို့ ပြဋ္ဌာန်းထားတာလည်းရှိတဲ့အတွက် အဲဒီဥပဒေနဲ့လည်း လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲဖို့ လိုမှာဖြစ်ပါတယ်။ ဒ့ါအပြင် ရာထူးအဆင့်အတန်း သတ်မှတ်ရုံတင်မဟုတ်ဘဲ ဒီလမ်းကြောင်းကို ရွေးပြီးရင် အခြားဘယ်လမ်းကြောင်းတွေကိုရော ရွေးနိုင်သေးသလဲဆိုတဲ့ လမ်းသွယ်လေးတွေကိုလည်း ဆရာတွေရဲ့ အနာဂတ်လုပ်ငန်းအဆင့်အတန်းသတ်မှတ်မှုအပိုင်းမှာ အပြောင်းအလဲလေးတွေဖြစ်အောင် လုပ်ချင်တဲ့ဆရာတွေရှိရင်လည်း လုပ်ခွင့်ရအောင် လမ်းသွယ်လေးတွေကိုလည်း ကျွန်တော်တို့က ဖော်ပေးရမှာဖြစ်ပါတယ်။ ဒါက သင်ကြားရေးအလုပ်နဲ့ပတ်သက်ပြီး စဉ်းစားရမယ့် မူအပိုင်းတွေ ဖြစ်ပါတယ်။

**နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ခတ်ပုံ-ဝင်းဝင်း**

*(ဆက်လက်ဖော်ပြပါမည်)*

# ဆရာ့လက်ဆောင်

**အောင်လေး (ခရမ်း)**

**ဆရာကန်တော့ပွဲနေ့မြင်ကွင်း**

၃၀-၁၂-၂၀၁၈ ရက်နေ့ နံနက်တွင် ခရမ်းမြို့သွန်းဘုရားကြီးရှေ့၌ ဦးဖိုးထောင် ဦးဆောင်သည့် တက္ကစီကား ၁၀ စီးက မြို့တွင်းမှ အပူဇော်ခံဆရာကြီး ဆရာမကြီးများကို ကြိုဆိုရန် အသင့်စောင့်နေကြသည်။

ဆရာ ဆရာမ ကြိုဆိုဖိတ်ကြားရေးဆပ်ကော်မတီ ခေါင်းဆောင် ဦးအောင်လွင်နှင့် ကိုဇော်အောင် (သီးသန့်) တို့က ကားဆရာများကို ရပ်ကွက်အလိုက်၊ လမ်းအလိုက် ကြိုရမည့် ဆရာ ဆရာမအရေအတွက်နှင့် အချိန်ကို အသေးစိတ် ပြောကြားနေသည်။

အဝေးသို့ အလုပ်သွားလုပ်သော်လည်း ပူဇော်ပွဲသို့ အရောက်လာပြီး ကြိုဆိုရေးဝိုင်းကူသူက ဦးထွန်းထွန်းဦး(ခ) ဦးထွန်း။ နှစ်တိုင်း ဒီအချိန်ဆို သူနှင့် အော်ဟစ် ငြင်းခုံနေကျ။ အခုလည်း အရောက်ပြန်လာဖြစ်အောင် ပြန်လာသည်။ သူ့ဇနီးဖြစ်သူ ဆရာမ ဒေါ်နီလာတင်လည်း ယခုနှစ်အပူဇော်ခံစာရင်းတွင် ပါဝင်လာသည်။

၁၄ ယောက်စီး ကားတစ်စီးဆိုက်ပြီ။ ရန်ကုန်မှလာသော ဆရာကြီး ဆရာမကြီးတို့ ကားပေါ်မှ အဆင်းတွင်ပင် အသက်ကန့်သတ်ချက် ရင်ထိုးဖဲပြားတံဆိပ် ချိတ်ပေးကြသည်။ ယခုနှစ်တွင် နာမည်ရင်ထိုးလေးလုပ်ပေးထားသည်။ အမည် ဘယ်သူ၊ ဘယ်ကျောင်းဆိုပြီး အဝါရောင်နောက်ခံတွင် နက်ပြာစာလုံးက ထင်ထင်ရှားရှား။ နောက်တွင် တွယ်ချိတ်အစား သံလိုက်ကပ်ခွာလေးသုံးထားသည်။ လက်မှတ်ထိုးစာရင်းယူသည့်နေရာတွင် ယခင်နှစ်တွေကလို အချိန်မကြာတော့။ ၁၈၅ ဦးသော ဆရာကြီး ဆရာမကြီးများကို အထက်အောက် အစုန်အဆန် ရှာစရာမလိုတော့။ ဆရာကြီး ဦးလေးဝင်း၏ အကြံပေးမှုအရ ဆရာကြီး ဆရာမကြီးအမည်များကို နာမည်ရှေ့ဆုံးစာလုံးဖြင့် သီးခြားခွဲစီစဉ်ထားသဖြင့် ရောက်လာပါက အမည်မေး၊ လက်မှတ်ထိုးသည့်နေရာကို ပြရုံသာ။ ဆရာဦးလေးဝင်းက ငယ်ကတည်းက သင်ပြသင်ပေးခဲ့သည်မှအစ ယခုအထိ နည်းလမ်းကျအောင် သင်ပြနေတုန်း ဖြစ်သည်။ သက်တော်ရာကျော် ရှည်ပါစေ ဆရာ။

မုခ်ဦးမှအဝင် သာသနာ့ဗိမာန်ဘေးတွင် သတင်းမှတ်တမ်းဆပ်ကော်မတီ၏ ပြခန်းနှင့် အမှတ်တရ ရေးသားနိုင်ဖို့ အဖြူရောင်ဗီနိုင်းနှစ်ချပ်ကို ဘုတ်လုပ်ပြီး ထောင်ထားသည်။ ဘေးတွင် ဝှိုက်ဘုတ်၊ မာကာ အပြာရောင်လေးကလည်း ဘေးမှာ အသင့်။ အခုတော့ဘာမှ ရေးထားတာမရှိသေး။ မကြာမီ ဒီအချပ်ကလေးအပေါ် လက်ရေးပေါင်းစုံ၊ လက်မှတ်ပေါင်းစုံ၊ စိတ်ခံစားမှုအလိုက် မြင်တွေ့ရပေဦးမည်။

မဟာဒုက်ဆွမ်းစားဆောင်သို့ ကြက်ခြေနီမောင်မယ်များ၊ ကျောင်းသားဟောင်း အငယ်တန်းလေးများက ဆရာကြီး ဆရာမကြီးများကို ပို့ပေးကြသည်။ အချို့က နံနက်စောစောစာ မစားလိုဘဲ ဘုရားဖူးလိုကြသည်။ ဂန္ဓကုဋိတိုက်တော်၏ ဘေးဘက်တွင် ၁၉၉၉ ကျောင်းသားဟောင်းများ၏အချိုပွဲ ရေခဲမုန့် ကျွေးမွေးမည့် စားပွဲများကို အသင့်ပြင်ထားသည်။ နံနက် ၈ နာရီခန့်တွင် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ စုံလင်သလောက် ရှိလာသည်။

**အပြုံးပန်းများဝေဆာ**

အားလုံး၏မျက်နှာများတွင် အပြုံးပန်းများဝေဆာနေပေတော့သည်။ သူ့အုပ်စုအလိုက် စကားပြောကြ၊ ဆရာ ဆရာမတွေကို နှုတ်ဆက်ကြ။ ကျန်းမာရေးအကြောင်း၊ သာကြောင်းမာကြောင်းမေးကြ၊ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်တွေ ပြောကြ၊ ဆွမ်းစားဆောင်တွင်လည်း ငယ်ကဆရာနှင့်ငယ်ကတပည့် ထမင်းလက်ဆုံ စားကြ၊ အချိုပွဲကျွေးသည့်နေရာတွင်လည်း စကားတွေဖောင်ဖွဲ့ကြ၊ ဓာတ်ပုံရိုက်ကြ၊ ဖေ့စ်ဘွတ်အကောင့် အပြန်အလှန်အပ်ကြ၊ တကယ့်ကို ငယ်ဘဝပြန်ရောက်သွားကြသလို ခံစားမိသည်။

အချို့က ဘုရားရင်ပြင်တော်တွင် အမှတ်တရဓာတ်ပုံရိုက်ကြသည်။ အချို့က နတ်လမ်းတစ်လျှောက် ထိုင်လို့ စကားပြောဆိုနေကြသည်။ အချို့က အချိုပွဲဝိုင်းများတွင် အစုအဖွဲ့အလိုက်ရှိကြသည်။ မဟာဒုက်ဆွမ်းစာဆောင် အတွင်း စားနေသူအချို့က စားရင်း သောက်ရင်း ပြောကြဆိုကြသည်။ မြင်ကွင်းအမျိုးမျိုးက သူ့နေရာနှင့်သူ။ ပရဟိတအသင်းများကလည်း ဝိုင်းဝန်းကူညီကြသည်။ အဖွဲ့စုံ အရောင်စုံ လှုပ်ရှားနေသူများကြောင့် ပူဇော်ပွဲကို ပိုမိုအသက်ဝင်စေသည်။

**အခမ်းအနားမှူးက ဖိတ်ကြားပြီ**

အခမ်းအနားမှူး၏ ဖိတ်ကြားသံကြားရပေပြီ။ အပူဇော်ခံဆရာကြီး ဆရာမကြီးများကို သာသနာ့ဗိမာန်အတွင်းသို့ နေရာယူပို့ဆောင်ပေးကြသည်။ ကျောင်းသား ကျောင်းသူဟောင်းများလည်း နေရာယူကြပြီ။ ဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်ကို ရှိသေစွာ ဖတ်ကြားတင်ပြပါသည်။

**အရှိန်အမြင့်ဆုံးအချိန်**

(၂၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ကျောင်းသားဟောင်း တေးသံရှင် ကိုနိုင် (ခရမ်း)က ခြိမ့်သဲပူဇာမြတ်ဆရာကြီးသီချင်းဖြင့် ဖွင့်လှစ်ပူဇော်ပါသည်။ ထို့နောက် အစီအစဉ်အရ တေးသံရှင် အေးအေးကျော်မင်းက မြတ်ဆရာသီချင်းဖြင့် ပူဇော်ပါသည်။ ထိုအချိန်သည် ပူဇော်ကန်တော့ပွဲအခမ်းအနား၏ အရှိန်အမြင့်ဆုံးအချိန်။ ဆရာတွေရော ကျောင်းသားဟောင်းများပါ သီချင်း၏ဆွဲခေါ်ရာသို့ပါသွားပေပြီ။ အချို့သူများတွင် မျက်ရည်များတွဲခိုလို့။ အချို့က မျက်တောင်ပုတ်ခတ်၊ ပုတ်ခတ် လုပ်ကြသည်။ ကန်တော့သည့်အစီအစဉ်က နှစ်မျိုးဖြစ်သည်။

ပထမဦးစွာ အသက် ၈၀ နှင့်အထက်၊ အသက် ၇၅ နှစ်အထက် ဆရာကြီး ဆရာမကြီးများကို အသက် ၇၀ နှစ်အထက်၊ အသက် ၆၀ နှစ်အထက် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ကြသည်။ ထို့နောက်တွင်မှ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအားလုံးကို ကျောင်းသူ ကျောင်းသားဟောင်းအားလုံးက ကန်တော့ကြသည်။

**“အားလုံး၏မျက်နှာများတွင် အပြုံးပန်းများဝေဆာနေပေတော့သည်။ သူ့အုပ်စုအလိုက် စကားပြောကြ၊ ဆရာ ဆရာမတွေကို နှုတ်ဆက်ကြ။ ကျန်းမာရေးအကြောင်း၊ သာကြောင်းမာကြောင်း မေးကြ၊ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်တွေ ပြောကြ၊ ဆွမ်းစားဆောင်တွင်လည်း ငယ်ကဆရာနှင့် ငယ်ကတပည့် ထမင်းလက်ဆုံစားကြ၊ အချိုပွဲကျွေးသည့်နေရာတွင်လည်း စကားတွေဖောင်ဖွဲ့ကြ၊ ဓာတ်ပုံရိုက်ကြ၊ ဖေ့စ်ဘွတ်အကောင့်အပြန်အလှန်အပ်ကြ၊ တကယ့်ကို ငယ်ဘဝပြန်ရောက်သွားကြသလို ခံစားမိ”**

ထို့နောက်အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယခုနှစ်အလှူငွေ စုစုပေါင်းက သိန်း ၂၆၀ ကျော်ရှိသည်။ လှူဖွယ်ဆက်ကပ်ရေးဆပ်ကော်မတီ နှင့် ၁၉၉၂ကျောင်းသားဟောင်းများ၊ ၁၉၉၈ ကျောင်းသားဟောင်းများ၊ ၂၀၀၀ ပညာသင်နှစ် ကျောင်းသားဟောင်းများ၊ ၂၀၀၈- ၂၀၀၉ ပညာသင်နှစ်ကျောင်းသားဟောင်းများက တစ်ပြိုင်နက် ဆက်ကပ်ကြစဉ် ကျောင်းသားဟောင်းတေးဂီတအဖွဲ့မှ တေးသံရှင် သိန်းဇော်ထွန်းက အသီးတစ်ရာ အညွှာတစ်ခု သီချင်းဖြင့် ပူဇော်သည်။ ငယ်ကသင်ခဲ့သည့် ကျောင်း၏ပုံရိပ်များဖြင့် အတွေးကိုယ်စီရှိကြမည်ဟု ယုံကြည်မိပါသည်။

**ဆရာကြီး၏ ဩဝါဒ**

အပူဇော်ခံဆရာကြီး ဦးမြသန်း၏ ဩဝါဒစကားသည် မှတ်သားဖွယ်ကောင်းလှပါသည်။ ဆရာကြီးက ယခုလို ညီညီညွတ်ညွတ် ဆောင်ရွက်ကြသည့် ကျောင်းသားဟောင်းကြီးများကိုမြင်တွေ့ခွင့်ရသည့်အတွက် ဝမ်းသာကြောင်း၊ မင်းကွန်းဆရာတော်ကြီး၏ အဆုံးအမကို ယခုလိုကြုံကြိုက်ခိုက် စကားလက်ဆောင် ပြောပြလိုကြောင်း၊ ပစ္စည်းမချမ်းသာရင်နေ စိတ်ချမ်းသာရမည်၊ အသားမဖြူရင်နေ စိတ်ဖြူရမည်၊ ရုပ်မလှရင်နေ စိတ်လှရမည်ဖြစ်ကြောင်း၊ ယောနိသော မနသိကာရနှင့် အယောနိသော မနသိကာရကို ကွဲကွဲပြားပြားသိရှိပြီး လိုက်နာကျင့်သုံးစေလိုကြောင်း။

အ ယောနိသော မနသိကာရနှင့်ပတ်သက်ပြီး ဂျပန် ဆာမူရိုင်းကြီးကို တံငါသည်လေးက ကျေးဇူးစကားလက်ဆောင်ပေးလိုက်ကြောင်း၊ ထိုစကားမှာ စိတ်ကရှေ့ကသွားရင် လက်ကို နောက်ကထားပါ၊ လက်ကို ရှေ့ကထားရင် စိတ်ကို နောက်က ထားပါဟု မှာကြောင်း၊ အိမ်ပြန်ရောက်သည့်အခါ မိမိဇနီးနှင့်သားလေးဘေးတွင် ဆာမူရိုင်း ဝတ်စုံနှင့် လူတစ်ဦး အိပ်နေကြောင်း၊ သိသိမြင်မြင်ချင်း ဆာမူရိုင်းကြီး အလွန်စိတ်ဆိုးသွားကြောင်း။

နောက်တံငါသည်လေး ပြောလိုက်သည့်စကားကို သတိရပြီး အိမ်အတွင်းသို့ မိမိပြန်လာပြီဖြစ်ကြောင်း ပြောဆိုလိုက်ရာ မိမိဇနီးနှင့်သား၊ ထိုဘေးမှ မိမိအကျီဝတ်ဆင်ထားသည့် မိမိအမေကိုပါ တွေ့လိုက်ရပါကြောင်း၊ ဆာမူရိုင်းကြီးသည် တံငါသည်လေး၏ စကားကို မကြားယောင်မိပါက မိမိ မိဘ၊ ဇနီးနှင့် သားကို မိမိလက် မိမိဓားဖြင့် သတ်လိုက်မိမည့်ဘေးမှ သီသီလေး လွတ်ကင်းသွားခြင်းသည် အ ယောနိသော မနသိကာရကို သိမြင်ပြီး ယောနိသော မနသိကာရအရ စိတ်လိုက်မာန်ပါ၊ စိတ်လိုက်ကိုယ်ပါ မလုပ်ခြင်း၏ ကျေးဇူးတရားဖြစ်ကြောင်း ဆုံးမဩဝါဒပေးပါသည်။

ဆရာကြီး၏ ဆုံးမဩဝါဒနှင့် ဆုပေးအပြီးတွင် အပူဇော်ခံ ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများအားလုံး၏ သာဓုသံုးကြိမ်ခေါ်သံသည် သကျမာရဇိန်သွန်းဘုရားကြီး သာသနာ့ဗိမာန်တော်မှ အထက်ဘဝဂ်တိုင်အောင် မိုးထက်သောသောညံသွားပေပြီ။

အခမ်းအနားအပြီး လှုပ်ရှားသွားလာနေသောသူများကြားတွင် ကျွန်တော် တွေတွေလေး ရပ်နေမိပါသည်။ ကျွန်တော်၏ စိတ်အစဉ်သို့ မျောပါသွားသည်။ သေချာသည်က ယနေ့ ပူဇော်ပွဲတွင် ဆရာကြီးဦးမြသန်း၏ ဆုံးမဩဝါဒစကားသည် ထာဝရသိမ်းဆည်းထားရမည့် ဆရာ့လက်ဆောင်အဖြစ် ကျွန်တော့်တို့အားလုံး၏ ဦးနှောက်နှလုံးသားတွင် စူးစူးနစ်နစ် မှတ်ယူထားလိုက်မိကြမည်မှာ အမှန်ပင်။

**ပူဇော်ကန်တော့နိုင်ခဲ့ပြီ**

ယခုနှစ်တွင် အသက် ၆၀ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၁၀၉ ဦး၊ ၇၀ နှစ်အထက် ၃၇ ဦး၊ ၇၅ နှစ် အထက် ၁၉ ဦး၊ ၈၀ နှစ် အထက် ၂၀ စုစုပေါင်း ၁၈၅ ဦးကို ပူဇော်ကန်တော့နိုင်ခဲ့ပါသည်။

ယခုနှစ် ဆရာကန်တော့ပွဲနှင့် ပတ်သက်ပြီး ယခင်နှစ်များအတိုင်း တက်ညီလက်ညီရှိကြသော အထက (၁) နှင့် အထက(၂)တို့မှ ကျောင်းသားဟောင်း အချို့ကို မှတ်တမ်းတင်မိသည်။ ၁၉၉၂ ကျောင်းသားဟောင်းများက ဆရာကြီး ဆရာမကြီး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီနှင့် ထမင်းကျွေးညှော်ခံခြင်းကို တာဝန်ယူသည်။ ၁၉၉၈ အဖွဲ့က ငွေ ကျပ် ၅၀၀၀ စီ၊ ၂၀၀၀ ပြည့်နှစ်အဖွဲ့က ကျပ် ၁၅၀၀၀စီ၊ ၂၀၀၈- ၂၀၀၉ အဖွဲ့က ကျပ် ၃၀၀၀ စီနှင့် အချိုရည်တစ်ဘူးစီ၊ ဇော်လင်း (နန်းထိုက်အောင်မြေပဲဆီ)က ဆီတစ်ပိဿာစီ၊ ကိုထိုက်ကြီး- မခင်နန္ဒာထွန်းတို့က ပျားရည်တစ်ပုလင်းစီ၊ ၁၉၉၉ အဖွဲ့က ရေခဲမုန့်နှင့် မုန့်မျိုးစုံတာဝန်ယူသည်။ ၂၀၀၂ (ဝေဖြိုးကျော်တို့)အဖွဲ့က ကွယ်လွန်သွားသော ဆရာကြီး ဆရာမကြီးများအား ရည်စူးပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းကပ် သည်။ မမြင့်မြင့်သန်းက ဆရာကြီး ဆရာမကြီးများကို နံနက်စောစောစာ မုန့်ဟင်းခါးဖြင့် ညှော်ခံသည်။ ကျောင်းသားဟောင်း ကိုကျေး (အေးရှားဝေါ)ကလည်း သူ၏ ဆရာကြီး ဆရာမကြီး ၁၅ ဦးကို တစ်ဦးလျှင် ငွေကျပ် ၆ သိန်းစီဖြင့် ကန်တော့ခဲ့သည်။

ယခုနှစ်တွင် တက်ရောက်လာသော ဆရာကြီး ဆရာမကြီးများအနက် ဆရာကြီး ဦးမြသန်း၊ ဦးမြမောင်၊ ဦးစိုးလွင်၊ ဦးဝင်းကျော်မိုး၊ ဦးလေးဝင်း၊ ဦးချိုလင်း၊ ဦးစိုးသိန်း၊ ဦးစိန်သန်းအောင်၊ ဦးအေးလွင်၊ ဦးတင်တိုး၊ ဦးဌေးဝင်း၊ ဦးဖေတင်၊ ဦးမိုး၊ ဦးနွယ်ဝင်း၊ ဦးလှမြင့်၊ ဦးမောင်မောင်သွင်၊ ဦးမြင့်ဖေ၊ ဦးသက်ဆွေ၊ ဦးတင်သိန်း၊ ဦးအေးချို၊ ဦးစိုးမြင့်၊ ဦးသိန်းမြင့်၊ ဒေါ်ခင်နွဲ့၊ ဒေါ်တင်စီ၊ ဒေါ်အေးသီ၊ ဒေါ်ခင်ညွန့်ရည်၊ ဒေါ်တင်လှ၊ ဒေါ်သန်းစိန်၊ ဒေါ်စန်းကြည်၊ ဒေါ်သန်းမြင့်၊ ဒေါ်ရီရီတင်၊ ဒေါ်စိန်အေး၊ ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်စိန်စိန်၊ ဒေါ်စန်းစန်း၊ ဒေါ်လှသန်း၊ ဒေါ်ခင်မာမာ၊ ဒေါ်သန်းအိ၊ ဒေါ်သန်းရီ၊ ဒေါ်ခင်လှမြင့်၊ ဒေါ်ခင် စန်းဝင်း၊ ဒေါ်စန်းဦး၊ ဒေါ်ကြည်ကြည်စန်း၊ ဒေါ်ယဉ်ယဉ်သန်း၊ ဒေါ်သန်းနွယ်ဦး၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်စိန်ကြည်၊ ဒေါ်ဖြူဖြူသန်း၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်တင်တင်ယု၊ ဒေါ်ခင်ရီ၊ ဒေါ်မြင့်ကြည် (၁) နှင့် (၂) ၊ ဒေါ်အေးစန်း၊ ဒေါ်အေးသန်း၊ ဒေါ်လှလှမူ၊ ဒေါ်ဘေဘီ အေး၊ ဒေါ်အုန်းကြည်၊ ဒေါ်တင်နွဲ့၊ ဒေါ်ခင်ကြူ၊ ဒေါ်စန်းရင်၊ ဒေါ်ရီရီ၊ ဒေါ်သန်းတင့်အောင်၊ ဒေါ်ကျော်ကျော်၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်တင်အိ၊ ဒေါ်ကြည်အေး တို့ကို နှုတ်ဆက်ခွင့်ရလိုက်သည်။ နှုတ်မဆက်ဖြစ်ခဲ့သော ဆရာကြီး ဆရာမကြီးကိုလည်း ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရင်း ရည်မှန်းကန်တော့ခဲ့ပါသည်။

**ကန်တော့ပွဲ အကြိုနေ့မြင်ကွင်း**

၂၉-၁၂-၂၀၁၈ ရက် ညကလည်း ညလုံးပေါက်နီးပါး။ နံနက် ၂ နာရီခွဲမှ အိမ်ရောက်ပါသည်။ ပူဇော်ပွဲအမှတ်တရ ကျောင်းသားဟောင်းတေးဂီတအဖွဲ့၏ စင်တင်စတိတ်ရှိုးတွင် အဆိုတော်ပိုးအိစံ၊ နန္ဒရော၊ အိပ်မက်ဆုံရာ ဝင်းနားအဆိုတော် မိုးချာန်။ နာမည်ကြီးအနေဖြင့် ထိုမျှသာ ငှားနိုင်သည်။ ကျောင်းသားဟောင်း အဆိုရှင်များ ရှိနေလို့တော်သေးသည်။ စင်တင်စတိတ်ရှိုးကို ပူဇော်ပွဲငွေမှ သုံးစွဲခြင်းမရှိ။ မိမိငွေကြေးနိုင်ရာစုကြသည်။ ရန်ကုန်က အတန်းကြီးကျောင်းသားဟောင်းများ၏ ဦးဆောင်ထည့်ဝင်ငွေနှင့် ကျန်တာကို ကျွန်တော်တို့မြို့က ဖြည့်သည်။ ဖြစ်ချင်လို့သာလုပ်ကြသည်။ ကျွမ်းကျင်ပိုင်နိုင်ခြင်း မရှိပါ။ စည်ကားစေချင်သည်။

အထူးသဖြင့် ကျောင်းသားဟောင်းတွေ ပူးပေါင်းပါဝင်စေလိုခြင်းသည် ကျွန်တော်တို့၏ အန္တိမဆန္ဒ။ စတိတ်ရှိုးအတွက် သီချင်းတိုက်ကြသည်။ အဆိုရှင်တွေကလည်း မနည်းလှ။ မြန်မာသံအဆိုတော် ခရမ်းကိုနိုင်က ပူဇော်ပွဲဖျော်ဖြေရေး ဆပ်ကော်မတီအဖွဲ့ခေါင်းဆောင်။ ကိုညီညီထွန်းက သူ့တီးဝိုင်းကို စေတနာအပြည့်ဖြင့် ကူညီသည်။ ကိုရဲထွဋ်၊ ကိုမင်းဦးလှိုင်၊ ကိုသိခ်တို့က အဆိုတော်ငှားဖို့စီစဉ်သည်။

ကိုညီနှင့် ကျွန်တော်က ကိုအောင်ကျော်မင်း၏အကူအညီဖြင့် ကိုခင်မောင်ဖြူထံမှ တီးဝိုင်းစက်များငှားဖြစ်သည်။ တကယ်စီစဉ်ကြည့်တော့မှ မလွယ်ရေးချမလွယ်။ ကျိုက်လတ်ကျောင်းသားဟောင်း ကိုနိုင်မိုး၏ စမတ်အော်တိုဆားဗစ်မှ အငြိမ့်ခွင်ဟာသတစ်ခန်းရပ်အတွက် လှူဒါန်းပါဝင်သည်။

သီချင်းတိုက်ကြတော့ ကိုယ့်မြို့ကျောင်းသားဟောင်းများက ခေသူမဟုတ်။ ဆိုမည့်သူ ၁၁ ယောက်နှင့် သီချင်း ၁၆ ပုဒ်ရသည်။ ဘုရားရှေ့လယ်ကွင်းကို မြေညှိကြသည်။ အလှူရှင် ဦးအကျိုင်း(ခ) ဦးအောင်ကျော်ထံမှ ပေ ၄၀ အရှည် တွဲကား နှစ်စီးရသည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့ကတည်းက ပြင်ဆင်ကြသည်။ စင်မြင့်နောက်ခံက ပူဇော်ပွဲအမှတ်တရ ကျောင်းသားဟောင်းများ၏တေးဂီတစာတမ်းက အညိုရောင်နောက်ခံတွင် အဖြူရောင် လက်ရေးစာလုံးလေးဖြင့် ကိုအောင်ကျော်သန်း (ပန်းချီ)က ဖန်တီးပေးသည်။

ဒီဇင်ဘာလ ၂၉ ရက်နေ့ မနက်ကတည်းက ဘုရားရှေ့တွင် လှုပ်ရှားနေသည့်လူများကြောင့် မြို့လူထုက စိတ်ဝင်စားနေသည်။ အဆိုတော်တွေ ရောက်လာပြီ၊ တီးဝိုင်းဆရာတွေ သုံးခွကထွက်လာပြီ၊ ကွင်းပြင်ကျယ်တွင် ပလတ်စတစ်ထိုင်ခုံများကလည်း စီချထားသည်။ ညနေ၅နာရီတွင် အသံစမ်းသပ်ခြင်းလုပ်သည်။

ကိုညီညီထွန်းအဖွဲ့နှင့် အဆိုတော် နန္ဒရော၏ အသံကြောင့် လူများ တဖွဲဖွဲရောက်လာပြီ။ ကျောင်းသားဟောင်းတေးဂီတအဖွဲ့မှ တေးသံရှင်ခရမ်းကိုနိုင်နှင့်အဖွဲ့အပြီးတွင် လင်းလက်ကြယ်စင်အငြိမ့်အဖွဲ့မှ ဟာသသရုပ်ဆောင်ကိုစံလင်းတို့ အပိုင်းကလည်း တဝါးဝါး တဟားဟား ရယ်ကြရလေသည်။

ထို့နောက် အဆိုတော်ပိုးအိစံ၏ ကျော်ကြားသော သီချင်းများ၊ ကျောင်းသားဟောင်း တစ်ယောက်ပြီး တစ်ယောက်၏ ဖျော်ဖြေမှုနှင့်အတူ ကောင်းကင်ညပြာပြာတွင် လမင်းသည်လည်း တရိပ်ရိပ်ရွေ့ခဲ့ပြီ။

အဆိုတော်မိုးချာန်သီဆိုပြီး မကြာမီ တီးဝိုင်းအဆိုရှင်သုံးဦးဖြင့် စင်တင်စတိတ်ရှိုးကို ပိတ်သိမ်းလိုက်ပါပြီ။ တီးဝိုင်းအဖွဲ့သားများကား ပြန်ခါနီးတွင် အော်သွားသေးသည်။ See you next year ....

**၁၉၈၂၊ ၁၉၈၃ ကျောင်းသားဟောင်းအဖွဲ့**

မြို့အဝင်က တော်ဝင်ခန်းမတွင် အကြိုနေ့ ပျော်ရွှင်ဖွယ်ကာရာအိုကေညကိုလည်း မှတ်တမ်းတင်မိသည်။

*စာမျက်နှာ ၂၁ သို့*

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ ဇန်နဝါရီ ၂**

၂၀၁၈ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် (၂၅) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း ယနေ့ နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**ဗိုလ်လုပွဲစဉ်များ ကျင်းပ**

အခမ်းအနားတွင် အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဆုပေးပွဲ အခမ်းအနားတွင် မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊၁၅၀၀၊၃၀၀၀ အလျားခုန်၊ အမြင့်ခုန်၊ မီတာ ၁၀၀ နှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေး၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ် ပြိုင်ပွဲများတွင် ထူးချွန်ဆုရအားကစားသမားများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဥပဒေချုပ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး ပြေးခုန်ပစ် အားကစား ဆပ်ကော်မတီ ဥက္ကဋ္ဌတို့က ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးတံခွန်စိုက်ဆုရ အင်းတော်မြို့နယ် အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်တင့်တင့်ကလည်းကောင်း၊ အမျိုးသား တံခွန်စိုက်ဆုရ မုံရွာမြို့နယ်အသင်းအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးတံခွန်စိုက်ဆုရ အင်းတော်မြို့နယ် အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ် **(ယာပုံ)** က လည်းကောင်း တံခွန်စိုက်ဆုဖလားကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၃၆ မြို့နယ်မှ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင် အားကစားသမားများက ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# ငြိမ်းချမ်းရေးလှုံ့ဆော်သူ တစ်ကိုယ်တော်စက်ဘီးစီးသမား မိုးညှင်းသို့ရောက်ရှိ

**မိုးညှင်း ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့သို့ ယနေ့ နံနက်ပိုင်းက ငြိမ်းချမ်းရေး လှုံ့ဆော်သူ တစ်ကိုယ်တော် စက်ဘီးသမားရောက်ရှိလာပြီး ခေတ္တရပ်နားကာ မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။



ဦးစိုးမြင့်သည် မြန်မာနိုင်ငံ တောင်ပိုင်း ကော့သောင်းမြို့မှ နိုဝင်ဘာ ၄ ရက်တွင် စတင်ထွက်ခွာလာရာ မိုးညှင်းမြို့သို့ ဇန်နဝါရီ၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်ရောက်ရှိခဲ့ပြီး မိုးညှင်းလူငယ် စက်ဘီးစီးအဖွဲ့ (MBG) ဥက္ကဋ္ဌ ဦးကိုကို ဝင်းနှင့် အဖွဲ့တို့က ကြိုဆိုခဲ့ကြသည် ။

“မြန်မာပြည် ငြိမ်းချမ်းရေးကို လိုလားလို့ အခုလို စက်ဘီးစီးတာပါ။ ဖြစ်နိုင်တာ မဖြစ်နိုင်တာက တစ်ပိုင်းပေါ့။ ကျွန်တော်ကတော့ လုပ်ရမယ့်အလုပ်ကို လုပ်တာပါ။ လူသားအားလုံးဟာ ပြဟ္မစိုရ်တရား လက်ခံထားပြီး အတ္တတွေ ကို လျှော့နိုင်မယ်ဆိုရင် မကြာခင် ငြိမ်းချမ်းလာမှာပါ” ဟု ငြိမ်းချမ်းရေးအတွက် လှုံ့ဆော်သူ တစ်ကိုယ်တော် စက်ဘီးသမား ဦးစိုးမြင့်က ပြောကြားသည်။

အဆိုပါ ငြိမ်းချမ်းရေးအတွက် တစ်ကိုယ်တော် စက်ဘီးစီးခရီးစဉ်မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၄ ရက် မှစ၍ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကချင်ပြည်နယ် ပူတာအိုမြို့အထိ မိုင် ၁၀၀၀ ကျော် ခရီးစဉ်ကို ငြိမ်းချမ်းရေးခရီးစဉ်အဖြစ် တစ်ကိုယ်တော် စက်ဘီးစီးလျက်ရှိကြောင်း သိရသည်။

**နီတိုး**

# မန္တလေးမြို့၌ စာအုပ်နှစ်အုပ် မိတ်ဆက်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

မမနိုင် (မန္တလေးရုပ်သေး) ရေးသားသည့် “ပုခက်လွှဲသော လက်မှသည်” စာအုပ်နှင့် နုနုကြည် (အမေ့အိမ်) ရေးသားသည့် “ဂန္ဓာလရာဇ်တိုင်း၏ အလင်းရောင်ရှင် ဂန္ထဝင်ခရီးသည်များ” စာအုပ်နှစ်အုပ် မိတ်ဆက်ပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၇လမ်းနှင့် ၆၉လမ်းထောင့်ရှိ မြမန္တလာ ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာ မောင်မျက်ရှင်၊ အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဌေးအောင်၊ အမျိုးသားစာပေဆုရှင် စာရေးဆရာမ ဒေါ်တင်မမခိုင် (မန်းတက္ကသိုလ်)၊ အမျိုးသားစာပေဆုရှင် စာရေးဆရာ ညီပုလေးတို့က စာအုပ် နှစ်အုပ်နှင့် ပတ်သက်၍ မုဒိတာစကား ပြောကြားသည်။

ထို့နောက် “ပုခက်လွှဲသော လက်မှသည်” စာအုပ်ရေးသားသူ ဆရာမ မမနိုင် (မန္တလေးရုပ်သေး) နှင့် “ဂန္ဓာလရာဇ်တိုင်း၏ အလင်းရောင်ရှင် ဂန္ထဝင်ခရီးသည်များ” စာအုပ်ရေးသားသည့် ဆရာမ နုနုကြည် (အမေ့အိမ်) တို့က စာအုပ်ရေးသားရခြင်း ရည်ရွယ်ချက်၊ စာအုပ်ထုတ်ဝေဖြစ်ပုံနှင့် စာအုပ်ထုတ်ဝေရန် ကြိုးပမ်းမှုတို့ကို ပြောကြားခဲ့ကြကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# ကချင်ပြည်နယ် ဂျော်ဘွမ်တောင်တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**မြစ်ကြီးနား ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဂျော်ဘွမ်တောင်သို့ လာရောက် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဂျော်ဘွမ်တောင်ကို ကချင်ဘာသာစကားအားဖြင့် Jaw Masat Akyu Hpi Bum ဟု ဒေသခံတို့ သမုတ်ကြကြောင်း လာရောက်လည်ပတ်ကြသူ အချို့ထံမှ ကြားသိရသည်။

အဆိုပါ နေရာတွင် သုံးနှစ်သုံးရာ ကချင်နှစ်ခြင်း သာသနာပြုခြင်း အထိမ်းအမှတ်ကမ္ပည်း ကျောက်စာတိုင်တွင် KBC 3/300 SaSa Na Masat DingSat (၂၀.၂.၁၉၇၈ - ၂၀.၂.၁၉၈၁) ဟု ရေးသားဖော်ပြထားရှိသည်ကို လေ့လာတွေ့ရှိရသည်။ မှတ်တိုင်တစ်ခုအဖြစ် ၁၉၇၈-၁၉၇၉ ခုနှစ်တွင် မူလအဆောက်အအုံကို ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်ကာ ဆုတောင်းတောင် (Jaw Bum ) ဟု ခေါ်ဆိုခဲ့ကြကြောင်း စတင်တည်ဆောက်ရေး လုပ်ငန်းများ၌ ကိုယ်တိုင်ပါဝင်ခဲ့ရဖူးသူ မြစ်ကြီးနား ဒေသခံ ဦးလဘန်အောင်က ပြောသည်။

“၁၉၇၇ ခုနှစ် ကချင်ပြည်နယ် နှစ်ခြင်းသာသနာပြု (KBC) ရဲ့ နှစ်တစ်ရာပြည့် ဂျူဗလီပွဲတော်ကျင်းပခဲ့ကြတယ်။ အဲဒီပွဲ မကျင်းပမီအချိန်ကတည်းက ကချင်ပြည်နယ်ရဲ့ နှစ်ခြင်းကျမ်းစာသင်ကျောင်း (နောင်နန်း ) တည်ရှိခဲ့တဲ့နေရာလည်း ဖြစ်တယ်။ အဲဒီအချိန်မှာ ဆုတောင်းတောင် မျှော်စင်က ဝါးတွေနဲ့သာ အဆင့်ဆင့်တည်ဆောက်ထားခဲ့ ကြပေမယ့် မျက်မှောက်ကာလမှာ အခု မြင်တွေ့နေရတဲ့အတိုင်း အဆင့်ခြောက်ဆင့်ကို ( အာရ်စီအုတ်ညှပ်) အမြင့်ပေ ၆၀၀ အထက်ခန့်နဲ့ အခိုင်အမာ တည်ဆောက်ထားခဲ့ကြတာ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။



အဆိုပါ ဆုတောင်းတောင်၏ သမိုင်းကြောင်းနှင့် ပတ်သက်၍ မှတ်တမ်းကမ္ပည်း ကျောက်စာတိုင်တွင် ကချင်ဘာသာဖြင့် ဖော်ပြရေးသားထားကြောင်း သိရသည်။ ထို့အပြင် ဆုတောင်းမျှော်စင်အမြင့်မှ ကချင်ပြည်နယ် ရောဝတီမြစ်ကူးတံတား (ဗလမင်းထင်တံတား) အလှကို တစ်မျှော်တစ်ခေါ် ရှုမြင်ခံစားနိုင်သော နေရာဖြစ်ကြောင်း၊ ရှေးယခင်အချိန်ကာလက ကချင်နှစ်ခြင်းသာသနာ ဘာသာဝင်တို့၏ ဆုတောင်းခြင်းအတွက်သာ တည်ထားရှိသော နေရာတောင်ပေါ်တစ်ခု ဖြစ်ခဲ့သော်လည်း နောင်ကြာမြင့်လာသော ခေတ်စနစ်ပြောင်းလဲမှု နှင့်အတူ ဤဆုတောင်းတောင်နေရာသည် ကချင်ပြည်နယ်ရောက် ခရီးသွားများနှင့် ဒေသခံများ လာရောက်လည်ပတ် အနားယူရာနေရာ တစ်ခုဖြစ်လာကြောင်း သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**

*စာမျက်နှာ ၂၀ မှ*

ပါဝင်သူတွေက ၁၉၈၂၊၁၉၈၃ ကျောင်းသားဟောင်းအဖွဲ့များဖြစ်သော ကိုလှမိုး၊ ကိုနုလွင်၊ ကိုနေလင်း၊ ကိုမင်းဇော်၊ ကိုသောင်းဒန်၊ ကိုသိန်းနိုင်၊ မဖြူ၊ မနီနီအောင်၊ မဥမ္မာသိန်း၊ မဥမ္မာသွယ်၊ မခင်မာချို၊ မမြင့်သက်ခိုင်၊ မသီသီဆွေ၊ မခင်စန်းယု၊ မသက်သက်မော်၊ မယဉ်ယဉ်သန်း၊ မခင်မိမိအောင်၊ မလှလှမော်၊ မသိန်းသိန်းအေးတို့ တစ်သိုက်။ ပွဲတိုင်းကျော် ကိုဆန်းယုကတော့ ရိပ်သာဝင်နေသည်ဟု ကြားသည် ။ ယခုနှစ် မလာနိုင်။ အပြိုင်ကြဲသည်က ခိုင်သင်းကြည်မင်္ဂလာပွဲ စုံတွဲသီချင်းများ။ ဘယ်အချိန်ကလေ့ကျင့်ထားမှန်းမသိသည်က ကိုမင်းဇော်နှင့် မဖြူကလည်း ခပ်ပိုင်ပိုင်။ မဖြူနှင့် မိုက်ခဲကိုသောင်းဒန်က တစ်မျိုး၊ ထူးခြားသည်က မအေးအေးကျော်။ ဘယ်တုန်းကတည်းက ကာရာအိုကေခန်း တိတ်တိတ်ပုန်းသွားနေသည် မသိ။ အဆိုပိုင်ပုံကလာမယ့် idol ဝင်ပြိုင်လျှင် နိုင်လောက်သည့်အခြေအနေ။

သီးသန့်စားသောက်ဆိုင်မှာလည်း စီနီယာ သူငယ်ချင်းအုပ်စုများ စုရုံးနေတာတွေ့သည်။ မမိုးမိုးဆွေတို့အဖွဲ့က ၃၄၅ စားသောက်ဆိုင်တွင် စုမိခဲ့ကြကြောင်း ကြားသည်။ ညှော့သည်နှင့် အိမ်ရှင် သူငယ်ချင်းအုပ်စုများအလိုက် အလျှိုအလျှိုဖြင့် ဆုံတွေ့ပြီး ပျော်ရွှင်ရယ်မောသံများကြောင့် အကြိုညတွင် တစ်မြို့လုံးလည်း ညံပွက်နေသည်။

၃၀ ရက်နေ့နံနက်ခင်းထူးခြားမှုတစ်ခုက (၂၇) ကြိမ်မှ ပထမဆုံးအဖြစ် ရောက်လာသည့် လှတပတလေး မဌေးဌေးဆွေ။ ပူဇော်ပွဲခန်းမထဲတွင်တော့ မနှစ်က ဗိုလ်အောင်ဒင်ဘွဲ့ ပိုင်ပိုင်ရထားသည့် ကိုအောင်ထူး၏ ချစ်ရက်ရှည်ရှည်အင်းလျားမြေ ဖျော်ဖြေမှုကို မမြင့်မြင့်အေးနှင့် မယဉ်ယဉ်မြင့်တို့က အကဖြင့် ပံ့ပိုးပေးသည်။ ကိုကျော်ဇင် (ရောင်နီဦး)ကလည်း အားကျမခံ စံလင်း၏ ကဗျာမမီ စာမပီဖြင့် ဆရာကြီး ဆရာမကြီးများကို အပျော်ကူးစက်စေခဲ့သည်။

**(၂၈) ကြိမ်မြောက်မှသည် ......**

မိမိတို့မြတ်ဆရာပူဇော်ပွဲ (၂၈) ကြိမ်မြောက်ကိုလည်း နောက်နှစ်တွင် ကျင်းပနိုင်မည် မလွဲပေ။ ထိုမှ (၂၉) ကြိမ်မြောက်၊ အကြိမ် (၃၀) မြောက်၊ ထိုမှ ... ထိုမှ နှစ်စဉ် မပျက်မကွက် ပူဇော်ကန်တော့သွားကြမည်ဟု ယုံကြည်ပါသည်။ ဆရာကြီး ဦးမြသန်း၏ ဆုံးမသြဝါဒပါအတိုင်း ယောနိသောမနသိကာရဆိုသည့် သင့်မြတ်စွာနှလုံးသွင်းခြင်း၊ အထိုက်အလျောက် သဘောထားခြင်းတို့ဖြင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံးက ကျောင်းစွဲ၊ ဆရာစွဲ၊ ပုဂ္ဂိုလ်စွဲ စသည့်အစွဲများကင်းရှင်းပြီး ညီညွတ်စွာဖြင့် ကမ္ဘာတည်သရွေ့ မိမိတို့မြတ်ဆရာပူဇော်ပွဲများကို ဆက်လက်ကျင်းပသွားနိုင်ပါစေကြောင်း ဆန္ဒပြုရင်း ။ ။

# အင်းစိန်မြို့နယ်၌ လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု၍ အားကစားပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီမှ ကြီးမှူး၍ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ်အတွင်း အခြေခံပညာကျောင်းများနှင့် ရပ်ကွက်ပေါင်းစုံ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မီနီမာရသွန်၊ ပြေးခုန်ပစ်ပြိုင်ပွဲ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃နာရီက အင်းစိန်မီးရထား ဘောလုံးကွင်း၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် လူငယ်မောင်မယ်များ၊ ဒေသခံ ပြည်သူများ၊ မြို့နယ် အား/ကာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ကြသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း တက်ရောက်၍ အမှာစကားပြောကြားပြီး (ဓာတ်ပုံ) တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်း အားကစားသမားများကို လိုက်လံနှုတ်ဆက်ခဲ့ကာ ဖွင့်ပွဲအထိမ်းအမှတ် အားကစား သရုပ်ဖော်ပြသခြင်းများ အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ-မျိုးကြီး**

# ပုလော၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထုပ်ဆီးတိုးပြိုင်ပွဲ ကျင်းပ

**ပုလော ဇန်နဝါရီ ၂**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ ထုပ်ဆီးတိုးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီခွဲက ပုလောမြို့ အမှတ်(၁) ရပ်ကွက် ဘော်လီဘော အားကစားကွင်း၌ ပြုလုပ်ခဲ့သည်။



ဖွင့်ပွဲတွင် ပုလောမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်စိုးက အမှာစကား ပြောကြားပြီး လက်ထောက်မြို့နယ် ပညာရေးမှူးဦးစောစောဝင်းက အားကစားသမားများ လိုက်နာရမည့်ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းချက်များရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာ့ရိုးရာ ထုပ်ဆီးတိုးပြိုင်ပွဲကို ဆက်လက်ပြုလုပ်ခဲ့ရာ အမှတ်(၁) ရပ်ကွက်မှ အေးချမ်းမေ၊ အထက-ခွဲ(ပုလော)၊ အမှတ်(၄) ရပ်ကွက်မှ ရွှေဟသာ်၊အမှတ်(၂)ရပ်ကွက်၊ အမှတ် (၅) ရပ်ကွက်၊ နန်းတောင်ကျေးရွာ၊ အမှတ်(၃) ရပ်ကွက်၊ အမှတ် (၁) ရပ်ကွက်မှ မမများအဖွဲ့ စသည့်အဖွဲ့ ရှစ်ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ထူးဝေယံ(ပြန်/ဆက်)**

# ပျဉ်းမနားမြို့၌ လွတ်လပ်ရေးနေ့အကြို တံခွန်စိုက် ကလပ်ပေါင်းစုံလက်ဝှေ့ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပျဉ်းမနားမြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီက ကြီးမှူးကျင်းပသည့် မြို့နယ်အတွင်းရှိ ကလပ်ပေါင်းစုံတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ယမန်နေ့က ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပျဉ်းမနားမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်လက်ဝှေ့ဆပ်ကော်မတီ နာယက ဦးမြင့်ဆွေက လက်ဝှေ့ပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ မြို့နယ်အတွင်း လက်ဝှေ့အားကစားသည် ရေခံ၊ မြေခံကောင်း၍ နိုင်ငံတော်အဆင့်အထိ လက်ရွေးစင်များ မွေးထုတ်ပေးခဲ့သော မြို့နယ်ဖြစ်ခဲ့သောကြောင့် အားကစားနှင့် ကာယပညာကော်မတီအနေဖြင့် လက်ဝှေ့အားကစားနည်း ပြန်လည်တိုးတက်လာစေပြီး လူငယ်များ စိတ်ပါဝင်စားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်သော အားကစားသမားများဖြစ်လာနိုင်ရေးအတွက် ကလပ်ပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လက်ဝှေ့ပြိုင်ပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ ကလပ်ပေါင်းစုံမှ လက်ဝှေ့တွဲဆိုင်းပေါင်း ၅၈ ဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး၊ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ မြို့နယ်လက်ဝှေ့ ဆပ်ကော်မတီဝင်များ၊ ပြိုင်ပွဲဝင် အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင် ပြည်သူများတက်ရောက် အားပေးကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ လွတ်လပ်ရေးနေ့အကြို ဌာနဆိုင်ရာချစ်ကြည်ရေး အမျိုးသမီးဖူဆယ် ပြိုင်ပွဲ ကျင်းပ

**အိမ်မဲ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ လူငယ်လေ့ကျင့်ရေး ဘောလုံးကွင်း၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု၍ ဌာနဆိုင်ရာချစ်ကြည်ရေး အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမျိုးသမီးအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမျိုးသမီးအသင်း၊ ပညာရေးဦးစီးဌာန အမျိုးသမီးအသင်းနှင့် ကျန်းမာရေးဦးစီးဌာန အမျိုးသမီးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့အကြို မြို့နယ်အဆင့်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ပညာရေးမှူးရုံးက ကြီးမှူး၍ မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ် (၂၀) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် အမျိုးသား အမျိုးသမီးအပြေးပြိုင်ပွဲ၊ အလျားခုန်၊ မုန့်စားပြိုင်ပွဲများ၊ အလယ်တန်းအဆင့်အမျိုးသား အမျိုးသမီး အပြေးပြိုင်ပွဲနှင့် လက်ဆင့်ကမ်းပြိုင်ပွဲများ၊ အထက်တန်းအဆင့် အမျိုးသား အမျိုးသမီး အလျားခုန်၊ အမြင့်ခုန်၊ သံလုံးပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတစ်ခုချင်းစီတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အထက်တန်း၊ အလယ်တန်းအဆင့် ပိုက်ကျော်ခြင်းနှင့် ဘော်လီဘော ပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုသိမ်တက္ကသိုလ်တွင် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ပြုလုပ်

**ပုသိမ် ဇန်နဝါရီ ၂**

ပုသိမ်တက္ကသိုလ်တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပုသိမ်မြို့ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲခန့်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပုသိမ်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာခင်အေးအေးစိုးက အမှာစကားနှင့် လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောပေးခဲ့ပြီး လွတ်လပ်ရေးနေ့ မော်ကွန်းရုပ်ရှင်ကို ပြသပေးသည်။

ထို့နောက် ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းထွန်း၊ သမိုင်းဌာန ပါမောက္ခဌာနမှူး ဒေါက်တာခင်အေးအေးစိုးနှင့် ပါမောက္ခဌာနမှူးများက (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ပေးသည်။

အဆိုပါ ဟောပြောပွဲသို့ ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းထွန်း၊ သမိုင်းဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာခင်အေးအေးစိုး၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဘာသာရပ် အသီးသီးမှ ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းထွန်းဇော်**

# ဘီးလင်းမြို့နယ် အလူးကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းမြေနေရာ ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်

**ဘီးလင်း ဇန်နဝါရီ ၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အလူးကလေးကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးအနီးတွင် ယမန်နေ့က ကျေးရွာပိုင် အလူးကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းမြေနေရာ ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာသို့ ခွင့်ပြုမိန့် တောင်းယူ၍ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများက ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

၁၉၇၃ ခုနှစ်ကတည်းက တည်ဆောက်ခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနပိုင်မြေနေရာသည် ကျေးရွာများအတွင်း အချက်အချာကျသောနေရာတွင် တည်ရှိနေခြင်း၊ ယခုအခါ လက်ရှိအဆောက်အအုံသည် ပျက်စီးယိုယွင်းနေပြီ ဖြစ်သည့်အတွက် အဆိုပါမြေနေရာတွင် အဆောက်အအုံအသစ် ပြန်လည်တည်ဆောက်ရန် သက်ဆိုင်ရာသို့ တင်ပြထားသော်လည်း ကျန်းမာရေးဌာနပိုင် မြေနေရာအတွင်း ကျူးကျော်နေထိုင်သည့်အိမ်များ ရှိနေသည့်အတွက် အခက်အခဲရှိနေကြောင်း၊ သက်ဆိုင်ရာမှ တာဝန်ရှိသူများက လာရောက်ဖြေရှင်းပေးပါရန် ဒေသခံကျေးရွာနေပြည်သူများက ဆန္ဒဖော်ထုတ်ကြကြောင်း သိရသည်။ အဆိုပါ နေရာတွင် နေထိုင်သူတစ်ဦးအား မေးမြန်းရာတွင် ၎င်းတို့နေထိုင်လာသည်မှာ နှစ်ပေါင်း ၅၀ကျော် ရှိပြီဖြစ်ကြောင်း၊ ပြေစာလည်းရှိကြောင်း ပြောသည်။

အလူးကလေး ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ငါးရွာရှိပြီး အိမ်ထောင်စုပေါင်း ၈၀၀ ကျော်ရှိကြောင်း၊ ၂၀၁၂ - ၂၀၁၃ ခုနှစ်ခန့်က စတင်၍ ဖြစ်ပေါ်လာသည့် မြေယာပိုင်ဆိုင်မှုပြဿနာသည် အချိန်ကာလကြာမြင့်နေပြီဖြစ်သောကြောင့် သက်ဆိုင်ရာက ဦးဆောင်၍ ဖြေရှင်းပေးပါက အမြန်ဆုံးပြေလည်မှု ရရှိစေချင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ထက်ကျော်က ပြောသည် ။

**ခွန်(ဝင်းပ)**

## ထူးခြားသည့်ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့ -၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ရမ်ကလောင်းတို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၊ နောင်ချိုမြို့၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် တီးတိန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မိုး/ဇလ**

# အာဆီယံအင်ဂျင်နီယာ အကယ်ဒမီဖိုရမ်မှသည် . . . (အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်




Phnom Penh Engineering Science Fairs ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသော AAET ကိုယ်စားလှယ်များကိုတွေ့ရစဉ်။

လွန်ခဲ့သော ၆ ရာစုအတွင်းက ဥရောပတိုက် အင်္ဂလန်ပြည်၌ လူဦးရေ ငါးသိန်းခန့်သာ ရှိနေချိန်တွင် အာရှတိုက်အတွင်း၌ လူဦးရေ ၁၂ သိန်းကျော် နေထိုင်သော နိုင်ငံငယ်လေးတစ်ခု ရှိနေခဲ့သည်။ ထိုစဉ်က အင်္ဂလန်ပြည် လူဦးရေ၏ နှစ်ဆခွဲမျှ လူဦးရေရှိခဲ့သည့် နိုင်ငံငယ်ကလေးတည်ရှိရာ နေရာကို အာရှတိုက်ဟုသာ ယေဘုယျဆန်ဆန်ပြောနေရသော်လည်း တကယ့်တိတိကျကျ ပြောရမည်ဆိုလျှင်မူ ထိုနိုင်ငံငယ်ကလေးတည်ရှိရာဒေသမှာ အရှေ့တောင်အာရှဒေသပင် ဖြစ်သည်။ တစ်နည်းဆိုရသော် အာဆီယံဒေသတွင်း နိုင်ငံကလေးတစ်ခုပင် ဖြစ်သည်။ ထိုနိုင်ငံငယ်ကလေးသည်ကား တစ်ချိန်က 'အန်ကာ ယဉ်ကျေးမှု' ခေတ်တစ်ခေတ်ကို ကမ္ဘာ့အလယ်၌ ကြွားကြွားဝင့်ဝင့် ထူထောင်ခဲ့ရာ၊ အန်ကာယဉ်ကျေးမှု ထွန်းကားခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံပင် ဖြစ်ပေသည်။

**အာဆီယံ အင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီ**

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်မှ ၂၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်းပင်မြို့ Institute of Technology, Cambodia (ITC) ၌ ကျင်းပပြုလုပ်သည့် Engineering Science Fair(2018) နှင့် The 6th ASEAN-Korea Engineering Forum သို့ တက်ရောက်ပါရန် ဖိတ်ကြားခံခဲ့ရသည့်အတွက် နိုဝင်ဘာလ ၂၇ ရက် ညနေပိုင်းက ရန်ကုန်မြို့မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Emirate လေကြောင်းလိုင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ စတင်ထွက်ခွာခဲ့သည်။

AAET ဟု အတိုကောက်အားဖြင့် အမှတ်အသားပြုထားသော အာဆီယံ အင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီ ( ASEAN Academy of Engineering & Technology) ၏ ကမ္ဘောဒီးယားဒေသဆိုင်ရာအဖွဲ့ခွဲက ကမကထပြုစီစဉ်ကျင်းပသော အဆိုပါပြပွဲနှင့်ဖိုရမ်သို့ တက်ရောက်ရန် AAET အဖွဲ့ဝင်တစ်ဦး အနေဖြင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအနေဖြင့်သော်လည်းကောင်း၊ သိပ္ပံစာရေးဆရာအနေဖြင့်သော်လည်းကောင်း သွားရောက်ခဲ့ခြင်းဖြစ်သည်။

**ပြပွဲနှင့်ဖိုရမ်**

အဆိုပါပြပွဲနှင့်ဖိုရမ်သို့ မြန်မာနိုင်ငံဘက်မှ ဒေါက်တာစိန်မြင့်၊ ဒေါက်တာအောင်ကျော်မြတ်၊ အင်ဂျင်နီယာဦးကိုကိုအောင်(သိပ္ပံစာရေးဆရာကိုကိုအောင်)၊ အင်ဂျင်နီယာ ဦးစိုးအောင်နှင့် ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်ခင်ခိုင်တို့ တက်ရောက်ခဲ့ကြသည်။ ဒေါက်တာစိန်မြင့်သည် ရန်ကုန်စက်မှုတက္ကသိုလ်(R.I.T) ရေနံအင်ဂျင်နီယာဌာန၏ အငြိမ်းစားပါမောက္ခ/ ဌာနမှူးဖြစ်ပြီး AAET ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်သည်။ ဒေါက်တာအောင်ကျော်မြတ်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ အငြိမ်းစား ဒုတိယဝန်ကြီးဖြစ်ပြီး AAET ၏ ကောင်စီဝင်တစ်ဦးလည်းဖြစ်သည်။ အင်ဂျင်နီယာ ဦးစိုးအောင်က အငြိမ်းစား ရေကြောင်းအင်ဂျင်နီယာချုပ်ဖြစ်ပြီး ဒေါက်တာ ခင်ခင်ခိုင်က ကျောက်ဆည်နည်းပညာတက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာန၏ ပါမောက္ခ/ဌာနမှူး ဖြစ်သည်။

Emirate လေကြောင်းလိုင်းဖြင့် လိုက်ပါခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။ AAET-Cambodia Chapter မှ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ Dr.Pak Canada က လေဆိပ်၌ လာရောက်ကြိုဆိုပြီး ၎င်းစီစဉ်ထားသောမိုက်ခရိုဘတ်စ်ဖြင့် Sunway ဟိုတယ်သို့ သွားရောက်ကြသည်။ ဟိုတယ်၌ ခေတ္တတည်းခိုနေထိုင်ရန်အတွက် AAET-Cambodia Chapter က ကြိုတင်စီစဉ်ပေးထားခြင်းဖြစ်သည်။

ဟိုတယ်၌ ကြိုတင်ရောက်ရှိနေသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရောက်ရှိသည့်ရက်မှစ၍ သုံးညအိပ်လေးရက်တာ တည်းခိုနေထိုင်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် စတင်ကျင်းပမည့် Phnom Penh Engineering Science Fair & SMEs, SMIs Show (2018) သို့ တက်ရောက်ရန်အတွက် ယင်းနေ့ နံနက် ၇ နာရီခွဲတွင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့သည် Sunway Hotel မှ Institute of Technology, Cambodia(ITC) ဆီသို့ မိုက်ခရိုဘတ်စ်ဖြင့် ထွက်ခွာခဲ့ကြသည်။

**ဖွင့်ပွဲအခမ်းအနား**

ITC သို့အရောက်တွင် AAET-Cambodia Chapter မှ တာဝန်ရှိသူများက အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြသည်။ ကြိုဆိုမိတ်ဆက်ပွဲတွင် AAET Cambodia Chapter ၏ ဥက္ကဋ္ဌဖြစ်သူ Dr.Meas Sokhon ကလည်းကောင်း၊ သိပ္ပံသုတေသနဌာန၏ အကြီးအကဲဖြစ်သူ Dr. Chan Roath ကလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms. Kong Sorita ကလည်းကောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီး ပြောကြားခဲ့ကြသည်။

ယင်းနောက် AAET ၏ ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ Dr.Chuah Hean Teik က ဖွင့်ပွဲမိန့်ခွန်းပြောကြားပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Phnom Penh Engineering Science Fair & SMEs, SMIs Show(2018)ကို အောင်မြင်စွာ ဖွင့်လှစ်လိုက်သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ AAET ကိုယ်စားလှယ်များ၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဌာနဆိုင်ရာနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံ တက္ကသိုလ်နှင့် ကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**ပြခန်းများ**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဧည့်သည်တော်များအားလုံးက ကဏ္ဍတစ်ခုချင်းစီအလိုက် ခင်းကျင်းပြသထားသော ပြခန်းများကို အားပေးလေ့လာကြည့်ရှုကြသည်။ အဆိုပါပြပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများက ပါဝင်ခင်းကျင်းပြသခဲ့ကြသလို ကမ္ဘောဒီးယားနိုင်ငံ တက္ကသိုလ်များမှ တက္ကသိုလ်ကျောင်းသားကျောင်းသူများက တီထွင်ဖန်တီးထားသော အီလက်ထရွန်နစ်ပစ္စည်းများ၊ ကလေးဉာဏ်ရည်တက်စေသော ကစားနည်းများကို လက်တွေ့ပြုလုပ်ပြသခဲ့ကြသည်။

အလားတူပင် စိုက်ပျိုးရေးကိုအခြေခံသော အာဆီယံဒေသတွင်းနိုင်ငံတစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံထွက် အဆင့်မြင့် ပေါင်းဆန်နှင့် ကောက်ညှင်းဆန်များ၊ ဝိုင်များ၊ တာရှည်အထားခံသော သီးနှံအခြောက်များနှင့် သစ်သီးဖျော်ရည်များကိုလည်း ခင်းကျင်းပြသခဲ့သည်။ ပြခန်းများကို လေ့လာကြည့်ရှု အားပေးရင်းဖြင့်ပင် တစ်ချိန်က ပြည်တွင်းစစ်ဘေးဒဏ်ကို မရှုမလှုခံခဲ့ရသည့် ကမ္ဘောဒီးယားသည် ပြည်တွင်းဖူလုံရေးကိုသာမက ပြည်ပဈေးကွက်နှင့် အာဆီယံဒေသတွင်း ဈေးကွက်များကိုပါ ထိုးဖောက်ရန် အားထုတ်ကြိုးပမ်းနေသည်ကို ကောင်းစွာ ခံစားမိလိုက်သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအနက် AAET ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် ကောင်စီဝင် ဒေါက်တာအောင်ကျော်မြတ်တို့က AAET နှင့် RAC(Royal Academy of Cambodia) တို့၏ အစည်းအဝေးကို ဆက်လက်တက်ရောက်ကြပြီး ကျန်ကိုယ်စားလှယ်သုံးဦးတို့က ဖနောင်ပင်မြို့အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လည်ပတ် လေ့လာကြည့်ရှုကြသည်။

ဦးစွာ ဖနောင်ပင်မြို့ကမ်းနားလမ်းရှိ မြစ်ကိုမျက်နှာမူထားသော ဟောင်ကောင်စတိုင် စားသောက်ဆိုင်၌ နေ့လယ်စာသုံးဆောင်ကြသည်။ အစားအသောက်ကောင်းပြီး ဈေးနှုန်းသင့်တင့်သော ထိုစားသောက်ဆိုင်တွင် ဟောင်ကောင်အစားအစာ၊ တရုတ်ရိုးရာအစားအစာနှင့် ကမ္ဘောဒီးယားရိုးရာ အစားအစာများကို ရရှိနိုင်သည်။ ဆိုင်ရှင်ကိုယ်တိုင်ကလွဲ၍ ကျန်ဆိုင်ဝန်ထမ်းများအားလုံးကတော့ အင်္ဂလိပ်စကား မပြောတတ်ကြပေ။

**Wat Phnom သို့**

ယင်းနောက် ဖနောင်ပင်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော Wat Phnom Historical Site သို့ သွားရောက်သည်။ ယင်းနေရာက မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ခေတ္တတည်းခိုနေထိုင်ရာ Sunway ဟိုတယ်နှင့် မလှမ်းမကမ်းမှာပင် တည်ရှိသဖြင့် ထိုနေရာသို့ဦးစားပေး သွားရောက်လေ့လာခြင်းဖြစ်သည်။ Wat Phnom သည် ဖနောင်ပင်မြို့၏ အထင်ကရနေရာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကျယ်ဝန်းသန့်ပြန့်ကာ လေကောင်းလေသန့်ရရှိသည်။ အလယ်တွင် ကုန်းမြင့်ပေါ်၌ တည်ဆောက်ထားသော တန်ဆောင်းကြီးတစ်ခုတည်ရှိပြီး အဆိုပါ တန်ဆောင်းအတွင်း၌ လက်ရာအလွန်ကောင်းသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူလျက် ရှိသည်။

တန်ဆောင်းကြီးပေါ်သို့တက်သည့် လှေကားကြီး၏ လက်ရန်းနှစ်ဖက်စလုံးတွင် ရောမနဂါးရုပ်ကြီးများကို ပြုလုပ်ထားပြီး နိုင်ငံတကာမှ လာရောက်ကြသော ခရီးသွားဧည့်သည်များက အဆိုပါ နဂါးရုပ်လက်ရန်းများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးတို့က တန်ဆောင်းကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို ရှိခိုးပူဇော်ကန်တော့သည်။

ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူရာ တန်ဆောင်းကြီး၏ဘေး တစ်ဆင့်နိမ့်သော ကုန်းမြင့်ပေါ်၌မူ တရုတ်ရိုးရာ ဘုရားကျောင်းတော်တစ်ခု တည်ရှိပြီး အဆိုပါ ကျောင်းတော်ဆီသို့လည်း သွားရောက်လေ့လာခဲ့သည်။ ဤသို့ဖြင့် Wat Phnom ရှေးဟောင်းနယ်မြေ၌ အချိန်တစ်နာရီခန့်ကြာပြီးနောက် ကမ္ဘောဒီးယား ဘုရင့်နန်းတော်တည်ရှိရာ Golden Palace ဆီသို့ ဆက်လက်သွားရောက်သည်။

**ကမ္ဘောဒီးယား ဘုရင့်နန်းတော်**

Golden Palace သည် မဲခေါင်မြစ်နှင့် တုန်လေဆက်မြစ်တို့ဆုံစည်းရာ ရှုခင်းအလွန်ကောင်းသောနေရာ၌ တည်ရှိပြီး ကျယ်ဝန်းပြန့်ပြူးကာ လေကောင်းလေသန့်ကောင်းစွာရရှိသည်။ အဆိုပါနေရာတစ်ဝိုက်တွင် နောက်ခံမြင်ကွင်းအမျိုးမျိုးတို့နှင့်အတူ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ Golden Palace ၌ ကမ္ဘောဒီးယား လက်ရှိဘုရင် သီဟာမိုနီ၏ ဓာတ်ပုံနှင့်အတူ ဖခမည်းတော်နှင့် မယ်တော်ဖြစ်သော ယခင် ကမ္ဘောဒီးယားဘုရင်ကြီး သီဟာနုနှင့် ကြင်ရာတော်တို့၏ ဓာတ်ပုံကြီးများကို ခံ့ညားထည်ဝါစွာ ချိတ်ဆွဲထားရှိသည်။

ထိုကဲ့သို့ ကမ္ဘောဒီးယား၏ လက်ရှိဘုရင် သီဟာမိုနီနှင့် ယခင် ကမ္ဘောဒီးယား၏ ဘုရင်ကြီး သီဟာနုနှင့် ကြင်ရာတော်တို့၏ ဓာတ်ပုံများ ယှဉ်တွဲချိတ်ဆွဲထားမှုကို ဖနောင်ပင်မြို့၏ အထင်ကရနေရာများအားလုံး၌သော်လည်းကောင်း၊ အစိုးရရုံးများတွင်လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများတွင်လည်းကောင်း တွေ့ရှိရသည်။

**စည်းကမ်းတကျ အမှိုက်ပစ်ခြင်း**

Golden Palace ကို လေ့လာကြည့်ရှုပြီးသောအခါ ဒေသစံတော်ချိန် ညနေ ၄ နာရီကျော်ပြီဖြစ်၍ တည်းခိုရာ Sunway ဟိုတယ်ဆီသို့ ပြန်ကြသည်။ အကြောင်းမှာ အဆိုပါဟိုတယ်၌ AAET-Cambodia Chapter က တည်ခင်းမည့် ညစာစားပွဲသို့ အချိန်မီတက်ရောက်ရန်ပင် ဖြစ်သည်။ ဟိုတယ်သို့ပြန်ရာ လမ်းတစ်လျှောက်တွင် ဖနောင်ပင်မြို့၏ အထင်ကရ စူပါမားကက်များ၊ စားသောက်ဆိုင်များ၊ စတိုးဆိုင်ကြီးများ၊ ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့ရုံးနှင့် ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတကာပညာရေးဆိုင်ရာ တက္ကသိုလ်နှင့်ကောလိပ်များ၊ ကမ္ဘောဒီးယား အစိုးရတက္ကသိုလ်များ၊ ကျောင်းများစသည်တို့ကို သပ်ရပ်သန့်ရှင်းလှပစွာ တွေ့မြင်ရသည်။

မြို့တွင်း အသွားအပြန်လမ်းတစ်လျှောက်၌သော်လည်းကောင်း၊ Engineering Science Fair ကျင်းပရာ ITC သို့ အသွားအပြန်လမ်း၌သော်လည်းကောင်း၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ထားခြင်းမျိုးကို မတွေ့ရသလောက် နည်းပါးလှပြီး သတ်မှတ်နေရာများ၌သာ အမှိုက်ထုပ်များဖြင့် စွန့်ပစ်ထားကြသည်ကို တွေ့ရသည့်အတွက် အချိန်တိုကာလအတွင်းမှာပင် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကြောင်းရင်းတစ်ရပ်အဖြစ် စည်းကမ်းတကျ အမှိုက်ပစ်ခြင်းနှင့် အမှိုက်သိမ်းစနစ် ကောင်းမွန်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သုံးသပ်လိုက်မိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**စိုက်ပျိုးရေးကိုအခြေခံသော အာဆီယံဒေသတွင်းနိုင်ငံတစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံထွက် အဆင့်မြင့် ပေါင်းဆန်နှင့် ကောက်ညှင်းဆန်များ၊ ဝိုင်များ၊ တာရှည်အထားခံသော သီးနှံအခြောက်များနှင့် သစ်သီးဖျော်ရည်များကိုလည်း ခင်းကျင်းပြသခဲ့သည်။ ပြခန်းများကို လေ့လာကြည့်ရှု အားပေးရင်းဖြင့်ပင် တစ်ချိန်က ပြည်တွင်းစစ်ဘေးဒဏ်ကို မရှုမလှုခံခဲ့ရသည့် ကမ္ဘောဒီးယားသည် ပြည်တွင်းဖူလုံရေးကိုသာမက ပြည်ပဈေးကွက်နှင့် အာဆီယံဒေသတွင်း ဈေးကွက်များကိုပါ ထိုးဖောက်ရန် အားထုတ်ကြိုးပမ်းနေသည်ကို ကောင်းစွာခံစားမိလိုက်သည်**

## ရွှေပန်းပင်ချောင်းတံတား အပါအဝင် တံတားလေးစင်းကို တံတားအထူးအဖွဲ့(၃)က တည်ဆောက်လျက်ရှိ



**မြို့သစ် ဇန်နဝါရီ ၂**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ် မိုင်တိုင်အမှတ်(၂၁/၃)နှင့်(၂၁/၄)ကြားရှိ ရွှေပန်းပင်ချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၃)က ဒီဇင်ဘာ ၂၅ ရက်မှစတင်၍ တည်ဆောက်လျက်ရှိသလို အခြား တံတားသုံးစင်းကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဆောင်းရာသီ ယာယီလမ်းလွှဲများဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၉ အောက်တိုဘာ ၃၀ ရက်တွင် တံတားများ ပြီးစီးမည်ဖြစ်ကြောင်း၊ ရွှေပန်းပင်ချောင်းတံတား တည်ဆောက်မှုတွင် ယခင် သံဘေလီတံတားကို လမ်းလွှဲတံတားအဖြစ် အသုံးပြုပြီး သံဘေလီတံတား၏ အရှေ့ဘက်ကပ်လျက်တွင် တံတားအသစ် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းနောင်ထံမှ သိရသည်။

ရွှေပန်းပင်ချောင်းတံတားသည် သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ကာ အရှည်ပေ ၁၈၀၊ ကားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ ရှိမည်ဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း မကွေးမြို့နယ်အတွင်း နေပြည်တော်-ကံပြား-မကွေးလမ်းပေါ်ရှိ လိပ်ကန်းရေကျော်၊ သံပုရာကွင်းရေကျော်နှင့် မြို့သစ်မြို့နယ်အတွင်းရှိ ခရမ်းခင်းရေကျော်တံတားများကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၃)(ပခုက္ကူ)အနေဖြင့် တာဝန်ယူ၍ စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။ **ဇော်ဇော် (မြို့သစ်)**

## ကြက်သွန်ပေါ်ချိန်တွင် ဈေးကောင်းရရန် မလှိုင်မြို့နယ်မှတောင်သူများ မျှော်လင့်နေ



**မလှိုင် ဇန်နဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ယခုနှစ်တွင် ကြက်သွန်စိုက်တောင်သူများ ယခင်နှစ်ထက် ပိုများလာ၍ စိုက်ဧကများလည်း တိုးလာလျက်ရှိသလို ယခုနှစ် ကြက်သွန်ပေါ်ချိန်တွင်ဈေးကောင်းရရန်လည်း တောင်သူများအနေဖြင့် မျှော်လင့်နေကြကြောင်း သိရသည်။

ကြက်သွန်စိုက်ရာတွင် အများအားဖြင့် တော်သလင်းလတွင် စတင်စိုက်ပျိုးလေ့ရှိကြပြီး ပျိုးထောင်ချိန်တွင် တစ်ရက်လျှင်နှစ်ကြိမ် ရေဖျန်းပေးရကာ အချိန်တစ်လခွဲခန့် ပျိုးထောင်ရကြောင်း၊ ပျိုးသက်ပြည့်၍ စိုက်ပျိုးချိန်တွင်လည်း လယ်မြေများတွင် တစ်လ ရှစ်ကြိမ်ခန့် ရေသွင်းပေးရပြီး မြေနုသဲကျွန်းတွင် တစ်လ ၁၅ ကြိမ်ခန့်အထိ ရေသွင်းပေးရကြောင်း၊ ယခင်နှစ်များက ပျိုးဈေးမှာ ကျပ် ၆၀၀၀၀ ဝန်းကျင်သာရှိခဲ့ပြီး ယခုနှစ်တွင် ကျပ် ၈၀၀၀၀ မှ တစ်သိန်းအထိ မြင့်တက်နေသဖြင့် ပျိုးပင်ဝယ်ယူစိုက်ပျိုးရသူများမှာ ပိုမိုအရင်းအနှီးများကြောင်း မလှိုင်မြို့နယ် လယ်ကြီးရွာရှိ ကြက်သွန်စိုက် တောင်သူတစ်ဦးက ပြောသည်။

ကြက်သွန်စိုက်ပျိုးရာတွင် ပျိုးပင်အတွက် ကုန်ကျစရိတ်အပြင် စက်ဆီဈေး၊ အလုပ်သမားခနှင့် ပိုးသတ်ဆေး အစရှိသည့် ဘေးကုန်ကျစရိတ်များလည်း ရှိနေပြီး အချို့ရွာများတွင် အလုပ်သမားရှားပါး၍ ဘေးရွာများရှိ အလုပ်သမားများအား ကားအကြိုအပို့ပါ စီစဉ်ပေးရသည်အထိ အခက်အခဲနှင့် ကုန်ကျစရိတ်များရှိကြောင်း၊ တောင်သူများအနေဖြင့် ယခင်နှစ်က အခြားသီးနှံများတွင် များစွာအရှုံးပေါ်ခဲ့၍ ယခုနှစ်တွင် ကြက်သွန်စိုက်ပျိုးခြင်းအပေါ် အားစိုက်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကြက်သွန်စိုက်ပျိုးသူ အရေအတွက် ပိုများလာခဲ့သောကြောင့် ကြက်သွန်ပေါ်ချိန်တွင် ဈေးကျဆင်းမည်ကို တောင်သူများ စိုးရိမ်နေကြပြီး ကြက်သွန်တစ်ပိဿာလျှင် ကျပ် ၇၀၀ ဝန်းကျင်ရရှိမှသာ တောင်သူများအနေဖြင့် အဆင်ပြေမည်ဖြစ်၍ ကြက်သွန်ဈေးကောင်းရရှိရန် မျှော်လင့်နေကြောင်း လယ်ကြီးရွာနေ ကြက်သွန်စိုက်တောင်သူ ဦးအောင်စိုးက ပြောသည်။

မလှိုင်မြို့နယ်အတွင်း ယခုအခါ မြိတ်စားကြက်သွန်များ စတင်ထွက်ပေါ်နေသလို လက်ရှိတွင် မြိတ်စားကြက်သွန်တစ်ပိဿာလျှင် ကျပ် ၆၀၀ ဝန်းကျင်ဖြင့် ရောင်းချနေရပြီး ယခင်နှစ်က ယခုလို အချိန်တွင် ကျပ် ၁၀၀၀ အထက် ဈေးရခဲ့ကြောင်း၊ ယခင်နှစ်က ကြက်သွန်ပေါ်စအချိန်တွင် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ဝန်းကျင်ရောင်းချခဲ့ရသော်လည်း ရာသီကုန်အထိ ကျန်အချိန်များတွင် ကျပ် ၅၀၀ မှ ၈၀၀ ခန့်အထိဈေးဖြင့်သာ ရောင်းချခဲ့ရကြောင်း သိရသည်။

မလှိုင်မြို့နယ်၌ ယခင်နှစ်က မြို့နယ်လုံးကျွတ် ကြက်သွန်စိုက်ဧက ၃၅၀၀ ဝန်းကျင်ခန့်ရှိပြီး ယခုနှစ်တွင် ကြက်သွန်စိုက်ဧက ၄၀၀၀ ဝန်းကျင်ခန့်အထိ ရှိနေကာ ဧက ၅၀၀ ခန့် တိုးလာခဲ့ကြောင်း မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဘိုဘို (မလှိုင်)**

## မြန်မာရွှေ့ပြောင်းအလုပ်သမား ခုနစ်ဦးကို တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် ဇန်နဝါရီ ၂**
မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ခုနစ်ဦးကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက် ၎င်းတို့၏နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ(CNCMC)တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ အမျိုးသား ၈၂၃ ဦး၊ အမျိုးသမီး ၃၇၂ ဦးနှင့် ကလေး ၃၉ ဦး စုစုပေါင်း ၁၂၃၄ ဦး ရှိခဲ့ပြီး ယခုလွှဲပြောင်းပေးခဲ့သည့် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း အလုပ်သမား ခုနစ်ဦးသည် ၂၀၁၉ ခုနှစ်အတွက် ပထမဦးဆုံး ပြန်လည်လွှဲပြောင်းပေးအပ်မှုဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**

## ဒလမြို့နယ်၌ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေးမည်

**ရန်ကုန် ဇန်နဝါရီ ၂**
ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့ရှိ ဒေသခံပြည်သူများ၏ ယာဉ်နှင့် ဆိုင်ကယ်များ၏ လိုင်စင်များ သက်တမ်းတိုးပေးခြင်း၊ ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၂ ရက်မှစတင်၍ ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးခန်း၌ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးမည့် လုပ်ငန်းများအနေဖြင့် မော်တော်ယာဉ်များကို သက်တမ်းတိုးပေးခြင်း၊ လိုင်စင်ရှိသည့်ဆိုင်ကယ်များကို သက်တမ်းတိုးပေးခြင်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးပေးခြင်းနှင့် ဆိုင်ကယ်မောင်း (က)လိုင်စင်အသစ်များ စစ်ဆေးထုတ်ပေးခြင်းကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော် (ဒလ)**

## သတင်းတိုများ

### ရွှေပြည်သာမြို့နယ်တွင် စာပေစကားဝိုင်းနှင့်ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**
ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ရသ သုတ စာပေစကားဝိုင်းနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့ပြီး ရွှေပြည်သာမော်ကွန်းစာပေမှ အယ်ဒီတာချုပ် ကိုထွန်း(ကျယ်ဂေါင်)က ဦးဆောင်ဆွေးနွေးကာ စာရေးဆရာများဖြစ်ကြသည့် နိုင်ဘောဂလှဝင်း(တက္ကသိုလ်-မောင်သက်စိန်)၊ မော်ကျွန်းရဲနိုင်နှင့် မောင်မိုးဦး(တစ်မျက်နှာဝတ္ထုတို)တို့က ဝတ္ထုရေးသားခြင်းအကြောင်း၊ သုတနှင့် ရသ ခြားနားပုံ၊ တစ်မျက်နှာဝတ္ထုတိုအကြောင်းနှင့် ကဗျာရေးသားခြင်းအကြောင်း စသည့် ခေါင်းစဉ်များဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

“ဒီထက်ကျယ်ကျယ်ပြန့်ပြန့်နဲ့ တစ်လတစ်ကြိမ်လောက်တော့ လုပ်သွားမှာပါ၊ စာပေချစ်မြတ်နိုးစိတ်တွေ မြှင့်တင်ပေးဖို့ ရည်ရွယ်တာပါ”ဟု ဦးဆောင်ဆွေးနွေးသူ ရွှေပြည်သာမော်ကွန်းစာပေမှ အယ်ဒီတာချုပ် ကိုထွန်း(ကျယ်ဂေါင်)က ပြောသည်။ အဆိုပါ စာပေစကားဝိုင်းဆွေးနွေးပွဲသို့ ဒေသခံစာပေ ချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

### ပုဗ္ဗသီရိမြို့နယ်၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**နေပြည်တော် ဇန်နဝါရီ ၂**
နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်ဖြင့် နေပြည်တော် ရှစ်မြို့နယ်တွင် မှုခင်းကျဆင်းရေးအတွက် မြို့နယ်အလိုက် အသိပညာပေးဟောပြောမှုများ ပြုလုပ်လျက်ရှိရာ ဝဏ္ဏဒီပရပ်ကွက်ဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့ပြီး ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်အောင်နှင့် တပ်ဖွဲ့ဝင်များက ပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲတွင် ၂၀၁၈ ခုနှစ်အတွင်း ပုဗ္ဗသီရိမြို့နယ်၌ ဖြစ်ပွားခဲ့သည့် မှုခင်းဖြစ်ပွားခဲ့မှု ဖြစ်စဉ်များ၊ မှုခင်းဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ၂၀၁၉ နှစ်သစ်တွင် မှုခင်းများမဖြစ်ပွားစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (ရှုပဗေဒ)**

### ရသေ့တောင်မြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ရသေ့တောင် ဇန်နဝါရီ ၂**
ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပဲသဒူကျေးရွာအုပ်စု ဗောဓိကိုင်းကျေးရွာမှ သက်ပြေကျကျေးရွာသို့ ရောက်ရှိနေသော တိုက်ပွဲရှောင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန် ဒေါက်တာနေလင်းထွေးနှင့် ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများက ဒီဇင်ဘာ ၃၁ ရက်တွင် ဆောင်ရွက်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား စမ်းသပ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ငှက်ဖျားရောဂါရှိမရှိ သွေးဖောက်စစ်ဆေး ကုသပေးခြင်းတို့ ဆောင်ရွက်ခဲ့သလို ဆေးစိမ်ခြင်ထောင်များကိုလည်း အခမဲ့ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်မှ ရေခက်ခဲနေသည့်ရွာနှစ်ရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ညောင်ဦး ဇန်နဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ မန်ကျည်းတန်းကျေးရွာနှင့် ကျားခုတ်တဲတိုက်တို့တွင် ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် ပုဂံမြို့ ရတနာဘုံစံတောရကျောင်းဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းအဖွဲ့က သောက်သုံးရေများကို ရေသယ်ယာဉ်များဖြင့် ဇန်နဝါရီ ၁ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ရေလှူဒါန်းရာတွင် ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေသော မန်ကျည်းတန်းကျေးရွာရှိ ဒေသခံပြည်သူများအတွက် ဂါလန် ၁၅၀၀ နှင့် ကျားခုတ်တဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ဂါလန် ၁၅၀၀ တို့ကို ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း၊ ထို့အပြင် ခရီးသွား ပြည်သူများ နားခိုသည့် ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ ဂတုန်း ရေချမ်းစင်မှ ခရီးသွားပြည်သူများနားခိုရာနေရာ၌လည်း ရေဂါလန် ၁၅၀၀ ကို သွားရောက်လှူဒါန်းပေးခဲ့ကြောင်း ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းမှ အသင်းဝင်တစ်ဦးဖြစ်သူ ဦးဇော်ပွေးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# တရုတ်နယ်စပ် သီးနှံဈေးကွက်တွင် ယာဉ်ကြောပိတ်ဆို့မှု ကြုံတွေ့နေရခြင်းက အခက်အခဲတစ်ခုဖြစ်နေ

မြန်မာနိုင်ငံ ဒေသအရပ်ရပ်မှ စိုက်ပျိုးရောင်းချနေသော သစ်သီးဝလံများအနက် ဖရဲ၊ သခွား၊ စပျစ်အစရှိသော သစ်သီးများကို အိမ်နီးချင်း တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိရာ မူဆယ်မြို့နယ် (၁၀၅) မိုင် ကုန်စည်ကူးသန်း ရောင်းဝယ်ရေးဇုန်မှ တစ်ဆင့် အဓိက တင်ပို့လျက်ရှိသည်။ သစ်သီးဝလံတင်ပို့ရာတွင် ကြုံတွေ့ရသော အခက်အခဲတစ်ရပ်မှာ သီးနှံရာသီချိန်များ ရောက်ရှိချိန်တွင် ကုန်သွယ်ရေးဇုန်၌ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို တွေ့ကြုံနေရခြင်းဖြစ်ကြောင်း ကုန်စည်ဒိုင်အချို့မှ သိရသည်။

အထားမခံသော သစ်သီးဈေးကွက်ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံ ကုန်စည်ဖလှယ်ရာတွင် ဒေသတစ်ခုမှတစ်ခုသို့ လျင်မြန်စွာ ကူးပြောင်းတင်ပို့နိုင်ရန် လိုအပ်လျက်ရှိသည်။ သစ်သီးဝလံများကို လတ်လတ်ဆတ်ဆတ် ပို့ဆောင်နိုင်မှ ဈေးကောင်းရမည်ဖြစ်သည်။ တရုတ်နိုင်ငံ ဝမ်တိန်ဘက်ခြမ်းရှိ သစ်သီးဝလံကုန်စည်ဒိုင်၏ တာဝန်ခံအရာရှိတစ်ဦးက ကုန်ပစ္စည်း၏သက်တမ်း၊ ကြာရှည်ထိန်းသိမ်းနိုင်မှုစွမ်းရည်၊ အရသာရှိနေမှုတို့ကို မူတည်၍ ရရှိရောင်းချရသော ဈေးပမာဏ ကွဲပြားသည်ဟု ဆိုသည်။

မူဆယ်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်း (၁၀၅)မိုင်မှ လေလံပြီးမြောက်သွားသော သစ်သီးများကို တစ်ဖက်နိုင်ငံ ဝမ်တိန်ဘက်ခြမ်းသို့ ပို့ဆောင်ရောက်ရှိပြီးချိန်၌ တရုတ်ကုမ္ပဏီ ကုန်စည်ဒိုင်သို့ ရောက်ရှိလာသော သစ်သီးဝလံများကို အချိန်မနှောင့်နှေးစေဘဲ သတ်မှတ် ကုန်စည်စစ်ဆေးလွှဲပြောင်းရာ နေရာများတွင် လွှဲပြောင်းရောင်းချလျက်ရှိသည်။



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ နှစ်တစ်နှစ်၏ ရာသီပေါ်သီးနှံအချိန်ဖြစ်သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ယခုနှစ် မေလအထိ သစ်သီးပွဲရုံများ ပုံမှန်လည်ပတ်ရောင်းဝယ်လျက်ရှိရာ တစ်ရက်လျှင် ကားအစီးရေ ၂၀၀ ဝန်းကျင် ဝင်ရောက်လျက်ရှိသည်။ ယခု အချိန်တွင် မြန်မာနိုင်ငံဘက် မူဆယ်မြို့နယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နှင့် နယ်စပ်ဖြတ်ကျော်ရာ၌ ကုန်သည်များ၊ ကားသမားများ ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းခြင်း၊ တစ်ဖက်နိုင်ငံ၏ စစ်ဆေးမှုတင်းကျပ်ခြင်း၊ နည်းပညာပြောင်းလဲ၍ စစ်ဆေးမှုများကြောင့် အချိန်ကြာမြင့်ပြီး ဖြတ်သန်းသွားသောကားများ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊ ဝမ်တိန်-ကြူကုတ်-ပန်ဆိုင်းလမ်းသည် လမ်းဧရိယာကျဉ်းခြင်းကြောင့် ယာဉ်များသွားလာမှုခက်ခဲခြင်း စသည့် ခက်ခဲကြန့်ကြာမှုများ ကြုံတွေ့နေရသည်။ ထိုသို့ ကြန့်ကြာမှုများရှိနေသောကြောင့် မြန်မာဘက်မှ တရုတ်နိုင်ငံဘက်သို့ အချိန်မီမဝင်ရောက်နိုင်သော သစ်သီးဝလံကားများ များစွာရှိနေသည်ဟုလည်း သိရသည်။

ဝမ်တိန်သစ်သီးကုန်စည်ဒိုင်မှ ကုမ္ပဏီတာဝန်ခံတစ်ဦးက "ဝင်လို့မရတဲ့အတွက် ဒီမှာ စားသုံးသူတွေအတွက် အဆင်မပြေသလို စိုက်ပျိုးကြတဲ့ တောင်သူတွေအတွက်လည်း အဆင်မပြေပါဘူး။ ကျွန်မတို့ ဒီဝမ်တိန်မှာရှိတဲ့ ကုမ္ပဏီမှာဆိုရင် မြန်မာနိုင်ငံသား အလုပ်သမား ၂၀၀၀ ကျော်လောက် ရှိပါတယ်၊ အားလုံးနီးပါးက မြန်မာနိုင်ငံသားတွေပါပဲ၊ ဒီကုမ္ပဏီဝင်း ဧရိယာထဲမှာ ကားအစီးရေ ၈၀၀ လောက်ကို တစ်ချိန်တည်းမှာ ထားနိုင်ပါတယ်၊ ကုမ္ပဏီထဲကိုလာတဲ့ မြန်မာဘက်က သစ်သီးကားတွေအားလုံးကို ကုန်တင်ခ တရုတ်ငွေ ၁၅ ယွမ် ကောက်ခံပါတယ်၊ အခြား ဘာမှမကောက်ခံပါဘူး၊ တရုတ်ဘက်အခြမ်းကကားတွေဆိုရင်တော့ အားလုံးကို သတ်မှတ်ထားတဲ့နှုန်းထားအတိုင်း ကောက်ခံပါတယ်"ဟု ပြောသည်။

အဆိုပါကုမ္ပဏီ၏ ဝင်းအတွင်း၌တွေ့ရသည့် ကားများဖြင့် သစ်သီးတင်ပို့မှုပုံစံမှာ ကားတစ်စီးလျှင် တန် ၁၀၀ သတ်မှတ်ပြီး တင်ပို့သည်ဟု သိရသည်။ ကုမ္ပဏီသို့ တရုတ်နိုင်ငံအတွင်းရှိ မြို့ကြီးများမှ သစ်သီးလာရောက်ဝယ်ယူကြပြီး တင်ပို့ရာတွင် တရုတ်နိုင်ငံရှိ ရှီးစန်းနှင့် ဟိုင်နန်မြို့ကြီးတို့မှလွဲ၍ ကျန်မြို့အားလုံးသို့ တင်ပို့ရောင်းချနေကြောင်းလည်း အဆိုပါ ကုမ္ပဏီ တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

**ဟန်ဌေး (လားရှိုး)**

## သတင်းတိုများ

### ပိတ်ရက်အတွင်း ကလောမြို့၌ ခရီးသွားဧည့်သည်များ စည်ကားနေ

**ကလော ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ်သို့ ယခုနှစ် နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုသည် ယခင်နှစ်များထက် ပိုမိုများပြားလျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။

နှစ်သစ်ကူးရုံးပိတ်ရက် လေးရက်အတွင်း၌ ကလောမြို့နယ်မှ အထင်ကရနေရာများဖြစ်သည့် အမှတ်(၈)ရပ်ကွက် နီးဘုရားကျောင်း၊ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားနှင့် မြင်းမထိကျေးရွာရှိ ဥဏ္ဏလုံမွေ့ရှင်တော် ကိန်းဝပ်စံပယ်ရာ သဘာဝလိုဏ်ဂူဘုရားများသို့ မြန်မာနိုင်ငံအနှံ့မှ ဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိပြီး မြင်းမထိကျေးရွာရှိ သဘာဝလိုဏ်ဂူတွင် ပြည်တွင်းသာမက ပြည်ပနိုင်ငံခြားသားဧည့်သည်များပါ လာရောက်လည်ပတ်မှုများနေကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

### မြန်မာ့သိုင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

အောင်မြေသာစံမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောင်မြေမန္တလာ အားကစားခန်းမ၌ ဇန်နဝါရီ ၁ ရက် ညနေပိုင်းက ကျင်းပရာ မြို့နယ်အတွင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာသိုင်းဆပ်ကော်မတီ နာယက ဦးတင်ဖေ၊ ဥက္ကဋ္ဌ ဦးမောင်နှင့် ဒိုင်လူကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားအရာရှိ ဒေါ်စန်းစန်းအေးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး သက်ကြီးတန်း ၆၁-၆၅ ကီလိုတန်းပွဲမှ ပထမဆုရ အောင်သက်ဖြိုး၊ ဒုတိယဆုရ သန့်စင်ဝင်းနှင့် တတိယဆုရ ဇော်ထွန်းဦး၊ ၅၇-၆၁ ကီလိုတန်းပွဲမှ ပထမဆုရ မောင်ဝေယံ၊ ဒုတိယဆုရ ဖြိုးမင်းပိုင်နှင့် တတိယဆုရ အောင်ဇော်မိုး၊ ၄၀-၄၃ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ပြည့်ဖြိုးမောင်၊ ဒုတိယဆုရ ညီရဲထက်နှင့် တတိယဆုရ ပိုင်သူကို၊ ၄၄-၄၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ကောင်းသန်းမင်း၊ ဒုတိယဆုရ စိုင်းပီးခမ်း၊ တတိယဆုရ လင်းလက်ခိုင်၊ အထူးပွဲတွင် ပထမဆုရသူ သီဟညွန့်၊ ပိုင်ဇေကျော်နှင့် ဂျူးဂျူးမောင်၊ ဒုတိယဆုရ သီရိကျော်နှင့် ဇူးဇူးစံတို့အား ဆုတံဆိပ်၊ ဆုဖလားနှင့် ဆုငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ သိုင်းအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် မြို့နယ်အားကစားအရာရှိ ဒေါ်စန်းစန်းအေးတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

### လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ ငဖဲမြို့၌ကျင်းပ

**ငဖဲ ဇန်နဝါရီ ၂**

(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် 'လွတ်လပ်ရေးအမွေ ထိန်းသိမ်းစို့လေ' ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို မင်းဘူးခရိုင် ငဖဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ရွဲခန်းမ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၂ ဦးနှင့် အလယ်တန်းအဆင့်တွင် ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲမှ အဆင့်အလိုက် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်သည်။


**မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့ရှိ သမိုင်းဝင်ဘုရားများသို့ ဘုရားဖူးလာရောက်သူ များပြားလျက်ရှိ

**ပခုက္ကူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ သမိုင်းဝင် တန်ခိုးကြီး ဘုရားများဖြစ်သည့် သီဟိုဠ်ရှင်ဘုရား၊ ရွှေကူဘုရား၊ ဖောင်တော်ဦးဘုရားနှင့် ရွှေမုဋ္ဌောဘုရားတို့သို့ ဒီဇင်ဘာ ၃၀ ရက်မှစ၍ ပြည်တွင်းမှ ဘုရားဖူးလာသူများ များပြားလျက်ရှိကြောင်း သိရသည်။

"မိသားစု၊ ဆွေမျိုးတွေနဲ့အတူ သမိုင်းဝင် ပုဂံဘုရားတွေကို ဖူးမြော်မယ်လို့ စိတ်ကူးခဲ့ကြတာပါ၊ အခွင့်အရေးရှိတုန်း ပခုက္ကူမြို့မှာလည်း သမိုင်းဝင်တန်ခိုးကြီးဘုရားတွေရှိတာနဲ့ လာဖူးဖြစ်တာပါ၊ ခုလိုကိုယ်တိုင်လာရောက်ဖူးမြော်ရာမှာ အရင်က သူငယ်ချင်းတွေလာဖူးကြပြီး လိုင်းပေါ်တင်ထားတာတွေထက်ကို ပိုပြီး စိတ်လှုပ်ရှားစရာပါလားလို့ စိတ်ကူးမိပါတယ်၊ ကိုယ်တိုင်လာတာကြောင့် ပခုက္ကူမြို့ရဲ့ဒေသန္တရအချက်အလက်တွေ၊ ရာသီဥတုအခြေအနေတွေကိုလည်း သိရတယ်၊ ကျွန်တော်တို့က နယ်ဝေးကနေလာတာကြောင့် နောက်ထပ် လာရောက်ဖူးမြော်ခွင့်ရဖို့ မလွယ်ပါဘူး၊ တကယ်လို့ အခွင့်အရေးများရှိခဲ့ရင် နောက်တစ်ခါ လာချင်ပါသေးတယ်"ဟု ရှမ်းပြည်နယ်မှ ဘုရားဖူးလာရောက်သည့် ရှမ်းတိုင်းရင်းသား စိုင်းခမ်းလူက ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်မှလာရောက်လည်ပတ်သူ မမြင့်မြတ်စိုးကလည်း "ကျွန်မက ရန်ကုန်မြို့ကဆိုတော့ မြန်မာနိုင်ငံအောက်ပိုင်းက သမိုင်းဝင်ဘုရားတွေနဲ့ အထင်ကရနေရာ တော်တော်များများကို အလည်အပတ် သွားရောက်ဖူးပါတယ်၊ အခုက ဘုရားဖူးခရီးသွားဖို့ဆိုပြီး ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်ကစထွက်ပြီး မန္တလေးမြို့ စစ်ကိုင်းမြို့နဲ့ မုံရွာမြို့က အထင်ကရနေရာတွေကို လည်ပတ်ပြီး ပခုက္ကူမြို့က သမိုင်းဝင်ဘုရားတွေကို ဖူးမြော်ဖို့လာတာပါ"ဟု ပြောသည်။

ဒီဇင်ဘာ ၃၀ ရက်ကစ၍ ပခုက္ကူမြို့ပေါ်ရှိ ရွှေမုဋ္ဌောဘုရားအပါအဝင် သမိုင်းဝင်ဘုရားများသို့ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ပြည်သူများ လာရောက်လည်ပတ် ဘုရားဖူးလျက်ရှိသလို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အစုအဖွဲ့အလိုက် လာရောက်မှုများလည်းရှိနေ၍ ဘုရားဖူးသူများဖြင့် စည်ကားကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

## ရေတာရှည်မြို့နယ်မှတောင်သူများအား ဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်

**ရေတာရှည် ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဘေး၌ သဲဖုံးခြင်းနှင့် ချောင်းရေတိုက်စားခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည့် တောင်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ မျိုးစေ့ဖိုး ထောက်ပံ့ငွေနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်နေသော အရေးပေါ်တုံ့ပြန်မှုစီမံကိန်း(Immediate Response Mechanism-IRM)အစီအစဉ်မှ ဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို ဆွာမြို့အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။




ထောက်ပံ့ငွေနှင့် မြေသြဇာအိတ်များ ပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က ဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက မျိုးစေ့ဖိုးထောက်ပံ့ငွေ ကျပ် ၅၉ သန်းကျော်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဓာတ်မြေသြဇာအိတ်များကို ဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ပြီး ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ရေတာရှည်မြို့နယ် သဘာဝဘေးကော်မတီအဖွဲ့နှင့် သဘာဝဘေးသင့် တောင်သူများထံသို့ ထောက်ပံ့ငွေများနှင့် ဓာတ်မြေသြဇာများကို ပြန်လည်ထောက်ပံ့ပေးအပ်ခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ပဲခူးတိုင်းဒေသကြီးတစ်ခုလုံး၌ သီးနှံမျိုးစုံစိုက်ဧက ၇၇၀၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး မိုးစပါးစိုက်ခင်းဧကအများအပြားလည်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ပျက်စီးခဲ့မှုများအနက် ရေတာရှည်မြို့နယ်အတွင်းမှ ဆွာချောင်းဘေး သဲဖုံးခြင်းနှင့် ချောင်းရေတိုက်စား၍ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သော မြေဧရိယာ ၁၄၆၁ ဧကအတွက် စိုက်ပျိုးမြေငါးဧကလျှင် ဓာတ်မြေသြဇာ တစ်အိတ်နှုန်းဖြင့် ၂၉၂ အိတ်၊ မျိုးစပါးတစ်တင်းလျှင် ကျပ် ၉၀၀၀ နှုန်းဖြင့် ၁၅၃ ဒသမ ၃ တင်းအတွက် ကျပ် ၁ ဒသမ ၃၇၉၇ သန်းနှင့် အခြားသီးနှံ ရှစ်မျိုးအတွက် ကျပ် ၅၈ သန်းကျော်တို့ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးတက္ကသိုလ်
# (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးတက္ကသိုလ်က ကျင်းပခဲ့သည့် (ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီး၊ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန် လျှောက်ထားကြသူများအတွက် မန္တလေးတက္ကသိုလ် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို -မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

**(က) ဘွဲ့နှင်းသဘင် (၁၉-၁-၂၀၁၉) ရက် (နံနက်ပိုင်း) (ပထမပိုင်း)အစီအစဉ်**
**နံနက် ၉:၀၀ နာရီ**

ပါရဂူဘွဲ့ - မြန်မာစာ၊ အရှေ့တိုင်းပညာ၊ ဘူမိဗေဒအားလုံး
မဟာသုတေသနဘွဲ့ (၁၇-၁၈) ပညာသင်နှစ် - သမိုင်း၊ ရူပဗေဒ၊ နျူကလီယရူပဗေဒအားလုံး
မဟာဝိဇ္ဇာဘွဲ့ (၁၇-၁၈)ပညာသင်နှစ် (၂၀၁၈ ခုနှစ်၊ မတ်လ) - အင်္ဂလိပ်စာအားလုံး
မဟာသိပ္ပံဘွဲ့ (၁၇-၁၈)ပညာသင်နှစ် (၂၀၁၈ခုနှစ် မတ်လ) - ဇီဝဓာတုဗေဒအားလုံး
မဟာဥပဒေဘွဲ့ (၁၇-၁၈)ပညာသင်နှစ် (၂၀၁၈ခုနှစ် မတ်လ) - ဥပဒေပညာအားလုံး
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - မြန်မာစာ၊ ရှေးဟောင်းသုတေသနပညာအားလုံး
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သင်္ချာ၊ ရက္ခဗေဒအားလုံး
ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ၊ နိုင်ငံရေးသိပ္ပံအားလုံး
သိပ္ပံဘွဲ့ - ရူပဗေဒ၊ ဘူမိဗေဒအားလုံး
ဒီပလိုမာဘွဲ့ - (D.A.Psy) အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (၄/၂၀၁၆)အားလုံး
- (DOS) အရှေ့တိုင်းပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (၆/၂၀၁၇)အားလုံး
- (DIR) နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (၆/၂၀၁၇) ခုံအမှတ် (DIR -၁ မှ ၅၈ ထိ)
- (DBS) လုပ်ငန်းသုံးစီးပွားရေးပညာဒီပလိုမာဘွဲ့ (၈/၂၀၁၇) ခုံအမှတ် (DBS -၁ မှ ၅၇ ထိ)
- (DIL) အပြည်ပြည်ဆိုင်ရာဥပဒေဒီပလိုမာဘွဲ့ (၆/၂၀၁၇)အားလုံး

**(ခ) ဘွဲ့နှင်းသဘင် (၁၉-၁-၂၀၁၉) ရက် (မွန်းလွဲပိုင်း) (ဒုတိယပိုင်း)အစီအစဉ်၊**
**မွန်းလွဲ (၂:၀၀) နာရီ**

ပါရဂူဘွဲ့ - အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ သင်္ချာ၊ ရက္ခဗေဒအားလုံး
မဟာသုတေသနဘွဲ့ (၁၇-၁၈)ပညာသင်နှစ် - ဥပဒေပညာ၊ သင်္ချာအားလုံး
မဟာဝိဇ္ဇာဘွဲ့ (၁၇-၁၈)ပညာသင်နှစ် (၂၀၁၈ခုနှစ် စက်တင်ဘာလ) - မြန်မာစာ၊ ရှေးဟောင်းသုတေသနပညာအားလုံး
မဟာသိပ္ပံဘွဲ့ (၁၇-၁၈)ပညာသင်နှစ် (၂၀၁၈ခုနှစ် စက်တင်ဘာလ) - ရူပဗေဒ၊ နျူကလီယရူပဗေဒ၊ သတ္တဗေဒအားလုံး
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - ပထဝီဝင်၊ ဒဿနိကဗေဒအားလုံး
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဓာတုဗေဒ၊ ဘူမိဗေဒအားလုံး
ဝိဇ္ဇာဘွဲ့ - ပထဝီဝင်၊ သမိုင်းအားလုံး
သိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒအားလုံး
ဒီပလိုမာဘွဲ့ - (Dip:E.L.T) အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာဘွဲ့အားလုံး
- (PGDGIS) ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ်ဘွဲ့လွန်ဒီပလိုမာဘွဲ့ (၃/၂၀၁၇)အားလုံး
- (DIR) နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (၆/၂၀၁၇) ခုံအမှတ် (DIR -၅၉မှ နောက်ဆုံးထိ)
- (DBS) လုပ်ငန်းသုံးစီးပွားရေးပညာဒီပလိုမာဘွဲ့ (၈/၂၀၁၇) ခုံအမှတ် (DBS -၅၈မှ နောက်ဆုံးထိ)
- (DBL) စီးပွားရေးဥပဒေဒီပလိုမာဘွဲ့ (၁၆/၂၀၁၇) ခုံအမှတ် (DBL -၂မှ ၉၄ထိ)

**(ပထမပိုင်း၊ ဒုတိယပိုင်း)- အစမ်းလေ့ကျင့်ရက် (၁၈-၁-၂၀၁၉) ရက် နံနက် ၉:၀၀ နာရီ**

**(ဂ) ဘွဲ့နှင်းသဘင် ၂၀-၁-၂၀၁၉ရက် (နံနက်ပိုင်း) (တတိယပိုင်း) အစီအစဉ်**
**နံနက် ၉:၀၀ နာရီ**

ပါရဂူဘွဲ့ - ပထဝီဝင်၊ ဥပဒေပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ သတ္တဗေဒအားလုံး
မဟာသုတေသနဘွဲ့ (၁၇-၁၈) ပညာသင်နှစ် - အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အားလုံး
မဟာဝိဇ္ဇာဘွဲ့ (၁၇-၁၈) ပညာသင်နှစ် (၂၀၁၈ ခုနှစ် စက်တင်ဘာလ) - သမိုင်းအားလုံး
မဟာသိပ္ပံဘွဲ့ (၁၇-၁၈) ပညာသင်နှစ် (၂၀၁၈ ခုနှစ် စက်တင်ဘာလ) - သင်္ချာ၊ ရက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဘူမိဗေဒအားလုံး
ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့ - အင်္ဂလိပ်စာ၊ စိတ်ပညာ၊ နိုင်ငံရေးသိပ္ပံအားလုံး
သိပ္ပံ (ဂုဏ်ထူး)ဘွဲ့ - သတ္တဗေဒ၊ ကွန်ပျူတာသိပ္ပံအားလုံး
ဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒ၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာအားလုံး
သိပ္ပံဘွဲ့ - ရက္ခဗေဒ၊ ကွန်ပျူတာသိပ္ပံအားလုံး
ဒီပလိုမာဘွဲ့ - (DTSM) ခရီးသွားလုပ်ငန်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဒီပလိုမာဘွဲ့ (၇/၂၀၁၇)အားလုံး
- (DPS) နိုင်ငံရေးသိပ္ပံဘွဲ့လွန်ဒီပလိုမာဘွဲ့ (၄/၂၀၁၇) အားလုံး
- (DIM) ရောင်းဝယ်ဖြန့်ဖြူးမှုပညာဒီပလိုမာဘွဲ့ (၁/၂၀၁၇) ခုံအမှတ် (DIM ၁မှ ၄၇ထိ)
- (DBL) စီးပွားရေးဥပဒေဒီပလိုမာဘွဲ့ (၁၆/၂၀၁၇) ခုံအမှတ် (DBL ၉၅မှ ၁၆၆ထိ)

**(ဃ) ဘွဲ့နှင်းသဘင် ၂၀-၁-၂၀၁၉ရက် (မွန်းလွဲပိုင်း) (စတုတ္ထပိုင်း) အစီအစဉ်၊ မွန်းလွဲ ၂:၀၀နာရီ**

ပါရဂူဘွဲ့ - သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ အားလုံး
မဟာသုတေသနဘွဲ့ (၁၇-၁၈) ပညာသင်နှစ် - သတ္တဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ အားလုံး
မဟာဝိဇ္ဇာဘွဲ့ (၁၇-၁၈) ပညာသင်နှစ် (၂၀၁၈ ခုနှစ် စက်တင်ဘာလ) - အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အားလုံး
မဟာသိပ္ပံဘွဲ့ (၁၇-၁၈) ပညာသင်နှစ် (၂၀၁၈ ခုနှစ် စက်တင်ဘာလ) - ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အားလုံး
မဟာဥပဒေဘွဲ့ (၁၇-၁၈) ပညာသင်နှစ် (၂၀၁၈ ခုနှစ် စက်တင်ဘာလ) - ဥပဒေပညာအားလုံး
ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ - သမိုင်း၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒအားလုံး
သိပ္ပံ (ဂုဏ်ထူး) ဘွဲ့ - ရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒအားလုံး
ဝိဇ္ဇာဘွဲ့ - မြန်မာစာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာအားလုံး
သိပ္ပံဘွဲ့ - သင်္ချာ၊ သတ္တဗေဒအားလုံး
ဥပဒေဘွဲ့ - ဥပဒေပညာအားလုံး
ဒီပလိုမာဘွဲ့ - (DIM) ရောင်းဝယ်ဖြန့်ဖြူးမှုပညာဒီပလိုမာဘွဲ့ (၁/၂၀၁၇) ခုံအမှတ် (DIM ၄၈မှ နောက်ဆုံးထိ)
- (DBL) စီးပွားရေးဥပဒေဒီပလိုမာဘွဲ့ (၁၆/၂၀၁၇) ခုံအမှတ် (DBL ၁၆၇ မှ နောက်ဆုံးထိ)

**(တတိယပိုင်း စတုတ္ထပိုင်း) အစမ်းလေ့ကျင့်ရက် ၁၈-၁-၂၀၁၉ ရက် မွန်းလွဲ ၂:၀၀ နာရီ**

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ၁၈-၁-၂၀၁၉ရက် ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲတွင် ထုတ်ပေးမည်ဖြစ်၍ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူကြမည့်သူများအားလုံး အစမ်းလေ့ကျင့်ပွဲကို မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြရမည်ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာနှင့် အစမ်းလေ့ကျင့်ပွဲတက်ရောက်ခွင့်ပြုသည့် လက်မှတ်များကို ၁၉-၁-၂၀၁၉ ရက်တွင် ဘွဲ့ယူသူများအတွက် ၁၅-၁-၂၀၁၉ ရက်မှစ၍လည်းကောင်း၊ ၂၀-၁-၂၀၁၉ ရက်တွင် ဘွဲ့ယူသူများအတွက် ၁၆-၁-၂၀၁၉ ရက်မှစ၍လည်းကောင်း၊ ဘွဲ့ကြေးငွေသွင်းပြေစာ/နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)တင်ပြ၍ မန္တလေးတက္ကသိုလ် (ပင်မ)စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် (မြန်မာ့ထဘီ၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို (အပြည့်အစုံ) ဝတ်ဆင်၍ တက်ရောက်ကြရမည်ဖြစ်ပါသည်။

(ခင်မောင်လွင်)
မော်ကွန်းထိန်းအဆင့် (၁)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
မန္တလေးတက္ကသိုလ်

---

# THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF CONSTRUCTION
## DEPARTMENT OF BRIDGE
### Invitation for Prequalification

**Date: 7th January 2019**
Loan Agreement No.: MY-P15
**IFP No: MYA/MOC/EWEC/PACKAGE2/PQ**

1. The Government of the Republic of the Union of Myanmar has received a Loan from Japan International Cooperation Agency toward the cost of the East-West Economic Corridor Improvement Project. It is intended that part of the proceeds of this Loan will be applied to eligible payments under the contract resulting from the bidding for which this prequalification is conducted.
2. The Department of Bridge, Ministry of Construction, Myanmar intends to prequalify contractors and/or firms for **Package-2, Construction of Gyaing Zathapyin & Atran Bridges.**
3. It is expected that Invitation for Bids will be made in **the end of March 2019.**
4. Prequalification will be conducted through procedures in accordance with the applicable Guidelines for Procurement under Japanese ODA Loans, and is open to all Applicants from eligible source countries, as defined in the Loan Agreement.
5. Interested eligible Applicants may obtain further information from and inspect the Prequalification Documents at the office of Director General, Department of Bridge, Ministry of Construction from **10:00 hrs. to 14:00 hrs. on working days till 21st January 2019.**
6. A complete set of the Prequalification Documents may be purchased by interested Applicant(s) on the submission of a written Application to the address above and upon payment of a nonrefundable **fee of 500 USD.**
7. Applications for prequalification should be **submitted** in sealed envelopes, delivered to the address above by **21st February 2019**, and be clearly marked "Application to Prequalify for East West Economic Corridor Improvement Project (EWEC) for Package-2, Construction of Gyaing Zathapyin and Atran Bridges.

U Shwe Lay
Director General
Department of Bridge, Ministry of Construction
Building No.11, Nay Pyi Taw, MYANMAR
+95-67-407069, 67-407514, +95-9-448541027
Email: mrshwelay@gmail.com, irsection.dob.moc@gmail.com

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် Asian Development Bank (ADB)၏ ချေးငွေဖြင့် စီမံချက်ဝင် မြို့နယ်(၁၂)မြို့နယ်အတွက် ဆေးရုံသုံးစက်ပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ Package နှစ်ခုဖြစ်သော NCB 3 (Equipment for District Laboratories) နှင့် NCB 5 (Equipment for Regional Laboratories) များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၁၉ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၂-၂၀၁၉ ရက် ညနေ ၃:၀၀ နာရီ
**ဆက်သွယ်ရန် ဖုန်း**- ၀၆၇-၃၄၁၁၅၁၀၊ ၀၆၇-၃၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့် မော်တော်ယာဉ်ဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အောက်ပါယာဉ်၊ စက်၊ ယန္တရားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | ယာဉ်၊ စက်၊ ယန္တရားအမျိုးအစား | ဝယ်ယူမည့် အရေအတွက် | လျှောက်လွှာ(၁)စုံ ဈေးနှုန်း (ကျပ်) |
|---|---|---|---|
| (က) | Car Crane (10 Ton) | ၃ | ၁၀၀၀၀/- |
| (ခ) | Container Box (2.7-3.5)tons | ၃ | ၁၀၀၀၀/- |
| (ဂ) | Dozer (20 tons) | ၁ | ၁၀၀၀၀/- |
| (ဃ) | Mechanical Road Sweeper | ၁ | ၁၀၀၀၀/- |
| (င) | Track Paver | ၁ | ၁၀၀၀၀/- |
| (စ) | ပုဇင်းခေါင်း | ၂ | ၂၀၀၀/- |
| (ဆ) | Emulsion Asphalt Machine | ၁ | ၁၀၀၀၀/- |
| (ဇ) | Road Sweeper (Small) | ၁ | ၁၀၀၀၀/- |
| (ဈ) | Fuel Bowser ၄၂၀၀ ဂါလန်ဆံ့ | ၁ | ၅၀၀၀/- |
| (ည) | Backhoe (20)tons | ၁ | ၁၀၀၀၀/- |
| (ဋ) | Excavator Backhoe (Wheel) (8-15 tons) | ၂ | ၁၀၀၀၀/- |
| (ဌ) | Excavator Backhoe (Chain) (6 tons) | ၂ | ၁၀၀၀၀/- |
| (ဍ) | Chain Backhoe (3.5 tons) | ၂ | ၁၀၀၀၀/- |
| (ဎ) | Mixer $6m^3$ (Hino-Japan) | ၁ | ၁၀၀၀၀/- |
| (ဏ) | Fork Lift (5 tons) (Japan) | ၁ | ၅၀၀၀/- |
| (တ) | Loader (3 tons) | ၁ | ၅၀၀၀/- |

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၉ ရက်
၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၂-၁-၂၀၁၉ ရက်
၄။ **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန
၅။ **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်/အချိန်** - ၃၀-၁-၂၀၁၉ ရက် နံနက် ၀၉:၀၀ နာရီ
၆။ **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - ၂၆လမ်း၊ ၇၁×၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ

၇။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**

---

# စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## (ဘွိုင်လာစစ်ဆေးရေး)
## ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း (၁/၂၀၁၉)ကို ၁၄-၁-၂၀၁၉ရက်မှ ၂၂-၂-၂၀၁၉ရက်ထိ ဖွင့်လှစ်ပို့ချသွားပါမည်။ ၎င်းသင်တန်းကို တက်ရောက်လိုသူ ပြင်ပသင်တန်းသားများသည် အနိမ့်ဆုံးအခြေခံပညာအလယ်တန်းအောင်မြင်ရန် လိုအပ်ပြီး အောက်ပါသင်တန်းဌာနသို့ ၁၁-၁-၂၀၁၉ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းလျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဘွိုင်လာသင်တန်းဌာန** - **အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၁၉၈၇၊ ၀၉-၉၇၇၇၇၉၂၆၆**
**၀၉-၉၆၉၂၇၂၇၂၉**


ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
23 မဆလာ (ဇာတ်ဆင်အမွှေးအကြိုင်)
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆



"တတ်တိုင်းသင်၍ သင်တိုင်းတတ်စေအံ့"
ဂုဏ်ထူးဦးသိန်းနိုင်
အစဉ်အလာကြီးမားလှစွာသော...
[ဝိဇ္ဇာ။ တန်းစဉ်မြန်မာစာဂုဏ်ထူး]
နွေသဒ္ဒါနှင့်စာစီစာကုံးတန်းခွဲများစွာ
မတ် ၉ ဖွင့်မည်
● ဆရာကြီးကိုယ်တိုင်သင်သည်။ (စတုတ္ထတန်း၊ အလယ်တန်း၊ အထက်တန်းများ)
● ဤနွေ၃ လနှင့်ပင်မြန်မာစာကိုအခြေခံကျကျတတ်မြောက်စေသည်။
● အဌမတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်း သင်ရိုးပြတ်တန်းခွဲများ
မှတ်ချက်။ ယခင်နှစ်တွင် နေရာမရလိုက်သူများကို အထူးဦးစားပေးပါမည်။
ကျောင်းအပ်လက်ခံပြီ
ဂုဏ်ထူးမြန်မာစာ အမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်။ ဖုန်း ၀၉ ၅၀၁ ၂၆၁၁၊ ၀၁ ၃၇၅၅၀၉၊



အားလုံးအတွက် MCC
MCC.i
မိဘတိုင်းဟာ သားသမီးတွေအတွက်
ဘဝအာမခံချက် ရစေခြင်တာအဓိကပါပဲ. .
လူငယ်တွေဘဝ အာမခံချက်ရဖို့ အချိန် (၄)နှစ်ပေးရင်ရပါပြီ။
◆ ပထမနှစ် – ကွန်ပျူတာဒီပလိုမာ (Level - 4)
◆ ဒုတိယနှစ် – အဆင့်မြင့်ကွန်ပျူတာ ဒီပလိုမာ (Level - 5)
◆ တတိယနှစ် – B.Sc (Hons:) Business IT University of Greenwich, UK (ကွန်ပျူတာသိပ္ပံဒီဂရီ)
◆ စတုတ္ထနှစ် – MCC မှ အလုပ်ခန့်ထားပေးတဲ့အတွက် အလုပ်ရပါပြီ
– အလုပ်လုပ်ရင်း စနေ – တနင်္ဂနွေနေ့တွေမှာ MBA (Strategic IT) သင်တန်းကို တက်နိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။
ကဲ . . ဘာလိုသေးလဲ . . .
အချိန်ရှိသေးတယ် အမြန်ဆက်သွယ်ပါ
(၄) နှစ်ပြီးတဲ့အခါ ကွန်ပျူတာနဲ့ ပါတ်သက် တဲ့ B.Sc (Hons:) Business IT ဘွဲ့ ရော MBA ဘွဲ့ရောရပြီး အလုပ်ပါရလို့ ဘဝအာမခံချက် ရသွားပြီပေါ့ . .
Enroll Now January 2019 Intake
HOT LINE 01-246634, 01-249152
MCC Institute (Ygn)Tel : 01-246634,01-249152, 01-652236
MCC Institute (Mdy)Tel : 09-402671562, 09-441034062
MCC Institute (NPT)Tel : 09-254148940, 09-31354842,09-457733191


**ပျောက်ဆုံးကြောင်း**
ကျွန်တော်ဘိုသိန်း (ဘ)ဦးတင်ဝင်း ၉/တကန(နိုင်)၁၃၅၉၃၅၏ မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဘိုသိန်း ဖုန်း-၀၉-၂၅၄၂၂၀၉၉၅

မီး သတိပြု

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၆)နှင့် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကျင်းပ






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၆)နှင့် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် ဇန်နဝါရီ ၂**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၆)နှင့် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား သင်တန်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ *စာမျက်နှာ ၇ ကော်လံ ၁* ❖

## မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် ဇန်နဝါရီလကုန် ခန့်အပ်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လစ်လပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်ကို ဇန်နဝါရီလကုန်တွင် ခန့်အပ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် နောက်ဆုံးတာဝန်ယူခဲ့သည့် ဂျာမန်လူမျိုးနည်းပြ အန်တွမ် နီဟေးနှင့် ၂၀၁၈ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲအပြီးတွင် လမ်းခွဲခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နည်းပြသစ်တစ်ဦး ရှာဖွေနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်ကိုလည်း နိုင်ငံခြားသားနည်းပြခန့်အပ်မည်ဖြစ်ပြီး လာရောက်လျှောက်ထားသူ များပြားနေသလို နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန် (ဘယ်လ်ဂျီယံ)၏ အဆက်အသွယ်ဖြင့်လည်း နည်းပြသစ် ရှာဖွေလျက်ရှိသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❄




၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့၌ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) သစ္စာအားမာန်အမျိုးသမီးအသင်း ထိပ်ဆုံးရောက်လာ

စာ ၁၂

BAHOSI
BAHOSI HOSPITAL

# Congratulations

## 25th Anniversary of Bahosi Hospital

ဗဟိုရိရှစ်ဆေးရုံ၏ ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုကဏ္ဍတွင် (၂၅) နှစ်ပြည့် နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Option Endoscopic Centre (OEC)
Bahosi Fertility Centre
Bahosi CT
Bahosi Interventional Radiology Centre